အထက်တန်း။

# ဗုဒ္ဓဘာသာသင်ခန်းစာ။

(တပည့်များအတွက်။)

HIGH DEPARTMENT

# BUDDHIST RELIGIOUS INSTRUCTION

FOR STUDENTS

RANGOON

SUPDT., GOVT. PRINTING AND STATIONERY, BURMA

1940

Price,—Annas 2 = 2d.]

အဘိုး ၂ ပဲ။

## အထက်တန်း။

# ဗုဒ္ဓဘာသာသင်ခန်းစာ။

(တပည့်များအတွက်။)

HIGH DEPARTMENT

# BUDDHIST RELIGIOUS INSTRUCTION

FOR STUDENTS

---

RANGOON
SUPDT., GOVT. PRINTING AND STATIONERY, BURMA
1940

# မာတိကာ။

## အထက်တန်းဗုဒ္ဓဘာသာသင်ခန်းစာ။

### အဋ္ဌမတန်းမာတိကာ။


| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| (၁) | နိဒါနဝဂ္ဂသံယုတ်ပါဠိတော် ... ... ... | ၁။ |
| (၂) | ၎င်းအနက် ... ... ... ... | ၂။ |
| (၃) | ၎င်းအဓိပ္ပါယ် ... ... ... ... | ၃။ |
| (၄) | အနုလောမဒေသနာတော်နည်း ... ... ... | ၆။ |
| (၅) | ပဋိလောမဒေသနာတော်နည်း ... ... ... | ၁၂။ |
| (၆) | ၎င်းအဓိပ္ပါယ် ... ... ... ... | ၁၃။ |
| (၇) | နည်းလေးပါးအကြောင်း ... ... ... | ၁၅။ |
| (၈) | ကုမာရပဉှာသုတ်ပါဠိ ... ... ... | ၁၆။ |
| (၉) | ၎င်းအနက် ... ... ... ... | ၁၆။ |


### နဝမတန်းမာတိကာ။


| | | |
|---|---|---|
| (က) | မဟာသတိပဋ္ဌာနသုတ်မြန်မာပြန် ... ... | ၁၉။ |
| (၁) | ကာယာနုပဿနာသတိပဋ္ဌာန် ... ... ... | ၂၀။ |
| (၂) | ဝေဒနာနုပဿနာသတိပဋ္ဌာန် ... ... ... | ၂၆။ |
| (၃) | စိတ္တာနုပဿနာသတိပဋ္ဌာန် ... ... ... | ၂၈။ |
| (၄) | ဓမ္မာနုပဿနာသတိပဋ္ဌာန် ... ... ... | ၃၀။ |
| (၅) | မဟာသတိပဋ္ဌာန်တရားကိုပွါးများခြင်း၏အကျိုး ... ... | ၄၉။ |
| (၆) | ဓမ္မပဒပါဠိတော်ပဏ္ဍိတဝဂ်ပါဠိအနက် ... ... | ၅၁။ |


### ဒသမတန်းမာတိကာ။


| | | |
|---|---|---|
| (၁) | ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ ... ... ... | ၅၇။ |
| (၂) | ခန္ဓာငါးပါးအဓိပ္ပါယ် ... ... ... | ၅၈။ |
| (၃) | အနိစ္စဝဂ်မြန်မာပြန် ... ... ... | ၆၁။ |
| (၄) | ပရမတ်နှင့်ပညတ်ခွဲခြားပုံ ... ... ... | ၆၇။ |

## အဋ္ဌမတန်းဗုဒ္ဓဘာသာသင်ခန်းစာ။

## နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

### ၁။ ။နိဒါနဝဂ္ဂသံယုတ်ပါဠိတော်။

### တပည့်များဘတ်ရန်။

ဧဝံမေသုတံ။ဧကံသမယံ။ဘဂဝါသာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿအာရာမေ။ တတြခေါ ဘဂဝါဘိက္ခူ အာမန္တေသိ ဘိက္ခဝေါတိ။ ဘဒ္ဒန္တေတိ တေဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ။ ပဋိစ္စသမုပ္ပါဒံ ဝေါဘိက္ခဝေ ဒေသိဿာမိ။ တံသုဏာထ။ သာဓုကံ မနသိကရောထ။ ဘာသိဿာမီတိ။ ဧဝံဘန္တေတိ ခေါ တေဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ဘဂဝါ ဧတဒဝေါစ။

“ကတမောစဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ။ အဝိဇ္ဇာ ပစ္စယာ ဘိက္ခဝေသင်္ခါရာ။ သင်္ခါရ ပစ္စယာဝိညာဏံ။ ဝိညာဏပစ္စယာ နာမရူပံ။ နာမရူပပစ္စယာသဠာယတနံ။ သဠာယတန ပစ္စယာ ဖဿော။ဖဿပစ္စယာဝေဒနာ။ ဝေဒနာပစ္စယာတဏှာ။ တဏှာ ပစ္စယာဥပါဒါနံ။ ဥပါဒါန ပစ္စယာဘဝေါ။ ဘဝပစ္စယာဇာတိ။ ဇာတိပစ္စယာ ဇရာမရဏံ။ သောကပရိဒေဝ ဒုက္ခဒေါမနဿု ပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ အယံဝုစ္စတိဘိက္ခဝေပဋိစ္စသမုပ္ပါဒေါ။ ။ အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂနိရောဓါ သင်္ခါရ နိရောဓော။ သင်္ခါရနိရောဓါ ဝိညာဏနိရောဓော။ ဝိညာဏနိရောဓါ နာမရူပ နိရောဓော။ နာမရူပနိရောဓါ သဠာယတနနိရောဓော။ သဠာယတနနိရောဓါ ဖဿနိရောဓော။ ဖဿနိရောဓါ ဝေဒနာနိရောဓော။ ဝေဒနာနိရောဓါ တဏှာနိရောဓော။ တဏှာနိရောဓါ ဥပါဒါနနိရောဓော။ ဥပါဒါနနိရောဓါ ဘဝနိရောဓော။ ဘဝ နိရောဓါ ဇာတိနိရောဓော။ ဇာတိနိရောဓါ ဇရာမရဏံ သောက ပရိဒေဝဒုက္ခဒေါမနဿု ပါယာသာနိရုဇ္ဈန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿနိရောဓော ဟောတီတိ”။

ဣဒမဝေါစဘဂဝါ အတ္တမနာတေဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။ ။နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်။ ဗုဒ္ဓဝဂ်။ ပထမသုတ်။

## ၂။ ။အနက်ကား။

ဘန္တေ။ အသျှင်မဟာကဿပ။ ဣဒံသုတ္တံ။ ဤဗုဒ္ဓဝဂ် ပထမသုတ်ကို၊ မေမယာ အာနန္ဒတ္ထေရေန။ ကျွန်ုပ် အာနန္ဒာ မထေရ်သည်။ ဘဂဝတော။ မြတ်စွာဘုရားသခင်၏။သမ္မုခါ။ မျက်မှောက်တော်မှ။ ဧဝံ။ဤသို့ဆိုလတ္တံ့သောဒေသနာအစဉ်အားဖြင့်။ သုတံ။ ကြားလိုက်ရပါ၏။ ဥပလက္ခိတံ။ မှတ်လိုက်ရပါ၏။ ဥပဓါရိတံ။ နှုတ်၌ဆောင်လိုက်ရပါ၏။ ဧကံ။တပါးသော။ သမယံ။ အခါ၌။ ဘဂဝါ။မြတ်စွာဘုရားသခင်သည်။ သာဝတ္ထိယံ။သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ။ အနာထပိဏ်သေဋ္ဌေး၏။ အာရမေ။ နှလုံးမွေ့လျော် ပျော်ဘွယ်ရာဖြစ်သော။ ဇေတဝနေ။ဇေတဝန်ကျောင်းတော်၌။ ဝိဟရတိ။ သီတင်းသုံး၍နေတော်မူ၏။တတြခေါ၊ ထိုသို့နေတော်မူစဉ်အခါ၌။ ဘဂဝါ။မြတ်စွာဘုရားသခင်သည်။ဘိက္ခူ။ ရဟန်းအပေါင်းတို့ကို။ဘိက္ခဝေါတိ။သံသရာဘေး၊ လာမည့်ရေးကို။မြော်တွေးရှုတတ်။ငါ့သားမြတ်တို့ဟူ၍။အာမန္တေသိ။အာလုပ်မြွက်ကြား၍ ခေါ်တော်မူ၏။ တေဘိက္ခူ။ ထိုရဟန်းအပေါင်းတို့သည်။ ဘဒ္ဒန္တေတိ။ ဘုန်းတော်ကြီးလှသော အသျှင်ဘုရားဟူ၍။ ဘဂဝတော။ မြတ်စွာဘုရားသခင်အား၊ ပစ္စဿောသုံ။ ပြန်၍လျှောက်ကြားကုန်၏။ ဘဂဝါ။ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား သခင်သည်။ ဧတံဝစနံ။ ဤသို့သော စကားတော်ကို။ အဝေါစ။ မိန့်တော်မူ၏။ဘိက္ခဝေ။ ငါ၏ချစ်သားရဟန်းများတို့။ ဝေါတုမှာကံ။သင်ချစ်သားတို့အား။ပဋိစ္စသမုပ္ပါဒံ။ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို။ဒေသိဿာမိ။ ဟောကြားပေအံ့။ တံ။ ထိုဟောကြားလတ္တံ့သော ပဋိစ္စသမုပ္ပါဒ်တရားတော်ကို။ သုဏာထ။ ရိုရိုသေသေ နာယူကြကုန်လော။ သာဓုကံ။ ကောင်းမွန်စွာ။ မနသိကရောထ။ နှလုံးသွင်းကြကုန်လော့။အဟံ။ ငါဘုရားသခင်သည်။ ဘာသိဿာမိ။ဟောကြားပေတော့အံ့။ ဣတိ။ ဤသို့။ အဝေါစ။

စကားတော်ကိုပလ္လင်ခံ၍ မိန့်ကြားတော်မူ၏။ တေ ဘိက္ခူ။ ထို ရဟန်းအပေါင်းတို့သည်။ ဘန္တေ။ ဘုန်းတော် ကြီးမြတ်လှသော အသျှင်ဘုရား။ ဧဝံ။အမိန့်တော်မြတ်အတိုင်းဦးထိပ်ရွက်ပါဘုရား။ ဣတိ။ဤသို့။ ဘဂဝတော။ ရွှေဘုန်းတော်သခင် ဘုရားရှင်အား။ ပစ္စဿောသုံ။ ဝန်ခံကြကုန်၏။ဘဂဝါ။မြတ်စွာဘုရားသခင်သည်၊ ဧတံဝစနံ။ ဤသို့သော တရားစကားတော်ကို။ အဝေါစ။ ဟော ကြားတော်မူ၏။

"ဘိက္ခဝေ။ ငါ၏ချစ်သား ရဟန်းများတို့။ ပဋိစ္စသမုပ္ပါဒေါ။ ပဋိစ္စသမုပ္ပါဒ် တရားတော်သည်။ ကတမော။ အဘယ်နည်းဟူမူ ကား။ ဘိက္ခဝေ။ရဟန်းတို့၊အဝိဇ္ဇာပစ္စယာ။သစ္စာလေးပါးတရား ကို မသိတတ်သော မောဟဟူသော အကြောင်းကြောင့်။ သင်္ခါ ရာ။ ကာယသင်္ခါရ။ ဝစီသင်္ခါရ။ စိတ္တသင်္ခါရတို့သည်။ သမ္ဘဝန္တိ။ ဖြစ်ကုန်၏။ သင်္ခါရပစ္စယာ။ သင်္ခါရ ဟူသော အကြောင်း ကြောင့်။ ဝိညာဏံ။လောကီဝိပါက်စိတ် သုံးဆယ့်နှစ်ခုဟုဆိုအပ် သော ဝိညာဏ်သည်။ သမ္ဘဝတိ။ ဖြစ်၏။ ဝိညာဏပစ္စယာ။ ဝိညာဏ်ဟူသော အကြောင်းကြောင့်။ နာမရူပံ။ နာမ်ရုပ်သည်။ သမ္ဘဝတိ။ဖြစ်၏။ နာမရူပပစ္စယာ။ နာမ်ရုပ်ဟူသော အကြောင်း ကြောင့်။သဠာယတနံ။ စက္ခာယတန။ သောတာယတန။ ဃာနာ ယတန။ ဇိဝှါယတန။ ကာယာယတန။ မနာယတနသည်။ သမ္ဘဝတိ။ ဖြစ်၏။ သဠာယတနပစ္စယာ။ သဠာယတနဟူသော အကြောင်းကြောင့်။ ဖဿော။ စက္ခုသမ္ဖဿ။ သောတသမ္ဖဿ။ ဃာနသမ္ဖဿ။ ဇိဝှါသမ္ဖဿ။ ကာယသမ္ဖဿ။ မနောသမ္ဖဿသည်။ သမ္ဘဝတိ။ ဖြစ်၏။ ဖဿပစ္စယာ။ ဖဿဟူသော အကြောင်း ကြောင့်။ဝေဒနာ။စက္ခုသမ္ဖဿဇာ ဝေဒနာ။သောတသမ္ဖဿဇာ ဝေဒနာ။ ဃာနသမ္ဖဿဇာ ဝေဒနာ။ ဇိဝှါသမ္ဖဿဇာဝေဒနာ။ ကာယသမ္ဖဿဇာ ဝေဒနာ။ မနောသမ္ဖဿဇာ ဝေဒနာသည်။ သမ္ဘဝတိ။ဖြစ်၏။ ဝေဒနာပစ္စယာ။ဝေဒနာဟူသော အကြောင်း ကြောင့်။တဏှာ။ရူပတဏှာ။သဒ္ဒတဏှာ။ဂန္ဓတဏှာ။ရသတဏှာ။ ဖောဋ္ဌဗ္ဗတဏှာ။ ဓမ္မတဏှာသည်။ သမ္ဘဝတိ။ ဖြစ်၏။ တဏှာ ပစ္စယာ။ တဏှာဟူသော အကြောင်းကြောင့်။ ဥပါဒါနံ။ ကာမု

ပါဒါန်။ ဒိဋ္ဌုပါဒါန်။ သီလဗ္ဗတုပါဒါန်။ အတ္တဝါဒုပါဒါန်သည်။
သမ္ဘဝတိ။ဖြစ်၏။ဥပါဒါနပစ္စယာ။ ဥပါဒါန်ဟူသော အကြောင်း
ကြောင့်။ ဘဝေါ။ဘဝသည်။ သမ္ဘဝတိ။ ဖြစ်၏။ ဘဝပစ္စယာ။
ဘဝဟူသော အကြောင်းကြောင့်။ ဇာတိ။ ပဋိသန္ဓေနေခြင်း
သည်။သမ္ဘဝတိ။ဖြစ်၏။ဇာတိပစ္စယာ။ဇာတိဟူသော အကြောင်း
ကြောင့်။ ဇရာမရဏံ။အိုခြင်း သေခြင်းသည်။ သမ္ဘဝတိ။ ဖြစ်၏။
သောကပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာ။စိုးရိမ်ခြင်း။ငိုကြွေး
ခြင်း။ ဆင်းရဲခြင်း။ နှလုံးမသာယာခြင်း။ ပြင်းစွာပင်ပန်းခြင်းတို့
သည်။သမ္ဘဝန္တိ။ဖြစ်ကုန်၏။ ဧဝံ။ ဤသို့ဆိုအပ်ခဲ့ပြီးသော ပစ္စည်း
အဆက်ဆက်ဟု ဆိုအပ်သော အစီအရင်ဖြင့်။ ကေဝလဿ။
ချမ်းသာ အစရှိသည်တို့နှင့် မရောသော။ ဧတဿ ဒုက္ခက္ခန္ဓဿ။
ထိုဆင်းရဲအစု၏။ သမုဒယော။ ဖြစ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။
ဘိက္ခဝေ။ငါ၏ချစ်သား။ရဟန်းများတို့။ အယံ။ဤတရားကို။ ပဋိစ္စ
သမုပ္ပါဒေါ။ပဋိစ္စသမုပ္ပါဒ်တရားဟူ၍။ဝုစ္စတိ။ဆိုအပ်၏။

အဝိဇ္ဇာယတွေဝ။ အဝိဇ္ဇာ၏သာလျှင်။ အသေသဝိရာဂနိရော
ဓါ။ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့်။ သင်္ခါရနိရော
ဓေါ။ သင်္ခါရတို့၏ချုပ်ခြင်းသည်၊ ဟောတိ။ဖြစ်၏။ သင်္ခါရနိရော
ဓါ။ သင်္ခါရတို့၏ချုပ်ခြင်းကြောင့်။ ဝိညာဏနိရောဓော။ ဝိညာဏ်
တရား၏ ချုပ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ ဝိညာဏနိရောဓါ။
ဝိညာဏ်တရားတို့၏ချုပ်ခြင်းကြောင့်။နာမရူပနိရောဓော။ နာမ်၏
ချုပ်ခြင်း။ ရုပ်၏ချုပ်ခြင်း။ နာမ်ရုပ်၏ချုပ်ခြင်းသည်။ ဟောတိ။
ဖြစ်၏။နာမရူပနိရောဓါ၊နာမ်ရုပ်၏ချုပ်ခြင်းကြောင့်။သဠာယတန
နိရောဓော။ ခြောက်ပါးသော အဇ္ဈတ္တိကာယတန၏ ချုပ်ခြင်း
သည်။ ဟောတိ။ဖြစ်၏။ သဠာယတနနိရောဓါ။ခြောက်ပါးသော
အဇ္ဈတ္တိကာယတန၏ ချုပ်ခြင်းကြောင့်။ ဖဿနိရောဓော။ ဖဿ
တရား၏ ချုပ်ခြင်းသည်။ ဟောတိ။ ဖြစ်၏၊ ဖဿနိရောဓါဖဿ
တရား၏ ချုပ်ခြင်းကြောင့်၊ ဝေဒနာနိရောဓော။ဝေဒနာ တရား
တို့၏ ချုပ်ခြင်းသည်၊ ဟောတိ။ ဖြစ်၏။ ဝေဒနာ နိရောဓါ။
ဝေဒနာ တရားတို့၏ ချုပ်ခြင်း ကြောင့်။ တဏှာ နိရောဓော။
တဏှာတို့၏ ချုပ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ တဏှာနိရောဓါ။

တဏှာတို့၏ ချုပ်ခြင်းကြောင့်။ ဥပါဒါနနိရောဓော။ ဥပါဒါန်တရားတို့၏ချုပ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ ဥပါဒါနနိရောဓါ။ ဥပါဒါန်တရားတို့၏ ချုပ်ခြင်းကြောင့်။ ဘဝနိရောဓော။ ဘဝ၏ချုပ်ငြိမ်းခြင်းသည်။ ဟောတိ။ဖြစ်၏။ ဘဝနိရောဓါ။ ဘဝ၏ချုပ်ငြိမ်းခြင်းကြောင့်။ ဇာတိနိရောဓော။ ဇာတိ၏ချုပ်ငြိမ်းခြင်းသည်။ ဟောတိ။ဖြစ်၏။ ဇာတိနိရောဓါ။ ဇာတိ၏ချုပ်ငြိမ်းခြင်းကြောင့်။ ဇရာမရဏံ။ အိုခြင်းသေခြင်းသည်၎င်း။ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ။ စိုးရိမ်ခြင်း။ ငိုကြွေးခြင်း။ ဆင်းရဲခြင်း။ နှလုံးမသာယာခြင်း။ ပြင်းစွာပင်ပန်းခြင်းတို့သည်၎င်း။ နိရုဇ္ဈန္တိ။ ချုပ်ကြကုန်၏။ ဧဝံ။ ဤသို့ဆိုအပ်ခဲ့ပြီးသော ပစ္စည်းအဆက်ဆက်ဟုဆိုအပ်သောအစီရင်ဖြင့်။ကေဝလဿ။ ချမ်းသာအစရှိသည်တို့နှင့် မရောသော။ ဧတဿဒုက္ခက္ခန္ဓဿ။ ထိုဆင်းရဲအစု၏။ နိရောဓော။ချုပ်ခြင်းသည်။ဟောတိ၊ ဖြစ်၏။

ဣတိဣဒံဝစနံ၊ ဤသို့သော ပဋိစ္စသမုပ္ပါဒ် တရားတော်ကို။ ဘဂဝါ။ မြတ်စွာ ဘုရားသခင်သည်။အဝေါစ။ ဟောမိန့်တော်မူ၏။ ။တေဘိက္ခူ။ထိုရဟန်းအပေါင်းတို့သည်။ အတ္တမနာ။ဝမ်းမြောက်ကုန်သည်ဖြစ်၍။ ဘဂဝတော။ မြတ်စွာဘုရားသခင်၏။ ဘာသိတံ။ ဟောတော်မူအပ်သော တရားတော်ကို။ အဘိနန္ဒုံ။ အလွန်နှစ်သက်ကြကုန်၏။

## ၃။ ။အဓိပ္ပါယ်ကား။

ထိုသို့သော အကြောင်းတရားတို့၏ညီညွတ်ကြခြင်းကိုအစွဲပြု၍ အညီအညွတ်တကွလည်း ဖြစ်ပေါ်တတ်ကုန်သော အကျိုးတရားတို့၏ အကြောင်း အပေါင်းသည် ပဋိစ္စသမုပ္ပါဒ် တရားတော်မည်၏။ထိုပဋိစ္စသမုပ္ပါဒ်တရားတော်သည်။ အနုလောမ ဒေသနာတော်နည်း။ ပဋိလောမဒေသနာတော်နည်းဟူ၍ နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတို့တွင် အဝိဇ္ဇာစသော အကြောင်းတရားတို့ ဖြစ်ပေါ်ခြင်းကြောင့် သင်္ခါရစသော အကျိုးတရားတို့ ဖြစ်ပေါ်ခြင်း

* ဆရာလက်စွဲစာအုပ်၌ မှတ်ချက်ကိုကြည့်ပါ။ ။ပဋိစ္စသမုပ္ပါဒေါတိပစ္စယဓမ္မာ ဝေဒိတဗ္ဗာ။ပဋိစ္စသမုပ္ပန္နာဓမ္မာတိ တေဟိတေဟိပစ္စယေဟိနိဗ္ဗတ္တာဓမ္မာ။ဟူသောဝိသုဒ္ဓိမဂ်စကားကိုလည်းထောက်ပါ။

ကို ဟောတော်မူခြင်းသည် အနုလောမ ဒေသနာတော်နည်း မည်၏။ အဝိဇ္ဇာစသည်တို့ချုပ်ပျက်စီးခြင်းကြောင့် သင်္ခါရ စသည် တို့ ချုပ်ပျက်စီးခြင်းကို ဟောတော် မူခြင်းသည်။ ပဋိလောမ ဒေသနာတော်နည်းမည်၏။

## ၄။ ။အနုလောမဒေသနာတော်နည်း။

(၁) ပဋိစ္စသမုပ္ပါဒ်တရားတော်၌အဝိဇ္ဇာဟူသည်ကား။ ဒုက္ခ သစ္စာ။ သမုဒယသစ္စာ။ နိရောဓသစ္စာ။ မဂ္ဂသစ္စာတည်းဟူသော သစ္စာလေးပါး တရားတို့ကို မသိ မမြင်ခြင်း။ မသိနိုင် မမြင်နိုင် အောင် ဖုံးကွယ်တတ်သော သဘောဟုဆိုအပ်သော မောဟ တရားသည် အဝိဇ္ဇာမည်၏။ ထိုအဝိဇ္ဇာအရင်းခံ ရှိကြကုန်သော သတ္တဝါတို့သည် မျက်စိကန်းသောသူနှင့် အလားတူသဖြင့်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တည်းဟူသော အပါယ်လေးဘုံ တို့၌ ဖြစ်ရာဖြစ်ကြောင်းဖြစ်သော သူတပါးအသက်ကိုသတ်ခြင်း။ အရှင်မပေးသော ဥစ္စာကိုခိုးယူခြင်း။ သူတပါးတို့၏သားမယား တို့ကို ပြစ်မှားခြင်းဟူသော အကုသိုလ် ကာယဒုစရိုက် သုံးပါး။ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း။ ချောပစ် ကုန်းတိုက် ခြင်း။ ကြမ်းကြုတ်သောစကားကိုပြောဆိုခြင်း။ ချမ်းသာစီးပွါးကို ဖျက်ဆီးတတ်သော ပြိန်ဖျင်းသောစကားကိုပြောဆိုခြင်းဟူသော ဝစီဒုစရိုက်လေးပါး။ လောဘ၏အစွမ်းဖြင့် သူတပါးစည်းစိမ်ကို ကြံစည်ခြင်း။ ဒေါသ၏အစွမ်းဖြင့် သူတပါး ပျက်စီးကြောင်းကို ကြံစည်ခြင်း။ မှောက်မှားသောအယူရှိခြင်းဟူသော မနောဒုစရိုက် သုံးပါး။ ဤအကုသလကမ္မပထတရားဆယ်ပါး။ တဆဲ့နှစ်ပါးသော အကုသိုလ်စေတနာဟုဆိုအပ်သော အပုညာဘိသင်္ခါရတရားတို့ကို ပြုလုပ်ကြကုန်၏။ လူ့ဘုံ။ နတ်ဘုံ။ ဗြဟ္မာဘုံတို့၌ ဇာတိဇရာစသော ဝဋ္ဋဒုက္ခ။ ကိလေသဒုက္ခတို့ကိုမမြင်နိုင်ဘဲ။ လူ့ကာမဂုဏ်စသည်တို့ သည် ကောင်းမြတ်ချမ်းသာ၏ဟု မှောက်မှားသော အမြင်ဖြင့်။ ထိုလူ့ဘုံစသည်တို့သို့ ရောက်ရာရောက်ကြောင်းဖြစ်သော သူတ ပါး၏အသက်ကို သတ်ခြင်းမှကြဉ်ရှောင်ခြင်း။ သူတပါး ဥစ္စာကို

* သံသုန်ဟိတဉ္စ ဖလံ တိုဝိသရုတိုဝိနာသေတိ တီသုမှိ၊ အတ္တနောပရေသဉ္စ အနုပကာရံယံကိဉ္စိ တံပလပတိ တေနာတိ သမ္ဖပ္ပလာပေါ၊ ။ဟူသောဋီကာကျော်စကားနှင့်ညီစေသည်။

ခိုးယူခြင်းမှကြဉ်ရှောင်ခြင်း။သူတပါးတို့၏သားမယားကို ပြစ်မှားခြင်းမှ ကြဉ်ရှောင်ခြင်းဟူသော ကာယသုစရိုက်သုံးပါး။ မုသားပြောခြင်းမှကြဉ်ခြင်း။ ချောပစ်ကုန်းတိုက်ခြင်းမှ ကြဉ်ခြင်း။ ကြမ်းကြုတ်သောစကားကို ပြောဆိုခြင်းမှကြဉ်ခြင်း။ ချမ်းသာစီးပွါးကိုဖျက်ဆီးတတ်သော ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ကြဉ်ခြင်းဟူသော ဝစီသုစရိုက်လေးပါး။ လောဘ၏အစွမ်းဖြင့် သူတပါးစည်းစိမ်ကို မကြံစည်ခြင်း။ ဒေါသ၏အစွမ်းဖြင့် သူတပါးပျက်စီးကြောင်းကိုမကြံစည်ခြင်း၊ အယူကိုဖြောင့်မတ်စွာ ယူခြင်းဟူသော မနောသုစရိုက်သုံးပါး။ ဤသုစရိုက်တရား ဆယ်ပါးကို၎င်း။ အလှူပေးခြင်းဒါန။သီလဆောက်တည်ခြင်းသီလ။ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းခြင်းဘာဝနာ။ရတနာသုံးပါး။ဆရာသမား။မိဘစသည်ကို အရိုအသေပြုစုခြင်း။ အပစာယန။ရတနာသုံးပါးဆရာသမားမိဘတို့၏အမှုကြီးငယ်ကိုရွက်ဆောင်ခြင်းဝေယျာဝစ္စ။ မိမိပြုသောကုသိုလ်အဘို့ကို သူတပါးတို့အားဝေခြင်းပတ္တိဒါန။သူတပါး ပြုသော ကုသိုလ်ကောင်းမှုကို ဝမ်းမြောက်ခြင်း ပတ္တာနုမောဒနာ။တရားနာခြင်းဓမ္မသဝန။ မိမိကတရားဟောပြောခြင်းဓမ္မဒေသနာ။အယူကိုဖြောင့်မတ်စွာယူခြင်းဒိဋ္ဌိဇုကမ္မဟူသောပုညကြိယာဆယ်ပါး။ကာမကုသိုလ်ရှစ်ခု။ရူပကုသိုလ်ငါးခုတွင်ရှိသော တဆဲ့သုံးပါးသော စေတနာဟုဆိုအပ်သော ပုညာဘိသင်္ခါရနှင့်တကွ။ အရူပ ကုသိုလ်လေးခု စေတနာဟု ဆိုအပ်သော အာနေဉ္စာဘိသင်္ခါရတို့ကို၎င်း ပြုလုပ်ကြကုန်၏။ ထိုသင်္ခါရ တရားသုံးပါးတို့တွင် အပုညာဘိသင်္ခါရသည် ကာယသင်္ခါရ။ ဝစီသင်္ခါရ။ စိတ္တသင်္ခါရဟူ၍သုံးပါးရှိပြန်၏။ ထိုသုံးပါးတွင် ကာယဒုစရိုက်သုံးပါးသည် ကာယသင်္ခါရ။ ဝစီဒုစရိုက်လေးပါးသည်ဝစီသင်္ခါရ။မနောဒုစရိုက်သုံးပါးသည် စိတ္တသင်္ခါရမည်၏။ ပုညာဘိသင်္ခါရ သည်လည်း ကာယသုစရိုက်သုံးပါးဟူသော ကာယသင်္ခါရ။ ဝစီ သုစရိုက် လေးပါးဟူသောဝစီသင်္ခါရ။မနောသုစရိုက်သုံးပါးဟူသော စိတ္တသင်္ခါရအားဖြင့် သုံးပါးပြားပြန်၏။အာနေဉ္စာဘိသင်္ခါရကား စိတ္တသင်္ခါရ တပါးသာတည်း။ ထိုသို့အပြားရှိသော သင်္ခါရသည် အဝိဇ္ဇာအရင်းခံရှိသောသတ္တဝါတို့အားသာလျှင်ဖြစ်၏။

(၂) သင်္ခါရတရားဖြစ်သော သတ္တဝါတို့အား အသီးသီးလျှင် အပုညာဘိသင်္ခါရကြောင့် အပါယ်လေးဘုံ၌ ပဋိသန္ဓေဝိညာဏ်ဖြစ်ပေ၏။ ပုညာဘိသင်္ခါရကြောင့် ကာမသုဂတိဘုံ ရူပဗြဟ္မာဘုံတို့၌ ပဋိသန္ဓေဝိညာဏ်ဖြစ်ပေ၏ အာနေဉ္ဇာဘိသင်္ခါရကြောင့်အရူပလေးဘုံ၌ပဋိသန္ဓေဝိညာဏ်ဖြစ်ပေရ၏။ ပဋိသန္ဓေဝိညာဏ်ဖြစ်ပေပြီးသည်နောက်အသက်ထက်ဆုံးစက္ခုဝိညာဏ်။ သောတ ဝိညာဏ်။ ဃာန ဝိညာဏ်။ ဇိဝှါ ဝိညာဏ်။ ကာယ ဝိညာဏ်။ မနော ဝိညာဏ် တည်းဟူသော ခြောက်ပါးသော ဝိညာဏဓါတ်တို့သည် မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်ကုန်၏။ ဤသို့လျှင် သင်္ခါရကြောင့် ဝိညာဏ်တရားဖြစ်ပေသတည်း။

(၃) ဝိညာဏ် တရားတည်းဟူသော စိတ်တို့ဖြစ်ပေလျှင်လည်း ဥပမာအားဖြင့် လူစသောသတ္တဝါတို့ရှိလျှင် အရိပ်ရှိဘိသကဲ့သို့ ဝေဒနာသညာ စေတနာ ဖဿ မနသိကာရ ဟူသော စေတသိက် နာမ်တရားတို့သည်၎င်း။ မဟာဘုတ် လေးပါးနှင့်တကွ ထိုမဟာဘုတ် လေးပါးကိုမှီ၍ ဖြစ်သော ဥပါဒါန်ရုပ်တို့တည်းဟူသော ရုပ်တရားတို့သည်၎င်း။ ထိုက်သည်အားလျော်စွာ ဖြစ်ပေလာကြရကုန်၏။ ထိုနာမ်နှင့်ရုပ်တို့တွင် အရူပလေးဘုံ၌ ဝိညာဏ်တရားဖြစ်လျှင် နာမ်တရားသာ ဖြစ်ပေ၏။ ရုပ်တရားမူကား မဖြစ်လေ။ အသညသတ်ဘုံ၌ကား ပုညာဘိသင်္ခါရတည်းဟူသော ပဉ္စမဈာန်ကုသိုလ်စေတနာကြောင့် ဇီဝိတဆက္က။ ဇီဝိတနဝက ကလာပ်ရုပ်တည်းဟူသော ရုပ်တရားမျှသာ ဖြစ်ပေ၏။ ဝိညာဏ်နှင့်နာမ်တရားတို့မဖြစ်ပေချေ။ ၎င်းငါးဘုံ့ကြွင်းသော ပဉ္စဝေါကာရနှစ်ဆဲ့ခြောက်ဘုံတို့၌မူကား ဝိညာဏ်ဖြစ်ပေလျှင် နာမ်နှင့်တကွ ရုပ်တရားတို့ တပြိုင်နက်ဖြစ်ပေလာကုန်၏။ ဤသို့လျှင် ဝိညာဏ်ကြောင့် နာမ်တရား သက်သက်၎င်း။ ရုပ်တရားသက်သက်၎င်း။ နာမ်ရုပ် တရား နှစ်ပါးစုံ၎င်း ဖြစ်ပေလာသတည်း။

(၄) ထိုနာမ်တရား ရုပ်တရားတို့ ဖြစ်ပေလာလျှင်လည်း။ စက္ခုပသာဒဟုဆိုအပ်သော စက္ခာယတန။ သောတပသာဒ ဆိုအပ်သော သောတာယတန။ ဃာနပသာဒဟု ဆိုအပ်သော

ဃာနာယတန။ဇိဝှါပသာဒဟုဆိုအပ်သော ဇိဝှါယတန။ ကာယပသာဒဟု ဆိုအပ်သော ကာယာယတန။ စိတ်တည်းဟူသော မနာယတန။ ဤခြောက်ပါးသော အဇ္ဈတ္တိကာယတန တရားတို့သည် ထင်ရှားဖြစ်ပေါ်ရကုန်၏။ရုပ်တရား နာမ်တရားမကင်းကြကုန်သော အဥပဋိသန္ဓေနေသော အဏ္ဍဇသတ္တဝါ။ လူစသော အမိဝမ်း၌ ပဋိသန္ဓေ နေကြသော ဇလာဗုဇ သတ္တဝါတို့အား စက္ခုသောတဖြစ်ချိန်အခါ စသည်တို့၌ အသီးသီး စက္ခုပသာဒ သောတပသာဒ စသည်တို့ ဖြစ်ပေါ် လာရကုန်၏။ ကမ္ဘာဦး လူနှင့် နတ်တို့ကဲ့သို့ တဆဲ့ ခြောက်နှစ် ရွယ်။ နှစ်ဆယ်ရွယ် စသည်ဖြင့် ကိုယ်ထင်ရှား ဖြစ်ကြသော ဥပပတ် သတ္တဝါ။ ပိုးလောက်၊ ပဒုမဒေဝီမိဖုရားစသောအညစ်အကြေးကြာပွင့်စသည်တို့၌ပဋိသန္ဓေနေသောသံသေဒဇသတ္တဝါတို့အား။ စက္ခုပသာဒစသည်တို့သည် ပဋိသန္ဓေဝိညာဏ်နှင့်အတူ ထိုက်သည့်အားလျော်စွာ ဖြစ်ပေါ်ကြကုန်၏၊ ဤသို့လျှင် နာမ်ရုပ် တည်းဟူသော အကြောင်းကြောင့်ခြောက်ပါးသောအဇ္ဈတ္တိကာယတနတရားတို့ဖြစ်ပေါ်ကြကုန်၏။

(၅) အဇ္ဈတ္တိကာယတနတို့ဖြစ်လျှင်လည်း စက္ခုပသာဒကိုမှီသောဖဿဟု ဆိုအပ်သောစက္ခုသမ္ဖဿ။ သောတပသာဒကို မှီသော ဖဿဟုဆိုအပ်သော သောတသမ္ဖဿ။ဃာနပသာဒကိုမှီသော ဖဿဟုဆိုအပ်သော ဃာနသမ္ဖဿ။ ဇိဝှါပသာဒကိုမှီသောဖဿဟုဆိုအပ်သော ဇိဝှါသမ္ဖဿ။ ကာယ ပသာဒကိုမှီသော ဖဿဟုဆိုအပ်သောကာယသမ္ဖဿ။ မနောဝိညာဏ်ကိုမှီသော ဖဿဟုဆိုအပ်သော မနောသမ္ဖဿတို့သည် ဖြစ်ပေါ်ကြလေကုန်၏။ စက္ခုပသာဒနှင့် မြင်အပ်သော ရူပါရုံတို့တွေ့ဆုံကြသော်။စက္ခုဝိညာဏ်စိတ်ဖြစ်ပေါ်လာ၏။ စက္ခုသမ္ဖဿလည်းဖြစ်ပေါ်လာ၏။ ထိုအတူ သောတပသာဒနှင့် အသံတည်းဟူသော သဒ္ဒါရုံ။ ဃာနပသာပဒနှင့် အနံ့တည်းဟူသော ဂန္ဓာရုံ။ ဇိဝှါပသာဒနှင့် အရသာတည်းဟူသောရသာရုံ။ ကာယပသာဒနှင့်ထိတွေ့ရန်တည်းဟူသောဖောဋ္ဌဗ္ဗရုံ။ မနောဝိညာဏ်နှင့်ဓမ္မာရုံတို့တွေ့ဆုံကြရာ၌လည်း သောတ ဝိညာဏ်စိတ်နှင့် သောတ သမ္ဖဿ။

ဃာနဝိညာဏ်စိတ်နှင့်ဃာနသမ္ဖဿ။ ဇိဝှါဝိညာဏ်စိတ်နှင့် ဇိဝှါသမ္ဖဿ။ကာယဝိညာဏ်စိတ်နှင့်ကာယသမ္ဖဿ။ မနောဝိညာဏ်နှင့်မနောသမ္ဖဿတို့သည် အသီးသီး ဖြစ်ပေါ်ကြရကုန်၏။ဤသို့လျှင် ခြောက်ပါးသော အဇ္ဈတ္တိကာယတနတို့ကြောင့် ဖဿဖြစ်ရသတည်း။

(၆) ဖဿတရားတို့ဖြစ်ပေါ်လာပြန်လျှင်လည်း။ စက္ခုသမ္ဖဿကြောင့် စက္ခုပသာဒ၌မှီသောဖဿကြောင့်ဖြစ်သောဝေဒနာဟုဆိုအပ်သောစက္ခုသမ္ဖဿဇာဝေဒနာ။ သောတသမ္ဖဿတည်းဟူသော အကြောင်းကြောင့် သောတပသာဒ၌ မှီသောဖဿကြောင့်ဖြစ်သော ဝေဒနာဟုဆိုအပ်သော သောတ သမ္ဖဿဇာဝေဒနာ။ဃာနသမ္ဖဿတည်းဟူသောအကြောင်းကြောင့် ဃာနပသာဒ၌မှီသောဖဿကြောင့်ဖြစ်သော ဝေဒနာဟုဆိုအပ်သော ဃာန သမ္ဖဿဇာ ဝေဒနာ။ ဇိဝှါသမ္ဖဿ တည်းဟူသော အကြောင်းကြောင့် ဇိဝှါပသာဒ၌မှီသော ဖဿကြောင့် ဖြစ်သော ဝေဒနာဟုဆိုအပ်သော ဇိဝှါသမ္ဖဿဇာဝေဒနာ။ ကာယသမ္ဖဿတည်းဟူသော အကြောင်းကြောင့် ကာယပသာဒ၌မှီသော ဖဿကြောင့်ဖြစ်သော ဝေဒနာဟုဆိုအပ်သော ကာယသမ္ဖဿဇာဝေဒနာ။ မနောသမ္ဖဿတည်းဟူသော အကြောင်းကြောင့် မနောဝိညာဏ်၌ မှီသောဖဿကြောင့်ဖြစ်သော ဝေဒနာဟု ဆိုအပ်သော မနောသမ္ဖဿဇာ ဝေဒနာတို့သည် ထင်ရှားစွာဖြစ်ပေါ်ကြကုန်၏။ ဤကားဖဿခြောက်ပါးကြောင့်ဝေဒနာခြောက်ပါးတို့ အသီးသီးဖြစ်ပေါ်ပုံတည်း။

(၇) ဝေဒနာတို့ဖြစ်ပေါ်ခဲ့ပြန်လျှင်လည်း ၎င်းတွင်ရပ်တန့်ခြင်းမရှိဘဲ။စက္ခုသမ္ဖဿဇာဝေဒနာဟူသောအကြောင်းကြောင့် ၎က်ဖျားပေါ်လျှင် အချမ်းဖြစ်ပေါ်လာသကဲ့သို့ ရူပါရုံကိုတပ်နှစ်သက်တတ်သောရူပတဏှာလည်းဘွားကနဲပေါ်လာ၏။ထို့အတူ သောတသမ္ဖဿဇာဝေဒနာကြောင့်သဒ္ဒါရုံကိုတပ်နှစ်သက်တတ်သောသဒ္ဒတဏှာ။ ဃာနသမ္ဖဿဇာဝေဒနာကြောင့် ဂန္ဓာရုံကိုတပ်နှစ်သက်တတ်သော ဂန္ဓတဏှာ။ ဇိဝှါသမ္ဖဿဇာ ဝေဒနာကြောင့် ရသာရုံကို တပ်နှစ်သက်တတ်သော ရသတဏှာ။ကာယ

သမ္ဗသဇာ ဝေဒနာကြောင့် ဖေါဋ္ဌဗ္ဗာရုံကို တပ်နှစ် သက်တတ်သော ဖေါဋ္ဌဗ္ဗတဏှာ။ မနောသမ္ဗဿဇာဝေဒနာတည်းဟူသော အရင်းခံကြောင့် ရုပ်နာမ်ခန္ဓာ တည်းဟူသော ဓမ္မရုံကို တပ်နှစ် သက်ဘတ်သော ဓမ္မတဏှာတို့သည် ထင်ရှား ဖြစ်ပေါ် ကြကုန်၏။ ဤကား ဝေဒနာကြောင့်တဏှာဖြစ်ပုံတည်း။

(၈) တဏှာဖြစ်ပေါ်ခဲ့လျှင်လည်း ကာမဂုဏ်အာရုံခြောက်ပါး၌ ပြင်းစွာစွဲလမ်းခြင်းတည်းဟူသောကာမုပါဒါန်တရားသည် ၎င်း။ ဒိဋ္ဌိအယူ၌ပြင်းစွာ စွဲလမ်းခြင်းဟူသော ဒိဋ္ဌုပါဒါန်တရားသည်၎င်း။ ခွေး၏အကျင့် နွား၏အကျင့် စသည်တို့ဖြင့် ကိလေသာမှစင်ကြယ်၍ သံသရာမှထွက်မြောက်၏ဟု အလေ့အကျင့်၌ ပြင်းစွာစွဲလမ်းခြင်းဟူသော သီလဗ္ဗတုပါဒါန် တရားသည်၎င်း။ ခန္ဓာငါးပါးသည် ငါ၏ကိုယ်တည်းဟု စွဲလမ်းသော သက္ကာယဒိဋ္ဌိဟုဆိုအပ်သော အတ္တဝါဒုပါဒါန် တရားသည်၎င်း ဖြစ်ပေါ်လာ၏။ အကြင့်စက္ခုပသာဒဖြင့် တပ်နှစ်သက်ဘွယ်သော ရူပါရုံကိုမြင်ခဲ့လျှင်။ တဏှာတရားသည်ဘွားခနဲဖြစ်ပေါ်၏။ ထိုတဏှာကြောင့် မမြင်ရမနေနိုင်ဘဲ ပြင်းပြစွာ စွဲလမ်းခြင်း ကာမုပါဒါန်တရားဖြစ်ပေါ်လာလေတော့သည်။ သောတပသာဒနှင့် သဒ္ဒါရုံ စသည်တို့လည်း ဤနည်းတူပင်တည်း။ ဤကား တဏှာကြောင့် ဉပါဒါန်ဖြစ်ပုံအမျှတည်း။

(၉) ဉပါဒါန် အရင်းခံ ရှိကြကုန်သော သတ္တဝါတို့သည်။ ကာမဘဝ။ရူပဘဝ။အရူပဘဝတို့မှ မကင်းနိုင်တော့ပြီ။ထိုသုံးပါးသောဘဝတို့တွင် တပါးပါးသို့သာကပ်ရောက်ရတော့၏။

(၁၀) ထိုသို့ ဘဝမကင်း နိုင်ကြသော သတ္တဝါတို့သည်လည်း။ထိုထိုဘဝတို့၌ပဋိသန္ဓေနေရခြင်းဟူသော ဇာတိမှမကင်းနိုင်ပြီ။

(၁၁) ဇာတိအခြေခံရှိကြသောသူတို့အား။ အိုရခြင်းဇရာ။ သေရခြင်းမရဏ။သားသမီးစသောဆွေမျိုးတို့၏ပျက်စီးခြင်းဉာတိဗျသန။ စည်းစိမ်ဥစ္စာ၏ပျက်စီးခြင်းဘောဂဗျသန။အနာဆိုးရောဂါဆိုးစွဲကပ်ရောက်ခြင်းရောဂဗျသန။ကိုယ်ကျင့်သီလပျက်စီးခြင်း

သီလဗ္ဗတုပါဒါန်။ အယူဖျက်စီးခြင်း ဒိဋ္ဌုပါဒါန်ဟူသော ဥပါဒါန်တရား ၄ ပါးနှင့်တွေ့ကြုံကြရသဖြင့်။ စိုးရိမ်ခြင်းသောက။ ငိုကြွေးရခြင်း ပရိဒေဝ။ ကိုယ်၏ဆင်းရဲခြင်းဒုက္ခ။ နှလုံးမသာယာခြင်းဒေါမနဿ။ ပြင်းစွာပူပန်ခြင်းဟူသော ဥပါယာသ တရားတို့သည်၊ ဖြစ်ပေါ်လာကြကုန်၏။

(၁၂) ထိုသို့ဇရာမရဏ စသည်တို့ဖြင့် မပြတ် နှိပ်စက်အပ်သောသတ္တဝါတို့အား ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ တည်းဟူသော အာသဝေါတရားတို့ ဖြစ်ပွါးပြန်သဖြင့်။ အဝိဇ္ဇာတည်းဟူသော မောဟဖြစ်ရပြန်၏။ ထိုအဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်ခြင်းစသည်ဖြင့် သံသရာစက်သည် ရထားလှည်းဘီး လည်သကဲ့သို့။ အစဉ်မပြတ် လည်လေတော့သတည်း။ ။ပဋိစ္စ သမုပ္ပါဒ် အနုလောမဒေသနာတော်နည်းပြီး၏။

## ၅။ ။ပဋိလောမဒေသနာတော်နည်း။

(၁) ပဋိစ္စ သမုပ္ပါဒ်တရားတော်၏ ပဋိလောမ ဒေသနာ တော်နည်း၌ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတရားတို့သည် အဘယ်အကြောင်း တရားအရင်းခံရှိ သဖြင့် ဖြစ်ပေါ်လာရသနည်းဟု ၎င်းတရားတို့၏ အကြောင်းကို ရှာသော်။ ဇာတိဟူသောပဋိသန္ဓေနေရခြင်းတရားထိုတွေ့ရ၏။ ထို စကားသည်မှန်၏။ ဇာတိတရား မကင်းကြကုန်သော သူတို့အား သာလျှင်။ ဇရာမရဏစသောတရားတို့သည် ဖြစ်ပေါ်လာရကုန် ၏။

(၂) ဇာတိဟူသောပဋိသန္ဓေနေရခြင်း၏အကြောင်းကိုရှာ ပြန်သော်။ ဘဝဟူသောတရားကိုတွေ့ရပြန်၏။ အဘယ့်ကြောင့်နည်း ဟူမူကား။ ကာမဘဝ။ ရူပဘဝ။ အရူပဘဝတည်းဟူသော ဘဝ မကင်းကြသော လူနတ်ဗြဟ္မာ သတ္တဝါတို့အားသာလျှင် ဇာတိ တရားဖြစ်ရ၏။

(၃) ဤနည်း အတိုင်း သာလျှင် ၎င်းဘဝ၏ အကြောင်း ကား။ ဥပါဒါန်တရားတို့တည်း။ ဥပါဒါန်ဖြစ်ပေါ်လာရခြင်းကား တဏှာကြောင့်တည်း။

(၄) တဏှာ၏အကြောင်းကားဝေဒနာတရားတည်း။
(၅) ဝေဒနာ၏အကြောင်းကားဖဿတရားတည်း။
(၆) ဖဿ၏ အကြောင်းကား ခြောက်ပါးသော အဇ္ဈတ္တိကာယတနတို့တည်း။
(၇) ၎င်းအာယတနတို့၏ အကြောင်းကား နာမ်တရားရုပ်တရားတည်း။
(၈–၉) နာမ်တရားရုပ်တရား၏အကြောင်းကား ပဋိသန္ဓေစိတ်တဆဲ့ကိုးခုဟုဆိုအပ်သော ဝိညာဏ်တရားတည်း။ ဝိညာဏ်၏အကြောင်းကား သင်္ခါရတရားတည်း။
(၁၀) သင်္ခါရ၏အကြောင်းကား အဝိဇ္ဇာတည်းဟု ဆိုင်ရာဆိုင်ရာ အကြောင်းတရားတို့ကို စစ်ဆေးရှာဘွေခြင်းသည်။ပဋိစ္စသမုပ္ပါဒ်တရားတော်၏ပဋိလောမဒေသနာနည်းမည်၏။

## ၆။ ။အဓိပ္ပါယ်။

သစ္စာလေးပါးတရားတို့ကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အဝိဇ္ဇာသည်၊အကယ်၍ အရဟတ္တမဂ်ဖြင့် ချုပ်ပျောက်ပျက်စီးခဲ့သည်ရှိသော်။သင်္ခါရတရားတို့လည်းမဖြစ်ပေါ်နိုင်တော့ဘဲ ချုပ်ပျောက်ပျက်စီးရလေ၏။ သင်္ခါရတရားတို့ ချုပ်ပျောက်ခဲ့သော်၊ အကြောင်းတရား ပျက်စီးလေသောကြောင့်။ ဝိညာဏ်တည်းဟူသောအကျိုးတရားလည်း ချုပ်ပျောက်ပျက်စီးရလေ၏။ ထိုအတူ ဝိညာဏ်တည်းဟူသောအကြောင်းချုပ်ပျောက် ပျက်စီးသဖြင့် နာမ်ရုပ်တရားသည် ချုပ်ပျောက်၏။ နာမ်ရုပ်ချုပ်ပျောက်ပျက်စီးသဖြင့် ခြောက်ပါးသော အာယတနတို့ချုပ်ရ၏။ အာယတနတို့ချုပ်သဖြင့် ဖဿချုပ်၏။ ဖဿချုပ်သဖြင့် ဝေဒနာချုပ်၏။ ဝေဒနာချုပ်သဖြင့် တဏှာချုပ်၏။ တဏှာချုပ်သဖြင့် ဥပါဒါန်ချုပ်၏။ ဥပါဒါန်ချုပ်သဖြင့် ဘဝချုပ်၏။ ဘဝချုပ်သဖြင့် ဇာတိချုပ်၏။ ဇာတိချုပ်သဖြင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသ တရားတို့သည် မဖြစ်ပေါ်နိုင်တော့ ချုပ်ပျောက်ပျက်စီးရလေ၏။

၍မှပြန်သောအားဖြင့်ဇရာမရဏ သောက ပရိဒေဝ ဒုက္ခဒေါ

မနသာ ဥပါယာသတရားတို့သည်။ အဘယ်သို့လျှင် ချုပ်ပျောက်ပျက်စီးကြရလေသနည်း။ မည်သည့်တရားတို့ ချုပ်ပျောက်ပျက်စီးခြင်းကြောင့် ၎င်းဇရာမရဏာစသည်တို့ ပျက်စီး ချုပ်ပျောက်ရသနည်းဟု ချုပ်ကြောင်းပျက်စီးကြောင်းကိုရှာဘွေသော်။ပဋိသန္ဓေနေခြင်းဟူသော ဇာတိတရား၏ ချုပ်ပျောက်ပျက်စီးခြင်းကြောင့် ဇရာမရဏာစသည်တို့ ချုပ်ပျောက် ပျက်စီးရသည်ကိုတွေ့ရ၏။ ထိုစကားမှန်၏။ ပဋိသန္ဓေ မနေရသော် အဘယ်သို့လျှင် အိုခြင်း။ သေခြင်း။စိုးရိမ်ငိုကြွေးရခြင်း စသည်တို့ဖြစ်နိုင် ပါတော့အံ့နည်း။ တဖန် ဇာတိချုပ်ကြောင်းကား အဘယ်နည်း။ အဘယ် တရားချုပ်သဖြင့် ဇာတိချုပ်ရသနည်းဟု ဘွေရှာစိစစ်ပြန်သော်။ဘဝ၏ချုပ်ခြင်းကိုတွေ့ရ၏။ ဘဝကင်းသောပုဂ္ဂိုလ်သည် ပဋိသန္ဓေမနေရပြီဆိုလိုသည်။ ထိုနည်းအတူ ဘဝချုပ်ငြိမ်းခြင်း၏ အကြောင်းကိုရှာသော်၊ ဥပါဒါန်တရားတို့၏ချုပ်ငြိမ်းခြင်းကို ၎င်း။ဥပါဒါန်၏ချုပ်ငြိမ်းခြင်း၏ အကြောင်းကို ရှာသော်။ တဏှာ၏ချုပ်ငြိမ်းခြင်းကို၎င်း။ တဏှာ ချုပ်ခြင်း အကြောင်းကား။ ဝေဒနာ၏ချုပ်ခြင်း။ဝေဒနာ၏ချုပ်ခြင်းအကြောင်းကား ဖဿ၏ချုပ်ခြင်း။ ဖဿချုပ်ခြင်း၏ အကြောင်းကား။ ခြောက်ပါးသော အဇ္ဈတ္တိကာယတနချုပ်ခြင်း၊ ခြောက်ပါးသောအဇ္ဈတ္တိကာယတန၏ချုပ်ကြောင်းကား နာမ်ရုပ်၏ချုပ်ခြင်း။ နာမ်ရုပ်၏ချုပ်ကြောင်းကား ပဋိသန္ဓေစိတ်တခု ယုတ်နှစ်ဆယ်ဟူသော ဝိညာဏ်၏ ချုပ်ခြင်း။ ဝိညာဏ်၏ချုပ်ကြောင်းကား ပုညာဘိ သင်္ခါရ စသော သင်္ခါရဘရားတို့၏ ချုပ်ခြင်း။ သင်္ခါရတို့၏ ချုပ်ကြောင်းကား မောဟဘည်းဟူသော အဝိဇ္ဇာ၏ ချုပ်ပျောက် ပျက်စီးခြင်းတို့ကို၎င်း။ အသီးသီးတွေ့ကြရ၏။ အဝိဇ္ဇာ တည်းဟူသော အရင်းခံတရားကြီး ပျက်စီးချုပ်ပျောက်သဖြင့် သင်္ခါရစသော တရားတို့သည် မဖြစ်နိုင်တော့ဘဲ ပျက်စီး ချုပ်ပျောက်ရ၏ဟူလိုသော်။ ထိုသို့အဝိဇ္ဇာ စသည်တို့၏ ချုပ်ပျောက် ပျက်စီးခြင်းကိုပင် သံသာရစက်ကြီးပျက်စီး၍။ ဇာတိဇရာ ဗျာဓိမရဏာစသော ဆင်းရဲ အပေါင်းတို့မှကင်းဝေးချမ်းသာလေသည်ဟုမှတ်လေ။ထိုကြောင့်ရကားထိုအဝိဇ္ဇာ တည်းဟူသောအရင်းခံတရားကြီးကိုအရဟတ္တမဂ်ဉာဏ်

ဖြင့်ဖျက်ဆီးနိုင်လေအောင် ပညာရှိ၍ သံသရာဘေးကို ကြောက်လန့်ကြကုန်သော အမျိုးကောင်းသားအမျိုးကောင်းသမီးတို့သည် လက်နက်ကောင်း သဘွယ် ဖြစ်သော သီလ။ သမာဓိ။ ပညာ ပွါးရာပွါးကြောင်း ဒါန။သီလ။ဘာဝနာစသောသူတော်ကောင်း တရားတို့ကို။ နေ့ညမပြတ် ကြိုးစားအားထုတ်ကြရာသတည်း။

ပဋိစ္စသမုပ္ပါဒ်၏အနုလောမ။ပဋိလောမ
ဒေသနာနည်းတို့ပြီး၏။

---

## ၇။ ။နည်းလေးပါးအကြောင်း။

ပဋိစ္စသမုပ္ပါဒ်တရားတော်၌ ဧကတ္တနည်း။နာနတ္တနည်း။အဗျာပါရနည်း။ ဧဝံဓမ္မတာနည်းဟူသောနည်းလေးပါးတို့ကို သိရာ၏။ အဘယ်သို့ သိရာသနည်းဟူမူကား။ မျိုးစေ့မှအညွန့်စသည်ထွက်ပေါ်၍သစ်ပင်ကြီးဖြစ်လာရသကဲ့သို့အဝိဇ္ဇာကြောင့်သင်္ခါရ။ သင်္ခါရကြောင့်ဝိညာဏ်ဟု အစဉ်မပြတ်ဘဲ ဖြစ်ပေါ်ခြင်းသည် ဧကတ္တနည်းမည်၏။ ထိုသို့တခုတည်း တစဉ်တည်းကဲ့သို့ မပြတ်မစဲဖြစ်ပေါ်ငြားသော်လည်း မျိုးစေ့တခြား အညွန့်တခြား။ မျိုးစေ့သည် အညွန့်မဟုတ်။ အညွန့်သည်လည်း မျိုးစေ့မဟုတ် ဘိသကဲ့သို့။ အဝိဇ္ဇာတည်း သဘောတခြား။ သင်္ခါရလည်း သဘောတခြား၊ အဝိဇ္ဇာသည်သင်္ခါရမဟုတ်။သင်္ခါရသည်လည်း အဝိဇ္ဇာမဟုတ်ဘဲ သဘောတရား အသီးအခြား ဖြစ်ခြင်းသည် နာနတ္တနည်းမည်၏။ အဝိဇ္ဇာသည် သင်္ခါရဖြစ်ပေါ်လာလေအောင်။သင်္ခါရသည်လည်း ဝိညာဏ်ဖြစ်ပေါ်လာလေအောင်။အားထုတ်လုံ့လမပြုခြင်း။စိုးရိမ်ကြောင့်ကြ ဗျာပါရ မရှိကြခြင်းသည် အဗျာပါရ နည်းမည်၏။ နို့ရည်မှပင်လျှင် နို့ခမ်းဒိန်ချဉ် ဖြစ်လာသကဲ့သို့ အဝိဇ္ဇာတည်းဟူသောအကြောင်းတရားကြောင့် သင်္ခါရ ဟူသော အကျိုးတရား ဖြစ်ပေါ်လာခြင်း။ သင်္ခါရဟူသော အကြောင်း တရားကြောင့် ဝိညာဏ် ဟူသော အကျိုးတရား• ဖြစ်ပေါ်လာခြင်း ဟူသော အကြောင်းကိုစွဲ၍ အကျိုးဖြစ်ပွါးမှုသည်၊ ဧဝံဓမ္မတာနည်းမည်၏၊

ကြွင်းသောနာမ်ရုပ်။ သဠာယတန စသည်တို့၌လည်း။ ဤနည်း
လေးပါး၏အဓိပ္ပါယ်ကို ဉာဏ်ယှဉ်၍စဉ်းစားကြရာ၏။

နည်းလေးပါးအကြောင်းပြီး၏။

---

## ခုဒ္ဒကပါဌ်ပါဠိတော်။

## နှုတ်ရကျက်ရန်-ခုဒ္ဒကပါဌပါဠိတော်။

### ၇။ ။ကုမာရပဉှာသုတ်ပါဌ်အနက်။

ဧကံနာမကိံ။ သဗ္ဗေသတ္တာအာဟာရဋ္ဌိတိကာ။ ဒွေနာမကိံ။
နာမဉ္စရူပဉ္စ။တီဏိနာမကိံ။ တိဿောဝေဒနာ။ စတ္တာရိနာမကိံ။
စတ္တာရိအရိယသစ္စာနိ။ပဉ္စနာမကိံ။ပဉ္စုပါဒါနက္ခန္ဓာ။ဆနာမကိံ။
ဆအဇ္ဈတ္တိကာနိအာယတနာနိ။ သတ္တနာမကိံ။ သတ္တဗောဇ္ဈင်္ဂါနိ။
အဋ္ဌနာမကိံ။ အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ။ နဝနာမကိံ။ နဝ
သတ္တာဝါသာ။ ဒသနာမကိံ။ ဒသဟင်္ဂေဟိသမန္နာ ဂတောအရ
ဟာတိဝုစ္စတိ။ ။

ခုဒ္ဒကပါဌပါဠိတော်။ ကုမာရပဉှာ။

### ၈။ ။အနက်ကား။

ဧကံနာမ။တခုသောတရားမည်သည်ကား။ကိံ။အဘယ်နည်း။
သဗ္ဗေ။ခပ်သိမ်းကုန်သော။သတ္တာ။သတ္တဝါတို့သည်၊ အာဟာရဋ္ဌိ
တိကာ။ အကြောင်းတရားလျှင် တည်ရာရှိကုန်၏။ဒွေနာမ။နှစ်ပါး
သောတရားတို့ မည်သည်ကား။ ကိံ။ အဘယ်နည်း။ နာမဉ္စ။
နာမ်တရားလည်းကောင်း။ ရူပဉ္စ။ ရုပ်တရားသည်လည်း။ ဣတိ။
ဤသည်တို့တည်း။ တီဏိနာမ။ သုံးပါးသောတရားတို့ မည်သည်
ကား။ကိံ။ အဘယ်သည်တို့နည်း။ တိဿော။ သုံးပါးကုန်သော။
ဝေဒနာ။သုခဝေဒနာ။ ဒုက္ခဝေဒနာ။ ဥပေက္ခာဝေဒနာတို့တည်း။
စတ္တာရိနာမ။ လေးပါးသော တရားတို့ မည်သည်ကား။ကိံ။ အ
ဘယ်သည်တို့နည်း။စတ္တာရိ။လေးပါးကုန်သော။ အရိယသစ္စာနိ။
အရိယာပုဂ္ဂိုလ်တို့ သိမြင်အပ်သော ဒုက္ခသစ္စာ။ သမုဒယသစ္စာ။
နိရောဓသစ္စာ။အဂ္ဂသစ္စာတို့တည်း။ ပဉ္စနာမ။ငါးပါးသော တရား
မည်သည်ကား။ကိံ။အဘယ်သည်တို့နည်း။ ပဉ္စုပါဒါနက္ခန္ဓာ။ ရူပု

ပါဒါနုက္ခန္ဓာ။ ဝေဒနုပါဒါနက္ခန္ဓာ။ သညုပါဒါနက္ခန္ဓာ။ သင်္ခါရုပါဒါနက္ခန္ဓာ။ဝိညာဏုပါဒါနက္ခန္ဓာတည်းဟူသောဥပါဒါနက္ခန္ဓာငါးပါးတို့တည်း။ ဆနာမ။ခြောက်ပါးသောတရားမည်သည်ကား။ ကိံ။ အဘယ်သည်တို့နည်း။ဆ။ခြောက်ပါးကုန်သော။အဇ္ဈတ္တိကာနိ။ ကိုယ်တွင်း၌ဖြစ်ကုန်သော။အာယတနာနိ။စက္ခာယတန။သောတာယတန။ဃာနာယတန။ ဇိဝှါယတန။ ကာယာယတန။ မနာယတနတို့တည်း။ သတ္တနာမ။ ခုနှစ်ပါးသောတရားတို့ မည်သည်ကား။ ကိံ။ အဘယ်သည်တို့နည်း။ သတ္တ။ ခုနှစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂါ။ သတိ သမ္ဗောဇ္ဈင်။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်။ ဝီရိယ သမ္ဗောဇ္ဈင်။ ပီတိ သမ္ဗောဇ္ဈင်။ ပဿဒ္ဓိ သမ္ဗောဇ္ဈင်။ သမာဓိ သမ္ဗောဇ္ဈင်။ ဥပေက္ခာ သမ္ဗောဇ္ဈင်တို့တည်း။အဋ္ဌနာမ။ရှစ်ပါးတရားတို့မည်သည်ကား။ကိံ။အဘယ်သည်တို့နည်း။အရိယော။မြတ်သော။အဋ္ဌင်္ဂိကော။အင်္ဂါရှစ်ပါးရှိသော၊မဂ္ဂေါ။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝ၊သမ္မာဝါယာမ၊သမ္မာသတိ၊သမ္မာသမာဓိ တည်းဟူသော မဂ်တရားတည်း။ နဝနာမ။ကိုးပါးသောတရားတို့မည်သည်ကား။ကိံ။ အဘယ်သည်တို့နည်း။ နဝကိုးပါးကုန်သော။သတ္တဝါသာ။ သတ္တဝါတို့နေရာဖြစ်သောဘုံဘဝတို့တည်း။ ဒသနာမ။ ဆယ်ပါးသောတရားတို့ မည်သည်ကား။ ကိံ။ အဘယ်သည်တို့နည်း။ ဒသဟိ။ ဆယ်ပါးကုန်သော။အင်္ဂေဟိ။အင်္ဂါတို့နှင့်။ သမန္နာဂတော။ပြည့်စုံသောပုဂ္ဂိုလ်ကို။အရဟာတိ။ရဟန္တာပုဂ္ဂိုလ်ဟူ၍။ဝုစ္စတိ။ဆိုအပ်၏။

မှတ်ချက်။ ။နဝသတ္တဝါသ ဟူသည်ကား။

* ၁။ ။နာနတ္တကာယ-နာနတ္တသညီ။
၂။ ။နာနတ္တကာယ-ဧကတ္တသညီ။
၃။ ။ဧကတ္တကာယ-နာနတ္တသညီ။
၄။ ။ဧကတ္တကာယ-ဧကတ္တသညီ။
၅။ ။အသညီ။
၆။ ။အာကာသာနဉ္စာယတန။
၇။ ။ဝိညာဏဉ္စာယတန။
၈။ ။အာကိဉ္စညာယတန။
၉။ ။နေဝသညာနာသညာယတန။၌သတ္တဝါတို့၏နေရာဖြစ်သောဘုံကိုးဝတို့တည်း။

---

* ခုဒ္ဒကပါဌ်အဋ္ဌကထာပါဠိ။စာမျက်နှာ ၈၆ မှာကြည့်။

## ဒသဟင်္ဂေဟိ-အရ-ရဟန္တာတို့၏အင်္ဂါဆယ်ပါး။
## ဟူသည်ကား။

* ၁။ ။ရဟန္တာတို့၏ဥစ္စာဖြစ်သောသမ္မာဒိဋ္ဌိ။
၂။ ,, သမ္မာသင်္ကပ္ပ။
၃။ ,, သမ္မာဝါစာ။
၄။ ,, သမ္မာကမ္မန္တ။
၅။ ,, သမ္မာအာဇီဝ။
၆။ ,, သမ္မာဝါယာမ။
၇။ ,, သမ္မာသတိ။
၈။ ,, သမ္မာသမာဓိ။
၉။ ,, သမ္မာဉာဏ။
၁၀။ ,, သမ္မာဝိမုတ္တိ။

ဤဆယ်ပါးကုန်သောအင်္ဂါတို့တည်း။

---

## အဋ္ဌမတန်းဗုဒ္ဓဘာသာသင်ခန်းစာပြီး၏။

---

* ခုဒ္ဒကပါဌအဋ္ဌကထာပါဠိ။စာမျက်နှာ ၈၈ မှာကြည့်။

နဝတန်းဗုဒ္ဓဘာသာသင်ခန်းစာ။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

## <u>(က)။ မဟာသတိပဋ္ဌာနသုတ်၏</u>

## <u>မြန်မာစကားပြေသက်သက်။</u>

တပည့်တို့ဘတ်ရန်။

ဘုန်းတော်ခြောက်ဆူ။ အောင်လံထူ၍။ နတ်လူတို့၏ဆရာဖြစ်
တော်မူသောသဗ္ဗညုမြတ်စွာဘုရားသခင်သည်။ကုရုတိုင်းတွင်ရှေး
လွန်လေပြီးသောအခါမဟာသုတသောမမင်းဖြစ်စဉ်၊ရှားငုတ်တို
စူးသဖြင့် ပြောက်ကျားသောခြေဖဝါးရှိသော လူသားစားပေါရိ
သာဒကို ဆုမ္မရာဖြစ်၍ ကမ္မာသဒမအမည်ရှိသောနိဂုံး၌ လေးဖြာ
သောဣရိယာပထဖြင့် မျှတစမ့်ါယ်တော်မူစဉ်။ရာဂအစရှိသောကိ
လေသာမှစင်ကြယ်ခြင်း။ စိုးရိမ်ခြင်းသောကမှလွန်မြောက်ခြင်း။ ငို
ကြွေးရခြင်းဟူသော ပရိဒေဝမှလွန်မြောက်ခြင်း။ ကိုယ်၏ဆင်းရဲ
ခြင်းဒုက္ခကိုချုပ်ပျောက်စေခြင်း။ စိတ်၏ပင်ပန်းခြင်း၊ နှလုံးမသာ
ယာခြင်းဟူသော ဒေါမနဿကို ချုပ်ပျောက်စေခြင်း။ အရိယမဂ်
ဉာဏ်ကိုရစေတတ်ခြင်း။ အသခ်ံတဓါတ်ဖြစ်သောနိဗ္ဗာန်ကို မျက်
မှောက် ပြုနိုင်ခြင်းဟူသော ခုနစ်ပါးသော အကျိုးတို့နှင့်ပြည့်စုံ
သော၍မဟာသတိပဋ္ဌာနသုတ်တော်ကို ရဟန်းအပေါင်းတို့အား
ဟောကြားတော်မူ၏။ ထိုသို့ဟောတော်မူအပ်သော မဟာသတိ
ပဋ္ဌာနသုတ်ဒေသနာတော်တွင် သတိပဋ္ဌာန်တရားတော်တို့သည်။
သုံးဆဲ့နှစ်ပါးသော စက်ဆုပ်ဖွယ်တို့၏ စုဝေးရာ ဤရူပကာယ
တည်းဟူသော ခန္ဓာကိုယ်ကြီးကို အောက်မေ့ သိမ်းဆည်းခြင်း
သတိဟုဆိုအပ်သော ကာယနုပဿနာ သတိပဋ္ဌာန်လည်းတပါး။
သုခဝေဒနာ။ဒုက္ခဝေဒနာ။ ဥပေက္ခာဝေဒနာဟုဆိုအပ်သော သုံး
ပါးသောလောကီ ဝေဒနာတို့ကို။ အောက်မေ့ သိမ်းဆည်းခြင်း
သတိဟုဆိုအပ်သောဝေဒနာနုပဿနာသတိပဋ္ဌာန်လည်းတပါး။

သရာဂစသော တဆယ့်ခြောက်ပါးသော လောကီ စိတ်တို့ကို အောက်မေ့သိမ်းဆည်းခြင်းသတိဟုဆိုအပ်သောစိတ္တာနုပဿနာ သတိပဋ္ဌာန်လည်းတပါး။ နီဝရဏ သစ္စာအဆုံးရှိသော ငါးပါးသောတရားတို့ကို အောက်မေ့ သိမ်းဆည်းခြင်း သတိဟုဆိုအပ်သော ဓမ္မာနုပဿနာ သတိပဋ္ဌာန်လည်းတပါး။ ဤသို့အားဖြင့် လေးပါးအပြားရှိကုန်၏။

## ၁။ ကာယာနုပဿနာသတိပဋ္ဌာန်။

ထိုလေးပါးတို့တွင် ကာယာနုပဿနာသတိပဋ္ဌာန် ဟူသည်ကား။ ဤရူပကာယခန္ဓာကိုယ်ကြီးကို။ ထွက်သက် ဝင်သက်အားဖြင့်ရင်း။ ဣရိယာပုထ်အားဖြင့်ရင်း။ သမ္ပဇညတရားလေးပါးတို့ဖြင့်ရင်း။ စက်ဆုပ်ရွံရှာဘွယ်ရာ အားဖြင့်ရင်း။ ဓါတ်အားဖြင့်ရင်း။ မိမိခန္ဓာကိုယ်ကို ကိုးနည်းခွဲဝေ၍ရင်း။ ထိုတဆယ့်လေးပါးသောအခြင်းအရာတို့ဖြင့် အောက်မေ့ နှလုံးသွင်း ဆင်ခြင်ကြရာ၏။

### (၁) ထွက်သက်ဝင်သက်အားဖြင့်ဆင်ခြင်ပုံ။

ထိုတဆယ့်လေးပါးသောအခြင်းအရာတို့တွင်။ ထွက်သက်ဝင်သက်အားဖြင့် အဘယ်သို့ ဆင်ခြင် နှလုံးသွင်းရာ သနည်းဟူမူကား။ပန်းပွတ်သမားဆရာတပည့်တို့သည်။ ပွတ်ကြိုးကိုဆွဲငင်ကြသည်ရှိသော်။ ရှည်စွာငင်သောကာလ၌ ရှည်စွာငင်သည်။တိုစွာငင်သောကာလ၌ တိုစွာငင်သည်တို့ကို သိဘိသကဲ့သို့။ ထိုအတူ သံသရာဘေးကိုရှုလေ့ရှိသော ယောဂီပုဂ္ဂိုလ်သည်။ ဆိတ်ငြိမ်ရာတောအရပ်သို့ရင်း။သစ်ပင်ရင်းသို့ရင်း။ ချဉ်းကပ်၍ ထက်ဝယ်ဖွဲ့ ခွေနေပြီးလျှင်။ ကိုယ်ကိုဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းသို့ရှေးရှုသောသတိကို ထင်ရှားစွာပြုသဖြင့်။ထွက်သက်ကိုပြုသောအခါ ငါသည် ထွက်သက်ကိုပြု၏။ ဝင်သက်ကိုပြုသောအခါ ငါသည် ဝင်သက်ကိုပြု၏။ ရှည်စွာထွက်သက်ကို ပြုသောအခါ ငါသည် ရှည်စွာထွက်သက်ကိုပြု၏။ ရှည်စွာဝင်သက်ကိုပြုသောအခါ ငါသည်ရှည်စွာဝင်သက်ကိုပြု၏။ တိုစွာထွက်သက်ကို ပြုသောအခါ ငါသည်တိုစွာထွက်သက်ကိုပြု၏။ တိုစွာဝင်သက်ကိုပြုသောအခါ

ငါသည် တိုစွာဝင်သက်ကိုပြု၏ ဟူ၍သိ၏။ ထွက်သက်၏အစကား။ ချက်။ အလယ်ကား ရင်အချိုင့်နှလုံးသား။ အဆုံးကား နှာသီးဖျားနှုတ်ခမ်းဖျားဟူ၍ အလုံးစုံသောထွက်သက်၏ အစအလယ်အဆုံး သုံးပါးအပေါင်းကို ထင်စေလျက် သတိနှင့်အားထုတ်ကျင့်၏။ ဝင်သက်၏အစကား နှာသီးဖျား နှုတ်ခမ်းဖျား။ အလယ်ကား ရင်အချိုင့်နှလုံးသား။အဆုံးကား ချက်ဟူ၍အလုံးစုံသောဝင်သက်၏ အစအလယ်အဆုံး သုံးပါးအပေါင်းကို ထင်စေလျက် သတိနှင့်အားထုတ်ကျင့်၏။ အရှုပြင်း၍ ရုံ့ရင်းသောထွက်သက်ကို သာယာဖြည်းညှင်းရှူခြင်းဖြင့်ငြိမ်းစေ၍ အားထုတ်ကျင့်၏။ အရှုပြင်း၍ ရုံ့ရင်းသောဝင်သက်ကိုသာယာဖြည်းညှင်းရှိုက်ခြင်းဖြင့်ငြိမ်းစေ၍ အားထုတ်ကျင့်၏။ ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် မိမိ၏ သန္တာန်၌ငှင်း။ အပ သန္တာန်၌လည်းကောင်း။ ရံခါမိမိ၏သန္တာန်။ရံခါအပသန္တာန်၌ငှင်း ထွက်သက် ဝင်သက်အပေါင်းကိုအဘန်တလဲလဲ ရှုဆင်ခြင်ရာ၏။ ထိုသို့ထွက်သက်ဝင်သက်ကို အရှည်အတိုအားဖြင့် အောက်မေ့ဆင်ခြင် သိမ်းဆည်းပြီးသော်။ ငှင်းထွက်သက်ဝင်သက်အပေါင်း၌ ကိုယ်၊နှာခေါင်း၊စိတ်ဟူသော ဖြစ်ကြောင်း သဘောကိုငှင်း။ ကိုယ်၊ နှာခေါင်း၊ စိတ်တို့၏ ချုပ်ပျက်ခြင်းဟူသောပျက်စီးကြောင်းသဘောကိုငှင်း။ ဖြစ်ကြောင်း ပျက်ကြောင်း သဘော နှစ်ပါးစုံကိုငှင်း။ အဘန်တလဲလဲရှုဆင်ခြင်ရာ၏။ ထိုသို့ရှုဆင်ခြင်သော ပုဂ္ဂိုလ်အား အာနာပါနသတိသည် ထင်ရှားစွာဖြစ်ပေါ်လာ၏။ယင်းသို့ဖြစ်ပေါ်လာသောအာနာပါနသတိသည် အဆင့်အဆင့် ကာယာနုပဿနာဉာဏ် ဖြစ်ပွါးခြင်း အကျိုးကိုဖြစ်စေ၏။ ကာယာနုပဿနာဉာဏ်ရင့်သန်ခဲ့သည်ရှိသော် ထွက်သက်ဝင်သက်၌တဏှာ ဒိဋ္ဌိတို့မမှီမကပ်မူ၍သာလျှင်။ဉပါဒါနက္ခန္ဓာတည်းဟူသော လောက၌တစုံတခုသောရုပ်စသည်ကို ငါ့အစိုးရသောကိုယ်ဟူ၍ ဒိဋ္ဌိအမြင်အားဖြင့်ငှင်း။ ငါ၏ဉစ္စာဟူ၍ တဏှာအားဖြင့်ငှင်း။ မစွဲလမ်း မတပ်မက်နိုင်တော့ပြီဖြစ်၍အရဟတ္တဖိုလ်သို့သာ ဆိုက်ရောက်ရလေတော့သည်။ ။ဤသို့လျှင် ရူပ ကာယ ခန္ဓာကိုယ်ကြီးကို ထွက်သက်ဝင်သက်အားဖြင့် ဆင်ခြင်နှလုံးသွင်းရာသတည်း။

## (၂) ဣရိယာပုထ်အားဖြင့်ဆင်ခြင်ပုံ။

ဣရိယာပုထ်အားဖြင့် ဆင်ခြင် နှလုံး သွင်းဟန်ကား။ သွား လျက်နေဆဲအခါ၌ ငါသည် သွားဆဲဖြစ်သည်။ ရပ်လျက်နေဆဲ အခါ၌ ငါသည်ရပ်ဆဲဖြစ်သည်။ ထိုင်လျက်နေဆဲအခါ ငါသည် ထိုင်ဆဲဖြစ်သည်။ လျောင်းလျက်နေဆဲအခါ၌ ငါသည် လျောင်း ဆဲဖြစ်သည်ဟုသိရာ၏။ အကြင်အကြင်သို့သောအခြင်းအရာအား ဖြင့်ကိုယ်ကိုထားအပ်၏။ထိုထိုသို့သော အခြင်းအရာကို သိရာ၏။ ဤသို့လျှင် အဇ္ဈတ္တသန္တာန်စသည်တို့၌လည်း ယခင်နည်းအတိုင်း သိရာ၏။

ဣရိယာပုထ်အားဖြင့်ဆင်ခြင်ပုံပြီး၏။

---

## (၃) သမ္ပဇညတရားလေးပါးတို့ဖြင့်ဆင်ခြင်ပုံ။

သမ္ပဇညတရားလေးပါးတို့ဖြင့် ဆင်ခြင် နှလုံးသွင်းဟန်ကား။ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်းတို့ကို ပြုလုပ်သည် ရှိသော်။ ပညာဖြင့်ဆင်ခြင်၍ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်းကိုပြုရာ ၏။ တူရူကြည့်ခြင်းတစောင်းကြည့်ခြင်းကို ပြုသည်ရှိသော်။ပညာ ဖြင့်ဆင်ခြင်၍သာကြည့်ရှုရာ၏။လက်ခြေတို့ကို ဆန့်ခြင်းကွေးခြင်း ကိုပြုလုပ်သော်လည်း ပညာဖြင့်ဆင်ခြင်၍သာပြုလုပ်ရာ၏။ ဒုကုဋ် သပိတ်သင်္ကန်းကို ဆောင်သည်ရှိသော်။ ပညာဖြင့်ဆင်ခြင်၍သာ ဆောင်ရာ၏။စားခြင်းသောက်ခြင်းခဲခြင်းလျက်ခြင်းကို ပြုသည်ရှိ သော်။ ပညာဖြင့်ဆင်ခြင်၍သာ ပြုလုပ်ရာ၏။ ကျင်ကြီးကျင်ငယ် စွန့်ခြင်း ပြုသည်ရှိသော်။ ပညာဖြင့် ဆင်ခြင်၍သာ ပြုလုပ်ရာ၏။ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း နိုးခြင်း စကားပြော ဆိုခြင်း တိတ်ဆိတ်စွာ နေခြင်းတို့ကို ပြုသော်လည်း။ ပညာဖြင့် ဆင်ခြင်၍သာ ပြုလုပ်ပြောဆိုရာ၏။ ဤသို့လျှင်မိမိသန္တာန်စသည် တို့၌လည်း ယခင် ထွက်သက်ဝင်သက်၌ ဆင်ခြင်ပုံနည်း၌ ပြဆိုခဲ့ သည်အတိုင်း ပညာဖြင့်ဆင်ခြင်၍သိရာ၏။

## (၄) စက်ဆုပ်ရွံရှာဘွယ်အားဖြင့်ဆင်ခြင်နှလုံးသွင်းပုံ။

စက်ဆုပ်ရွံရှာဘွယ်အားဖြင့် ဆင်ခြင် နှလုံး သွင်းရန်ကား။ ဥပမာအားဖြင့်ဆိုသည်ရှိသော်။သလေးစပါး၊ကောက်ကြီးစပါး၊ ပဲနောက်၊နှမ်း၊ဆန်တို့ဖြင့် ပြည့်သောအိတ်ကို ဖြေ၍ ကြည့်သည် ရှိသော်။မျက်စိအမြင်နှင့်ပြည့်စုံသောယောကျ်ားသည်။ဤကားသလေး။ဤကားကောက်။ ဤကားပဲနောက်။ ဤကားနှမ်း။ ဤကား ဆန်ဟူ၍ ခွဲခြား၍ မြင်လေသကဲ့သို့၊ ယောဂါဝစရ ပုဂ္ဂိုလ်သည် အောက်ခြေဘဝါးအပြင်မှသည် အထက်ဆံဖျားတိုင်အောင် မိမိ ကိုယ်ကို ဆင်ခြင်သည် ရှိသော်။ အကျော်စမ္ပာ ကရမက် ကတိုး စသော တစုံတခုသော အမွှေးအကြိုင်ကိုမမြင်ရဘဲ။ စင်စစ်သော် ကား။ ဆံပင်။ မွေးညှင်း။ ခြေသည်းလက်သည်း။သွား။အရေ။အ သား။အကြော။အရိုး။ရိုးတွင်းခြင်ဆီ။အညှို။ နှလုံး။ အသည်း။ အ မြှေး။ အဖျဉ်း။ အဆုတ်။ အူမ။အူသိမ်။အစာသစ်။အစာဟောင်း။ ဦးနှောက်။သည်းခြေ။သလိပ်။ပြည်။ သွေး။ချွေး။အဆီခဲ။မျက်ရည်။ ဆီကြည်။တံတွေး။နှပ်။အစေး။ကျင်ငယ်။အားဖြင့်သုံးဆယ့်နှစ်ပါး သော ကောဋ္ဌာသဟု ဆိုအပ်သောစက်ဆုပ်ရွံရှာဘွယ် အစုအတိ သာပြည့်လေသည်ဟု အောက်မေ့ ဆင်ခြင်ရာ၏။ ဤသုံးဆယ့်နှစ် ပါးသောအစုတို့သည် အဆင်း အားဖြင့်၎င်း။ သဏ္ဌာန်အားဖြင့် ၎င်း။ အနံ့အားဖြင့်၎င်း။ တည်ရာအားဖြင့်၎င်း။ မတင့်တယ် စက် ဆုပ်ရွံရှာဘွယ်သာဟု ဆင်ခြင်အောက်မေ့ရာ၏။ ဤသို့လျှင် မိမိ ၏သဏ္ဌာန်၌၎င်း။အပသဏ္ဌာန်၌၎င်း။ ရံခါမိမိသဏ္ဌာန်၌ ရံခါအပ သဏ္ဌာန်၌၎င်း။ ဆံအမွှေးစသော အပေါင်းကို အထက်ပါနည်း အတိုင်းဆင်ခြင်နှလုံးသွင်းရာ၏။

## (၅) ဓါတ်အားဖြင့်ဆင်ခြင်ပုံ။

ဓါတ်အားဖြင့် ဆင်ခြင် ရန်ကား။ လိမ္မာသော နွားသတ် ယောကျ်ားဆရာတပည့်တို့သည်နွားကိုသတ်ပြီးသည့်ကာလ နွား

---

* မှတ်ချက်။ ။မိမိသဏ္ဌာန်၌ရှိသောဆံအမွေးမသည်တို့နှင့်–အပသဏ္ဌာန်၌ရှိသော ဆံအမွေး စ သည်တို့ကို တခါတည်းမရှုနိုင်မဆင်ခြင်နိုင်။ရံခါကာလ၌မိမိသဏ္ဌာန်၌။အခြားကာလ၌ အပသဏ္ဌာန်၌ ရှိသောဆံစသည်တို့ကိုရှုရသည်။

ဟူသောအမည်ပျောက်ကင်း၍ အသားနှလုံးသည်းခြေစသည်ဖြင့် ခွဲခြား၍ လမ်းမလေးဖြာ၌ခင်းကျင်းပြထားသကဲ့သို့။ ထိုအတူ ယောဂါဝစရပုဂ္ဂိုလ်သည်တည်မြဲတိုင်း ထားမြဲတိုင်းသော ဤရူပကာယ ခန္ဓာကိုယ်ကြီးကို။ ဤကား ကြမ်းထန်း ခက်မာခြင်း လက္ခဏာရှိသောပထဝီဓါတ်တည်း၊ ဤကားပြေ့ပျောင်းခြင်း ဖွဲ့စည်းခြင်း လက္ခဏာရှိသော အာပေါဓါတ်တည်း။ ဤကားရင့်ကျက်စေခြင်း ပူခြင်းလက္ခဏာရှိသော တေဇောဓါတ်တည်း၊ ဤကားလှုပ်ရှားခြင်းပြန့်နှံ့စေခြင်းလက္ခဏာရှိသောဝါယောဓါတ်တည်းဟု အသီးအသီးရှုဆင်ခြင်ရာ၏။ ဤကားဓါတ်အားဖြင့်ရှုဆင်ခြင်ပုံတည်း။

## (၆-၁၄) မိမိခန္ဓာကိုယ်ကို-ကိုးနည်းခွဲဝေ၍ရှုဆင်ခြင်ပုံ။

မိမိ၏ခန္ဓာကိုယ်ကို ကိုးနည်း အားဖြင့် ခွဲဝေ၍ ရှုဆင်ခြင်ပုံကား။ ကမ္မဋ္ဌာန်း အားထုတ်သော ယောဂါဝစရ ပုဂ္ဂိုလ်သည်၊ သုသာန်တစ သင်္ချိုင်းဝ၌ ပစ်၍ထားအပ်သော။ သေပြီး၍ တရက် နှစ်ရက် သုံးရက် ရှိပြီးသော ဖူးဖူးယောင်၍ အနီအဖြူရောပြီးလျှင် များသောအားဖြင့် ညိုသောအဆင်းရှိသော ယိုးစီးသော သွေးပြည်ရှိသော အကောင်ပုပ်ကိုမြင်လေရာ၏။ ထိုသို့မြင်သောအခါ၌ ငါ၏ခန္ဓာကိုယ်ကြီးသည်လည်း ဤကဲ့သို့ပင် ဖူးဖူးယောင်ခြင်း စသောသဘောရှိ၏။ ဖူးဖူးယောင်ခြင်းစသည်တို့သည်ဖြစ်လတ္တံ့။ ဤသဘော တရားကို မလွန် နိုင်ချေဟု မိမိ ခန္ဓာ ကိုယ်သို့သာလျှင် ထိုမြင်ရသောအရာကို ထပ်တူဆောင်၍ ရှုဆင်ခြင်ရာ၏။ မိမိသန္တာန်။ အပသန္တာန်စသည်ကိုလည်း ဤနည်းတူဆင်ခြင်ရာ၏။ ။ပထမနည်း။

ကမ္မဋ္ဌာန်း အား ထုတ် သော ယောဂါဝစရ ပုဂ္ဂိုလ်သည် သုသာန်တစသင်္ချိုင်းဝ၌ စွန့်ပစ်အပ်သော၊ ကျီး၊ စွန်ရဲ၊ ဘုမ္မတီး ငှက်၊ အိမ်ခွေး၊ ကျား၊ သစ်၊ မြေခွေး၊ တောခွေး၊ အမျိုးမျိုးသောပိုးလောက်တို့သည် ကိုက်ခဲစားသောက်အပ်သော အကောင်ပုပ်ကို မြင်လေရာ၏၊ ထိုသို့ မြင်သောအခါ၌ ငါ၏ ခန္ဓာကိုယ်ကြီးသည်လည်း ဤကျီးစသောသတ္တဝါတို့သည်စားသောက် အပ်သောသဘောရှိ၏။ ကျီးစွန်စသည်တို့စားသောက်ခြင်းသည်ဖြစ်လတ္တံ့။ ဤ

သဘောတရာကိုမလွန်နိုင်ချေဟု မိမိခန္ဓာကိုယ်သို့သာလျှင်ထိုမြင်ရသောအရာတို့ကို ထပ်တူဆောင်၍ ဆင်ခြင်ရာ၏။ မိမိသန္တာန်စသည့်တို့ကိုလည်း နည်းတူဆင်ခြင်ရာ၏။ ။ဒုတိယနည်း။

ထိုမှတပါးလည်း။ သုသာန်၌ စွန့်ပစ်အပ်သော အရိုးဆက်ရှိသော အသားအသွေးနှင့်တကွသော။ အကြောဖြင့် ဖွဲ့အပ်သော အကောင်းပုပ်ကို မြင်လေရာ၏။ ထိုသို့ မြင်သော အခါ၌လည်း အထက်ပါနည်းအတိုင်း ငါ၏ ခန္ဓာကိုယ်ကြီး သည်လည်း ဖြစ်ရလတ္တံ့ဟု ဆင်ခြင်နှလုံးသွင်းရာ၏။ ။တတိယနည်း။

ထိုမှတပါးလည်း။ သုသာန်၌ စွန့်ပစ်အပ်သော အရိုးဆက် ရှိသောအသားမရှိမူ၍ အသွေးဖြင့်သာ လိမ်းကျံအပ်သောအကြောဖြင့်ဖွဲ့အပ်သောအကောင်ပုပ်ကိုမြင်၍။ငါ၏ခန္ဓာကိုယ်သည်လည်း ဤကဲ့သို့ပင် ဖြစ်ရလတ္တံ့ဟု ဆင်ခြင် နှလုံးသွင်းရာ၏။ ။စတုတ္ထနည်း။

ထိုမှတပါးလည်း။ သုသာန်၌ စွန့်ပစ်အပ်သော အရိုးဆက်ရှိသော။ အသားအသွေးကင်းလေပြီးသော။ အကြောဖြင့် ဖွဲ့အပ်သော အကောင်ပုပ်ကိုမြင်၍။ငါ၏ခန္ဓာကိုယ်သည်လည်းဤကဲ့သို့ပင် ဖြစ်ရလတ္တံ့ဟု ဆင်ခြင်အောက်မေ့ရာ၏။ ။ပဥ္စမနည်း။

ထိုမှတပါးလည်း။ သုသာန်၌စွန့်ပစ်အပ်သော။တခုသော အရပ်၌ လက်ရိုးကို။ တခုသောအရပ်၌ခြေရိုးကို။ တခုသောအရပ်၌ ဖမျက်ရိုးကို။ မြင်းခေါင်းရိုးကို။ ပေါင်ရိုးကို။ ခါးရိုးကို။ နံရိုးကို။ ကျောက်ဆူးရိုးကို။ ပခုံးရိုးကို။ လည်ဂုတ်ရိုးကို။မေးရိုးကို။ သွားရိုးကို။ခေါင်းခွံကို။ ဤသို့လျှင်တူရူဖြစ်သော အရပ်မျက်နှာ။ ထောင့်ဖြစ်သော အရပ်မျက်နှာတို့၌ပစ်စွန့်အပ်၍။ အကြောပြတ်၍ အစပ်ကင်းကုန်သောအရိုးတို့ကိုမြင်သောအခါ၌။ငါ၏ခန္ဓာကိုယ်သည်လည်း ဤကဲ့သို့ပင် ဖြစ်ရလတ္တံ့ဟု ဆင်ခြင်နှလုံးသွင်းရာ၏။ ။ဆဋ္ဌနည်း။

တိုမှတပါး။ ဖြူဖြူဖွေးသော ခရုသင်းအဆင်းနှင့် တူကုန်သော အရိုးစုတို့ကိုမြင်သောအခါ၌။ ငါ၏ ခန္ဓာကိုယ်သည်လည်း ဤကဲ့သို့ပင်ဖြစ်ရလတ္တံ့ဟုဆင်ခြင်နှလုံးသွင်းရာ၏။ ။သတ္တမနည်း။

ထိုမှတပါးလည်း။ အစုဖရိုဖရဲကြဲကုန်သော။ ခါကျုံးနှစ်လည် မိုဃ်းရည်စွတ်ကာ ကြာမြင့်လေကုန်ပြီးသောအရိုးတို့ကိုမြင်သော အခါ၌။ ငါ၏ ခန္ဓာကိုယ်သည်လည်း ဤကဲ့သို့ပင်ဖြစ်ရချေအံ့ဟု ဆင်ခြင်နှလုံးသွင်းရာ၏။ ။အဋ္ဌမနည်း။

ထိုမှတပါးလည်း။ကမ္ဘဋ္ဌာန်းစိုးဖြန်းသောယောဂါဝစရပုဂ္ဂိုလ်သည်။ ဆွေးမြေ့ကုန်ပြီးသော။ မုန့်မုန့်ညက်ညက်ဖြစ်၍ ဖရိုဖရဲကြဲကုန်သောအရိုးတို့ကိုမြင်သောအခါ၌။ ငါ၏ ခန္ဓာကိုယ်ကြီးသည်လည်း ဤကဲ့သို့ပင်ဖြစ်ခြင်းသဘောရှိ၏။ မုန့်မုန့်ညက်ညက် ကြေပျက်ခြင်းသို့ ရောက်ရလတ္တံ့။ ဤသဘော တရားကို မလွန်နိုင်ချေဟု မိမိခန္ဓာကိုယ်သို့သာလျှင် ထိုတွေ့မြင်ရသောအရာကို ထပ်တူဆောင်၍ ရှုဆင်ခြင်အပ်၏။ ။နဝမနည်း။

တဆယ့်လေးပါးသော ကာယာနုပဿနာရှုနည်းပြီး၏။

---

## ၂။ ။ဝေဒနာနုပဿနာသတိပဋ္ဌာန်။

ဝေဒနာနုပဿနာသတိပဋ္ဌာန်၌ ဝေဒနာသည်။သုခဝေဒနာ။ ဒုက္ခဝေဒနာ။ဥပေက္ခာဝေဒနာအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဣဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိသော ဝေဒနာသည် သုခဝေဒနာမည်၏။ အနိဋ္ဌာရုံကိုခံစားခြင်း လက္ခဏာရှိသောဝေဒနာသည် ဒုက္ခဝေဒနာမည်၏။ဣဋ္ဌမဇ္ဈတ္တာရုံကိုခံစားခြင်းလက္ခဏာရှိသော ဝေဒနာသည် ဥပေက္ခာဝေဒနာမည်၏။ သုခဝေဒနာသည်လည်း ရူပါရုံစသောအလိုရှိအပ်သောအာရုံကို ငါရပေသည်။ ရပြီးသည်ကိုလည်းငါရပေပြီဟု အောက်မေ့သော သူအား ဖြစ်သော သုခဝေဒနာသည် ကာမဂုဏ်ငါးပါးတည်းဟူသော အာမိသနှင့်စပ်လျဉ်းသောကြောင့် သာမိသသုခဝေဒနာမည်၏။ ရူပါရုံစသည်တို့၌ မမြဲသော အနိစ္စသဘောကို မြင်၍ ဖြစ်ပြီး ဖြစ်ဆဲသော ရူပါရုံ စသည်တို့သည်။ အနိစ္စသာတည်းဟု အောက်မေ့သောသူအား ဖြစ်သော သုခဝေဒနာသည် ကာမဂုဏ်ငါးပါးတည်းဟူသော အာမိသနှင့်မရောမစပ်သောကြောင့် နိရာမိသသုခဝေဒနာမည်၏။

ဒုက္ခဝေဒနာ၌လည်း ရူပါရုံစသောအလိုရှိအပ်သော အာရုံတို့ကိုမရလျှင် မရပါလေ။ရပြီး၍ပျောက်ပျက်ခဲ့ပြန်လည်း ပျောက်ပျက်ခဲ့ချေပြီဟု အောက်မေ့သောသူအား ဖြစ်သောဒုက္ခဝေဒနာသည် ကာမဂုဏ်နှင့်ယှဉ်စပ်သောကြောင့် သာမိသ ဒုက္ခဝေဒနာမည်၏။ ရူပါရုံစသည်တို့၌ မမြဲသော အနိစ္စသဘောကိုမြင်၍ မဂ်ဖိုလ်ရအောင်အားထုတ်ငြားသော်လည်းမရနိုင်သောကြောင့်ဖြစ်သောနှလုံးမသာယာခြင်းသည် ကာမဂုဏ်နှင့်မစပ်သောကြောင့် နိရာမိသဒုက္ခဝေဒနာမည်၏။ ဥပေက္ခာဝေဒနာ၌လည်း ရူပါရုံစသော အလိုရှိအပ်သောအာရုံတို့ကို အာရုံပြု၍ ပုထုဇန်ပုဂ္ဂိုလ်အား ဖြစ်သောဥပေက္ခာဝေဒနာသည်ကာမဂုဏ် ငါးပါးတည်းဟူသော အာမိသနှင့်စပ်သောကြောင့်သာမိသဥပေက္ခာဝေဒနာမည်၏။ ရူပါရုံစသည်တို့၏ အနိစ္စသဘောကိုမြင်၍ ဖြစ်ဆဲဖြစ်ပြီးဖြစ်ကုန်သော ရူပါရုံစသည်တို့သည် အနိစ္စသဘောသာရှိကုန်၏ဟု အောက်မေ့သောသူအား ဖြစ်သော ဥပေက္ခာဝေဒနာသည် နိရာမိသဥပေက္ခာဝေဒနာမည်၏။ ထိုကိုးပါးသောဝေဒနာတို့ကို ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂါဝစရပုဂ္ဂိုလ်သည် သုခဝေဒနာကို ခံစားဆဲတွင် ငါသည် သုခဝေဒနာကိုခံစားဆဲဖြစ်၏။ ဒုက္ခဝေဒနာနှင့် ဥပေက္ခာဝေဒနာတို့ကို မခံစားဟု မိမိခံစားဆဲဖြစ်သော သုခဝေဒနာကိုသိသော မပြတ်သောသတိရှိ၏။ရှိအောင်ပြုရာ၏။ဒုက္ခဝေဒနာကိုခံစားဆဲ၌လည်း ငါသည်ဒုက္ခဝေဒနာကိုခံစား၏ဟုသိရာ၏။သိအောင်ပြုလုပ်အပ်၏။ ဥပေက္ခာဝေဒနာကိုခံစားဆဲ၌လည်း ငါသည် ဥပေက္ခာ ဝေဒနာကို ခံစားဆဲဖြစ်သည်ဟု သိသောသတိရှိရာ၏။ ဤနည်းအတိုင်း သာမိသ သုခဝေဒနာကိုခံစားသော်၎င်း။ နိရာမိသသုခဝေဒနာကိုခံစားသော်၎င်း။ သာမိသဒုက္ခဝေဒနာကို ခံစားသော်၎င်း။ နိရာမိသဒုက္ခဝေဒနာကိုခံစားသော်၎င်း။ သာမိသဥပေက္ခာဝေဒနာကို ခံစားသော်၎င်း။ နိရာမိသ ဥပေက္ခာ ဝေဒနာကို ခံစားသော်၎င်း။ ငါသည် မည်သည့်ဝေဒနာကိုခံစားဆဲဖြစ်သည်ဟု မပြတ်ထင်မြင်သောသတိရှိစေရာ၏။ ထိုအတူမိမိ၏သန္တာန်၌ဖြစ်သောဝေဒနာတို့ကို မပြတ်ထင်မြင်၍၎င်း။ အပသန္တာန်၌ဖြစ်သောဝေဒနာတို့

ကို မပြတ်ထင်မြင်၍၎င်း။ ရံခါမိမိ၏သန္တာန် ရံခါအပသန္တာန်၌ ဖြစ်သောဝေဒနာတို့ကို မပြတ်ထင်မြင်သော သတိရှိစေ၍ ၎င်း နေရာ၏။ အဝိဇ္ဇာ တဏှာသမုဒယ ဟူသော ဝေဒနာတို့၏ ဖြစ်ကြောင်းသဘောကို၎င်း။ အဝိဇ္ဇာတဏှာသမုဒယတို့၏ ချုပ်ခြင်း ပျက်စီးခြင်းဟူသော ဝေဒနာတို့၏ ပျက်စီးကြောင်းချုပ်ကြောင်း သဘောကို၎င်း၊ ရံခါဖြစ်ခြင်း၊ ရံခါပျက်ခြင်းအကြောင်းတို့ကို၎င်း။ မပြတ်ရှုဆင်ခြင်သော သတိရှိစေရာ၏။ ရှိအောင်ပြုအပ်၏။ ထိုသို့ ရှုဆင်ခြင်၍ မပြတ်ထင်မြင်ခြင်းရှိသော ပုဂ္ဂိုလ်အား ခံစားခြင်း ဟူသည် ပုဂ္ဂိုလ်သတ္တဝါ ယောကျ်ားမိန်းမ မဟုတ်။ ဝေဒနာ သက်သက်မျှသာတည်းဟု ဝေဒနာကိုမပြတ်ထင်မြင်သော သတိ သည် ဖြစ်ပေါ်လာ၏။ ဤသို့ ဝေဒနာကို မပြတ်အောက်မေ့ခြင်း သတိသည် အဆင့်ဆင့်ဝေဒနာ နုပဿနာဉာဏ် ရင့်သန်ခြင်း၏ အကျိုးငှါသာဖြစ်၍ ဝေဒနာတရားကို တဏှာဒိဋ္ဌိအားဖြင့် မစွဲ မလမ်းနိုင်တော့ပြီ။ ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော လောက၌ တစုံတခုသောတရားကို ငါအစိုးရသော ကိုယ်ဟူ၍ ဒိဋ္ဌိအားဖြင့် ၎င်း။ ငါ၏ကိုယ်ပိုင်ဥစ္စာဟူ၍ တဏှာအားဖြင့်မစွဲလမ်းမူ၍ ခံစား ခြင်းဝေဒနာကို ခံစားခြင်း ဝေဒနာမျှသာဟု ဉာဏ်တွင်ထင်မြင် လေတော့၏။ ။ဝေဒနာနုပဿနာသတိပဋ္ဌာန်ပြီး၏။ ။

## ၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်။

စိတ္တာနုပဿနာသတိပဋ္ဌာန်၌။ စိတ်သည်။ သရာဂစိတ်။ ဝီတရာဂစိတ်။ သဒေါသစိတ်။ ဝီတဒေါသစိတ်။ သမောဟစိတ်။ ဝီတမောဟစိတ်။ သံခိတ္တစိတ်။ ဝိက္ခိတ္တစိတ်။ မဟဂ္ဂတစိတ်။ အမဟဂ္ဂတစိတ်။ သဥတ္တရစိတ်။ အနုတ္တရစိတ်။ သမာဟိတစိတ်။ အသမာဟိတစိတ်။ ဝိမုတ္တစိတ်။ အဝိမုတ္တစိတ်အားဖြင့် တဆဲ့ခြောက်ပါးအပြား ရှိ၏။ ထိုတဆဲ့ခြောက်ပါးတို့တွင် ရာဂနှင့်ယှဉ်သောလောဘမူစိတ် ရှစ်ခုသည် သရာဂစိတ်မည်၏။ လောကီကုသိုလ် တဆဲ့ခုနစ်ခု။ လောကီဝိပါက် သုံးဆဲ့နှစ်ခု။ ကြိယာစိတ် နှစ်ဆယ် အားဖြင့် ခြောက်ဆဲ့ကိုးခုသော လောကီကုသိုလ် အဗျာကတ စိတ်သည် ဝီတရာဂစိတ်မည်၏။ ဒေါသမူဒွေးသည် သဒေါသစိတ်မည်၏။

ဒေါသနှင့်မယှဉ်သော ဆိုခဲ့ပြီးသော လောကီကုသိုလ်အဗျာကတစိတ် ခြောက်ဆဲ့ကိုးခုသည် ဝီတဒေါသစိတ်မည်၏။ မောဟနှင့်ယှဉ်သောအကုသိုလ်စိတ်တဆဲ့နှစ်ခုသည်။သမောဟစိတ်မည်၏။ မောဟကင်းသော ဆိုခဲ့ပြီးသော လောကီကုသိုလ် အဗျာကတစိတ် ခြောက်ဆဲ့ကိုးခုသည် ဝီတမောဟစိတ်မည်၏။ အကုသိုလ်သသန်ါရိကစိတ်ငါးခုသည် ငိုက်မျည်းခြင်း တွန့်ခြင်း သဘောရှိသောကြောင့် သံခိတ္တစိတ်မည်၏။ ဥဒ္ဒစ္စသဟဂုတ် စိတ်သည်ပြန့်လွင့်သောသဘော ရှိသောကြောင့်ဝိက္ခိတ္တစိတ်မည်၏။ ရူပစိတ်တဆဲ့ငါးခု၊အရူပစိတ်တဆဲ့နှစ်ခုအားဖြင့် နှစ်ဆဲ့ခုနစ်ခုသောစိတ်သည် မဟဂ္ဂတစိတ်မည်၏။ ဤကာမစိတ် ငါးဆဲ့လေးခုသည် အမဟဂ္ဂတစိတ် မည်၏။ ၎င်းကာမစိတ် ငါးဆဲ့လေးခု ပင်လျှင်သဉတ္တရစိတ်မည်၏။ ရူပစိတ်တဆဲ့ငါးခုနှင့် အရူပစိတ်တဆဲ့နှစ်ခုပေါင်း နှစ်ဆဲ့ခုနစ်ခုသည် အနုတ္တရစိတ် မည်၏။ ။စိတ္တာနုပဿနာသတိပဋ္ဌာန်အရာ၌ လောကုတ္တရာစိတ်ကို အလျဉ်းမယူရကား။ ရူပနှင့်အရူပစိတ်တို့သည် လောကီတရားတို့တွင် မိမိတို့ထက် လွန်မြတ်သော တရားမရှိရကား။ အနုတ္တရစိတ်ဟုဆိုအပ်၏။ ရူပနှင့်အရူပတွင်လည်း။ အရူပစိတ်သည် ရူပစိတ်ထက် လွန်မြတ်ရကား။ ရူပစိတ်သည် သဉတ္တရမည်၏။ အရူပစိတ်သည်အနုတ္တရမည်၏။ ဥပစာရသမာဓိ။ အပ္ပနာသမာဓိနှင့်ယှဉ်သောမဟာကုသိုလ်။မဟာကြိယာ။ မဟဂ္ဂုတ်ကုသိုလ်။မဟဂ္ဂုတ်ကြိယာစိတ်တို့သည် သမာဟိတစိတ်မည်၏။ ဥပစာရသမာဓိ။ အပ္ပနာသမာဓိနှင့် မယှဉ်သော မဟဂ္ဂုတ်ကုသိုလ်။ မဟဂ္ဂုတ်ကြိယာမှတပါးသောစိတ်သည် အသမာဟိတစိတ်မည်၏။ တဒင်္ဂပဟာန်။ ဝိက္ခမ္ဘနပဟာန်တို့ဖြင့်ကိလေသာမှလွတ်သောလောကီစိတ် တဆဲ့ခုနစ်ခုသည်၊ ဝိမုတ္တစိတ်မည်၏။ ထိုသို့ တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်တို့ဖြင့်ကိလေသာမှလွတ်သောလောကီကုသိုလ်။ကြိယာမှတပါးသောအကုသိုလ်စိတ် တဆဲ့နှစ်ခု။ လောကီဝိပါက် သုံးဆဲ့နှစ်ခုတို့သည် အဝိမုတ္တစိတ်မည်၏။

ထိုတဆဲ့ခြောက်ပါးတို့တွင် ၊စိတ္တာနုပဿနာ သတိပဋ္ဌာန်ကိုပွါးများအားထုတ်သောပုဂ္ဂိုလ်သည်။အကြင်အခါ၌ သရာဂစိတ်

ဖြစ်ဆဲဖြစ်၏။ ထိုအခါငါ့အား သရာဂစိတ်ဖြစ်ဆဲဖြစ်၏ဟုမပြတ် ထင်သောသတိရှိစေရာ၏။ ဝီတရာဂစိတ်ဖြစ်သော်၎င်း။ သဒေါသ စိတ်။ ဝီတဒေါသစိတ်။ သမောဟစိတ်။ ဝီတမောဟစိတ်။ သံခိတ္တ စိတ်။ ဝိက္ခိတ္တစိတ်။ မဟဂ္ဂတစိတ်။ အမဟဂ္ဂတစိတ်။ သဥတ္တရစိတ်။ အနုတ္တရစိတ်။ သမာဟိတစိတ်။ အသမာဟိတစိတ်။ ဝိမုတ္တစိတ်။ အဝိမုတ္တစိတ်တို့ အသီးအသီးဖြစ်ဆဲ၌လည်း။ ငါ့အား ဤမည်ဤမည် သောစိတ်သည် ဖြစ်ဆဲဖြစ်၏ဟု အသီးသီး မပြတ်ထင်မြင်သော သတိရှိရာ၏။ ရှိအောင်ပြုအပ်၏။ ဤနည်းအားဖြင့်မိမိ၏သန္တာန် ၌ဖြစ်သောစိတ်တို့ကို၎င်း။ အပသန္တာန်၌ဖြစ်သောစိတ်တို့ကို၎င်း။ ရံခါမိမိ၏သန္တာန်၌ ရံခါအပသန္တာန်၌ဖြစ်သော စိတ်တို့ကို၎င်း၊ မပြတ်ထင်မြင်သော သတိရှိသည်ဖြစ်၍နေရာ၏။ အဝိဇ္ဇာတဏှာ ကံ နာမ် ရုပ် ဟူသော စိတ်၏ဖြစ်ကြောင်း သဘော တို့ကို၎င်း၊ အဝိဇ္ဇာ တဏှာ ကံ နာမ် ရုပ် တို့၏ ချုပ်ပျောက် ပျက်စီးခြင်းဟူ သော ပျက်စီးခြင်း အကြောင်း တရားတို့ကို၎င်း။ ဖြစ်ကြောင်း ပျက်ကြောင်းနှစ်ပါးစုံကို၎င်း မပြတ်ထင်မြင်သော သတိရှိစေရာ ၏။ ထိုသို့ရှုဆင်ခြင်၍ မပြတ်ထင်မြင်သော သတိရှိသောပုဂ္ဂိုလ် အား အာရုံကို သိခြင်းဟူသည် စိတ်သာတည်း။ ငါ သူတပါး ယောကျ်ား မိန်းမ မတုတ်ဟူ၍ စိတ်ကိုသာ တာဝန်ချ၍ မပြတ် ထင်မြင်သော သတိတရား ဖြစ်ပေါ်လာ၏။ ထိုသတိသည် အ ဆင့်ဆင့် စိတ္တာနုပဿနာဉာဏ် ရင့်သန်ခြင်း အကျိုး ကိုသာ ဖြစ်စေ၍ စိတ်တရားကို တဏှာဒိဋ္ဌိအားဖြင့် မစွဲလမ်းတော့ပြီ။ ဥပါဒါနက္ခန္ဓာတည်းဟူသော လောက၌တစုံတခုသောတရားကို ငါအစိုးရသောကိုယ်ဟူ၍ ဒိဋ္ဌိအားဖြင့်၎င်း။ ငါ၏ကိုယ်ပိုင်ဥစ္စာ ဟူ၍ တဏှာအားဖြင့်၎င်း မစွဲမလမ်းမူ၍အာရုံကိုသိခြင်းသဘော ရှိသောစိတ်ကို အာရုံကိုသိသောစိတ်မျှသာဟု ဉာဏ်တွင် ထင် မြင်လေတော့ သည်။ ။

စိတ္တာနုပဿနာသတိပဋ္ဌာန်ပြီး၏။ ။

## ၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန်။

ဓမ္မာနုပဿနာသတိပဋ္ဌာန်၌ဆင်ခြင်ခြင်းသည်။ နီဝရဏအား ဖြင့်ဆင်ခြင်ခြင်း။ ဥပါဒါနက္ခန္ဓာအားဖြင့်ဆင်ခြင်ခြင်း။ အာယတန

အားဖြင့်ဆင်ခြင်ခြင်း။ဗောဇ္ဈင်အားဖြင့်ဆင်ခြင်ခြင်း။ သစ္စာအားဖြင့် ဆင်ခြင်ခြင်းဟူ၍ငါးပါးအပြားရှိ၏။

## (၁) နီဝရဏအားဖြင့်ရှုဆင်ခြင်ခြင်း။

ထိုငါးပါးတို့တွင်နီဝရဏအားဖြင့်ရှုဆင်ခြင်ခြင်းဟန်ကား။ယောဂီပုဂ္ဂိုလ်သည် မိမိသန္တာန်၌မပြတ်ဖြစ်၍ထင်ရှားရှိသောကာမဂုဏ်ကို တပ်မက်ခြင်း။ လောဘဟု ဆိုအပ်သော ကာမစ္ဆန္ဒကို ငါ၏ကိုယ်တွင်းသန္တာန်၌ ကာမစ္ဆန္ဒနီဝရဏ တရားသည် ရှိ၏ဟူ၍၎င်း။ မိမိသန္တာန်၌ မပြတ်မဖြစ်ခြင်းပယ်ခြင်းကြောင့်ထင်ရှားမရှိသော ကာမစ္ဆန္ဒကို ငါ၏ အတွင်း၌ သန္တာန် ကာမစ္ဆန္ဒ မရှိဟူ၍၎င်း။ ရှေးရှေးသောသုဘအာရုံ၌ မသင့်သော နှလုံးသွင်းခြင်းကြောင့် မဖြစ်သေးသော ကာမစ္ဆန္ဒတရားသည်ဖြစ်ပေါ်လာ၏။ ထိုသို့ရှေးရှေးသောသုဘအာရုံ၌ မသင့်သော နှလုံးသွင်းခြင်းဟု ဆိုအပ်သော အကြောင်းကို၎င်း။ အသုဘအာရုံ၌ အသုဘဟု သင့်တင့်သော နှလုံးသွင်းခြင်းဖြင့် ဖြစ်ပေါ်လာသော ကာမစ္ဆန္ဒတရားကို တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ရှား၏။ ထိုအသုဘအာရုံ၌ အသင့် နှလုံးသွင်းခြင်းတည်း ဟူသော အကြောင်းကို၎င်း။ ထိုတဒင်္ဂ ဝိက္ခမ္ဘနတို့ဖြင့် ပယ်အပ်ပြီးသော ကာမစ္ဆန္ဒတရား၏ နောင်အခါ၌ အရဟတ္တမဂ်ဖြင့် ပယ်သဖြင့် မဖြစ်ပေါ်ခြင်း ဖြစ်မည်။ ထိုအသစ်တဖန် မဖြစ်ကြောင်းကို၎င်း သိအောင်အစဉ်မပြတ်ဆင်ခြင်သောသတိရှိစေရာ၏။

မိမိသန္တာန်၌မပြတ်ဖြစ်၍ ထင်ရှားရှိသော ဒေါသဟု ဆိုအပ်သော ဗျာပါဒနီဝရဏကို ငါ၏ကိုယ်တွင်း သန္တာန်၌ ဗျာပါဒတရားသည်ရှိ၏ဟူ၍၎င်း။မိမိသန္တာန်၌ မပြတ်မဖြစ်ခြင်းပယ်ခြင်းကြောင့် ထင်ရှားမရှိသော ဗျာပါဒကို ငါ၏အတွင်းသန္တာန်၌ ဗျာပါဒမရှိဟူ၍၎င်း၊ အကြင်ရှေးရှေးသော ဒေါသပဋိဃအာရုံ၌ မသင့်သော နှလုံး သွင်းခြင်းကြောင့် မဖြစ်ပေါ်သော ဗျာပါဒ တရားသည် ဖြစ်ပေါ်လာ၏။ ထိုရှေးရှေးသော ဒေါသပဋိဃ အာရုံ၌ မသင့်သောနှလုံးသွင်းခြင်းဟု ဆိုအပ်သောအကြောင်းကို၎င်း။ အကြင်မေတ္တာသမာဓိ၌ သင့်သောနှလုံးသွင်းခြင်းဖြင့်

ဖြစ်ပေါ်လာသော ဗျာပါဒကိုရင်း။ တဒင်္ဂဝိက္ခမ္ဘနတို့ဖြင့်ပယ်ရှား၏။ ထိုမေတ္တာသမာဓိအသင့်ဖြစ်သော နှလုံးသွင်းခြင်းဟူသော အကြောင်းကိုရင်း။ ထိုတဒင်္ဂဝိက္ခမ္ဘနတို့ဖြင့် ပယ်အပ်ပြီးသော ဗျာပါဒ၏ နောင်အခါ၌ အနာဂါမိမဂ်ဖြင့်ပယ်သဖြင့် မဖြစ်ပေါ်ခြင်းဖြစ်လတ္တံ့။ ထိုအသစ်တဖန်မဖြစ်ပေါ်ကြောင်းကိုရင်း အစဉ်မပြတ်ဆင်ခြင်သောသတိရှိစေရာ၏။

မိမိသန္တာန်၌မပြတ်ဖြစ်၍ ထင်ရှားရှိသော အိပ်ခြင်း၊ ငိုက်မျည်းခြင်း၊ ဟုဆိုအပ်သော ထိနမိဒ္ဓကို ငါ၏ကိုယ်တွင်းသန္တာန်၌ ထိနမိဒ္ဓတရားရှိ၏ ဟူ၍ရင်း။ မိမိသန္တာန်၌ ထင်ရှားမရှိသော ထိနမိဒ္ဓကို ငါ၏သန္တာန်၌ထိနမိဒ္ဓမရှိဟူ၍ရင်း။ အကြင်ပျင်းရိခြင်း၊ ထမင်းဆီယစ်ခြင်း၊ စိတ်စက်မခံ့တွန့်ခြင်း၊ မသင့်သောနှလုံးသွင်းခြင်းဟူသော အကြောင်းကြောင့် မဖြစ်ပေါ်သော ထိနမိဒ္ဓတရားသည် ဖြစ်ပေါ်၏။ ထိုပျင်းရိခြင်း။ ထမင်းဆီယစ်ခြင်းစသော အကြောင်းကိုရင်း။ အကြင်အားထုတ်ခြင်းအာရမ္ဘဓါတ်စသည်၌အသင့်နှလုံးသွင်းခြင်းဖြင့်ဖြစ်ပေါ်လာသော ထိနမိဒ္ဓကို တဒင်္ဂဝိက္ခမ္ဘနတို့ဖြင့် ပယ်ရှား၏။ ထိုအာရမ္ဘဓါတ်စသောအကြောင်းကိုရင်း။ အကြင်တဒင်္ဂဝိက္ခမ္ဘနတို့ဖြင့် ပယ်အပ်ပြီးသောထိနမိဒ္ဓ၏ နောင်အခါ၌ အရဟတ္တမဂ်ဖြင့်ပယ်သဖြင့် မဖြစ်ပေါ်ခြင်းဖြစ်လတ္တံ့။ ထိုအသစ်တဖန် မဖြစ်ပေါ်ကြောင်းကိုရင်း အစဉ်မပြတ် ရှုဆင်ခြင်သောသတိရှိစေရာ၏။

မိမိသန္တာန်၌ မပြတ်ဖြစ်၍ ထင်ရှားဖြစ်သော စိတ်၏မငြိမ်သက်ခြင်း လက္ခဏာရှိသောဥဒ္ဓစ္စ။ ပြုအပ်ပြီးသောဒုစရိုက်။ မပြုမိသော သုစရိုက်တို့၌ စိုးရိမ်ခြင်းလက္ခဏာရှိသော ကုက္ကုစ္စကို ငါ၏ကိုယ်တွင်းသန္တာန်၌ ဥဒ္ဓစ္စ ကုက္ကုစ္စတရားရှိ၏ ဟူ၍ရင်း။ ထင်ရှားမရှိသော ဥဒ္ဓစ္စကုက္ကုစ္စကို ငါ၏ ကိုယ်တွင်းသန္တာန်၌ ဥဒ္ဓစ္စကုက္ကုစ္စတရားမရှိဟူ၍ရင်း။ အကြင်စိတ်၏ မငြိမ်သက်ခြင်းအခြင်းအရာ၌ မသင့်သော နှလုံးသွင်းခြင်းကြောင့် မဖြစ်ပေါ်သေးသော ဥဒ္ဓစ္စ ကုက္ကုစ္စ တရားသည် ဖြစ်ပေါ်၏။ ထိုစိတ်၏ မငြိမ်သက်သောအခြင်းအရာ၌ မသင့်သော နှလုံးသွင်းခြင်းဟူသော အကြောင်းကိုရင်း။ အကြင်စိတ်၏ငြိမ်သက်ခြင်း၌ အသင့်

နှလုံးသွင်းခြင်းဟူသော အကြောင်းကြောင့်လည်း ဖြစ်ပေါ်လာသော ဥဒ္ဓစ္စကုက္ကုစ္စကို တဒင်္ဂဝိက္ခမ္ဘနတို့ဖြင့် ပယ်ရှား၏။ ထိုစိတ်၏ ငြိမ်သက်ခြင်း၌ အသင့်နှလုံးသွင်းခြင်းဟူသော အကြောင်းကိုငင်း။ အကြင်တဒင်္ဂဝိက္ခမ္ဘန အားဖြင့် ပယ်အပ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စ၏ နောင်အခါ၌ အရဟတ္တမဂ်ဖြင့် ပယ်သဖြင့်မဖြစ်ပေါ်ခြင်းဖြစ်လတ္တံ့။ ထိုအသစ်တဖန် မဖြစ်ပေါ်ခြင်းကိုငင်း အစဉ်မပြတ်ရှုဆင်ခြင်သောသတိရှိစေရာ၏။ ။

မိမိသန္တာန်၌မပြတ်ဖြစ်၍ ထင်ရှားရှိသော သို့လောသို့လော တွေးတော ယုံမှားခြင်း လက္ခဏာရှိသော ဝိစိကိစ္ဆာနီဝရဏကို ငါ၏ကိုယ်တွင်းသန္တာန်၌ ဝိစိကိစ္ဆာတရားရှိ၏ဟူ၍ငင်း။ ထင်ရှားမရှိသော ဝိစိကိစ္ဆာကို ငါ၏သန္တာန်၌ ဝိစိကိစ္ဆာမရှိ ဟူ၍ငင်း။ အကြင်မသင့်သော နှလုံးသွင်းခြင်း ဟူသော အကြောင်းကြောင့် မဖြစ်ပေါ် သေးသော ဝိစိကိစ္ဆာတရား ဖြစ်ပေါ်၏၊ ထိုမသင့်သော နှလုံးသွင်းခြင်းဟူသော အကြောင်းကိုငင်း။ အကြင် ကုသိုလ်အကုသိုလ်တရားတို့၌ အသင့်အားဖြင့် နှလုံးသွင်းခြင်းဟူသော အကြောင်းဖြင့် ဖြစ်ပေါ်လာသော ဝိစိကိစ္ဆာကို တဒင်္ဂဝိက္ခမ္ဘနတို့ဖြင့် ပယ်ရှား၏။ ထိုအသင့်အားဖြင့် နှလုံးသွင်းခြင်းဟူသော အကြောင်းကိုငင်း။ အကြင် တဒင်္ဂဝိက္ခမ္ဘန တို့ဖြင့် ပယ်အပ်ပြီးသော ဝိစိကိစ္ဆာ၏ နောင်အခါ၌ သောတာပတ္တိမဂ်ဖြင့် ပယ်သဖြင့် မဖြစ်လတ္တံ့။ ထိုအသစ်တဖန် မဖြစ်ပေါ်ကြောင်းကိုငင်း။ အစဉ်မပြတ်ရှုဆင်ခြင်သောသတိရှိစေရာ၏။ ဤသို့လျှင် အဇ္ဈတ္တသန္တာန် ဖြစ်သော နီဝရဏတို့ကိုငင်း။ ဗဟိဒ္ဓ၌ဖြစ်သော နီဝရဏတို့ကိုငင်း။ ရံခါအဇ္ဈတ္တ ရံခါဗဟိဒ္ဓ၌ဖြစ်သော နီဝရဏတရားတို့ကိုငင်း။ နီဝရဏတို့၏ အကြောင်းဖြစ်သော သုဘအာရုံစသည်၌ မသင့်သော နှလုံးသွင်းခြင်းတို့ကိုငင်း။ နီဝရဏတို့၏ ပျက်စီးကြောင်းဖြစ်သော အသုဘအာရုံစသည်၌ သင့်တင့်သော နှလုံးသွင်းခြင်း သဘောတို့ကိုငင်း၊ နှစ်ပါးစုံဖြစ်ကြောင်း ပျက်ကြောင်း သဘောတို့ကိုငင်း။ အစဉ်မပြတ်ရှုဆင်ခြင်သော သတိရှိစေရာ၏။ ထိုသို့ရှုဆင်ခြင်သော ပုဂ္ဂိုလ်အား နီဝရဏသာလျှင် မပြတ် ထင်သော သတိရှိ၏။ ထိုသတိသည် အဆင့်ဆင့် ဓမ္မာ

နုပဿနာဉာဏ် ရင့်သန်ခြင်း၏ အကျိုးငှါသာဖြစ်၍ နိဝရဏ
တရားတို့ကို တဏှာဒိဋ္ဌိအားဖြင့်မစွဲမလမ်းတော့ပြီ။ဥပါဒါနက္ခန္ဓာ
ဟုဆိုအပ်သော လောက၌ တစုံတခုသောတရားကို ငါ့အစိုးရ
သောကိုယ်ဟူ၍ ဒိဋ္ဌိအားဖြင့်၎င်း။ ငါ၏ ကိုယ်ပိုင် ဥစ္စာဟူ၍
တဏှာအားဖြင့် မစွဲလမ်းမူ၍ နိဝရဏတရားတို့ကို နိဝရဏဟူ၍
သာ ရှုဆင်ခြင်တော့သည်။ ။

နိဝရဏအားဖြင့်ဆင်ခြင်နည်းပြီး၏။

## (၂) ဥပါဒါနက္ခန္ဓာအားဖြင့်ရှုဆင်ခြင်ခြင်း။

ဥပါဒါနက္ခန္ဓာအားဖြင့် ရှုဆင်ခြင်ပုံကား။ဥပါဒါန်၏အာရုံ
ဖြစ်ကုန်သောခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာသည် ရုပ်နှစ်ဆဲ့ရှစ်ပါး
ကိုအစွဲပြု၍ သရုပ်အားဖြင့် နှစ်ဆဲ့ရှစ်ပါးရှိ၏။ သဘောအားဖြင့်
ဖောက်ပြန်ခြင်းသဘောရှိ၏ဟူ၍၎င်း။ ရူပက္ခန္ဓာ၏ ဖြစ်ကြောင်း
ကားအဝိဇ္ဇာ,တဏှာ,ကံ,အာဟာရ,ဖြစ်ခြင်း လက္ခဏာအားဖြင့်
ငါးပါး အတိုင်းအရှည်ရှိ၏ဟူ၍၎င်း။ ရူပက္ခန္ဓာ၏ ချုပ်ကြောင်း
ကား။ အဝိဇ္ဇာ,တဏှာ, ကံ, အာဟာရတို့၏ချုပ်ခြင်း, ပျက်ခြင်း
လက္ခဏာအားဖြင့် ငါးပါးအတိုင်းအရှည်ရှိ၏ ဟူ၍၎င်း။ ဝေဒ
နာက္ခန္ဓာသည် ဝေဒနာသုံးပါးကိုအစွဲပြု၍ သရုပ်အားဖြင့်သုံးပါး
ရှိ၏။သဘောအားဖြင့် အာရုံ၏အရသာကို ခံစားခြင်းရှိ၏ ဟူ၍
၎င်း။ ဝေဒနာက္ခန္ဓာ၏ ဖြစ်ကြောင်းကား၊ အဝိဇ္ဇာ, တဏှာ,ကံ,
ဖဿ, ဖြစ်ခြင်းလက္ခဏာ, အားဖြင့် ငါးပါးအတိုင်းအရှည် ရှိ၏
ဟူ၍၎င်း။ ဝေဒနာက္ခန္ဓာ၏ချုပ်ကြောင်းကား။ အဝိဇ္ဇာ,တဏှာ,
ကံ, ဖဿတို့၏ချုပ်ခြင်း, ပျက်ခြင်းလက္ခဏာ, အားဖြင့် ငါးပါး
အတိုင်း အရှည် ရှိ၏ ဟူ၍၎င်း။ သညာက္ခန္ဓာသည် ရူပသညာ
စသည်ကိုအစွဲပြု၍ သရုပ်အားဖြင့် ခြောက်ပါးရှိ၏။ သဘော
အားဖြင့် ရူပါရုံစသည်ကို မှတ်ခြင်း သဘော ရှိ၏ ဟူ၍၎င်း။
သညာက္ခန္ဓာ၏ ဖြစ်ကြောင်းကား အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ,
ဖြစ်ခြင်းလက္ခဏာအားဖြင့် ငါးပါးအတိုင်းအရှည်ရှိ၏ ဟူ၍၎င်း။
သညာက္ခန္ဓာ၏ ချုပ်ကြောင်းကား အဝိဇ္ဇာ,တဏှာ,ကံ, ဖဿတို့
၏ချုပ်ခြင်း, ပျက်ခြင်းလက္ခဏာအားဖြင့် ငါးပါးအတိုင်းအရှည်

ရှိ၏ဟူ၍၎င်း။ သင်္ခါရက္ခန္ဓာသည် ဝေဒနာသညာမှ တပါးသော စေတသိက် ငါးဆယ်ကိုအစွဲပြု၍ သရုပ်အားဖြင့် ငါးဆယ်ရှိ၏။ သဘောအားဖြင့် ပြုပြင်ခြင်းသဘောရှိ၏ဟူ၍၎င်း။သင်္ခါရက္ခန္ဓာတို့၏ဖြစ်ကြောင်းကား။ အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ, ဖြစ်ခြင်းလက္ခဏာအားဖြင့် ငါးပါးအတိုင်းအရှည် ရှိ၏ဟူ၍၎င်း။ သင်္ခါရက္ခန္ဓာတို့၏ချုပ်ကြောင်းကား။ အဝိဇ္ဇာ,တဏှာ,ကံ,ဖဿတို့၏ ချုပ်ခြင်း, ပျက်ခြင်း လက္ခဏာ,အားဖြင့် ငါးပါး အတိုင်းအရှည် ရှိ၏ဟူ၍၎င်း" ဝိညာဏက္ခန္ဓာသည် လောကီစိတ် ရှစ်ဆဲ့တခုကို အစွဲပြု၍ သရုပ် အားဖြင့် ရှစ်ဆဲ့တပါးရှိ၏။ သဘော အားဖြင့် အာရုံကိုသိခြင်းသဘောရှိ၏ဟူ၍၎င်း။ ဝိညာဏက္ခန္ဓာ၏ ဖြစ်ကြောင်းကား။ အဝိဇ္ဇာ,တဏှာ,ကံ, နာမ်ရုပ်,ဖြစ်ခြင်းလက္ခဏာအားဖြင့် ငါးပါးအတိုင်းအရှည်ရှိ၏ဟူ၍၎င်း။ဝိညာဏက္ခန္ဓာ၏ ချုပ်ကြောင်းကား။အဝိဇ္ဇာ,တဏှာ, ကံ,နာမ်ရုပ်တို့၏ ချုပ်ခြင်း, ပျက်ခြင်းလက္ခဏာအားဖြင့်ငါးပါးအတိုင်းအရှည်ရှိ၏ဟူ၍၎င်း။ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် အဇ္ဈတ္တသန္တာန်သက်သက်၌၎င်း။ ဗဟိဒ္ဓသန္တာန် သက်သက်၌၎င်း။ ရံခါ အဇ္ဈတ္တသန္တာန်၌။ ရံခါ ဗဟိဒ္ဓသန္တာန်၌၎င်း ဥပါဒါနက္ခန္ဓာတို့ကို အဖန်တလဲလဲ ရှုဆင်ခြင်ရာ၏။ ဥပါဒါနက္ခန္ဓာတို့၏ ဖြစ်ကြောင်းဖြစ်သော အဝိဇ္ဇာစသောသဘောတို့ကို၎င်း။ဥပါဒါနက္ခန္ဓာတို့၏ချုပ်ကြောင်းဖြစ်သော အဝိဇ္ဇာစသော သဘောတရားတို့၏ချုပ်ခြင်း ပျက်စီးခြင်းကို၎င်း။ ရံခါဖြစ်ကြောင်း ရံခါချုပ်ကြောင်း သဘောတို့ကို၎င်း။ အဘန်တလဲလဲ ရှုဆင်ခြင်ရာ၏။ ထိုသို့ရှုခြင်သော ပုဂ္ဂိုလ်အား ဥပါဒါနက္ခန္ဓာတရားသာလျှင် မပြတ်ထင်မြင်သော သတိရှိလေတော့၏။ ထိုသတိသည် အဆင့်ဆင့်သောဓမ္မာနုပဿနာဉာဏ်၏ ရင့်သန်ခြင်းအကျိုးငှါသာဖြစ်၍ ဥပါဒါနက္ခန္ဓာတို့ကိုတဏှာဒိဋ္ဌိအားဖြင့် မစွဲလမ်းနိုင်တော့ပြီ။ ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော လောက၌ တစုံတခုသောတရားကို ငါအစိုးရသော ကိုယ်ဟူ၍ ဒိဋ္ဌိအားဖြင့်၎င်း။ ငါ၏ကိုယ်ပိုင်ဥစ္စာဟူ၍တဏှာအားဖြင့်၎င်း။ မစွဲလမ်းမူ၍ ဥပါဒါနက္ခန္ဓာမျှကိုသာသိမြင်တော့သည်ဟူလို။

ဥပါဒါနက္ခန္ဓာအားဖြင့်ဆင်ခြင်ပုံပြီး၏။

## (၃) အာယတနအားဖြင့်ဆင်ခြင်ခြင်း။

အာယတနအားဖြင့်ဆင်ခြင်ပုံကား။ယောဂီပုဂ္ဂိုလ်သည် စက္ခုပသာဒဟုဆိုအပ်သော စက္ခာယတနကိုင်း၊ရူပါရုံဟုဆိုအပ်သော ရူပါယတနကိုင်း။ ထိုစက္ခုပသာဒနှင့် ရူပါရုံကိုအစွဲပြု၍ အကြင်ကာမရာဂစသော သံယောဇဉ် ဆယ်ပါးသည် ဖြစ်ပေါ်၏။ ထိုသံယောဇဉ်ဆယ်ပါးကိုင်း။ အကြင်မသင့်သောနှလုံးသွင်းခြင်းကြောင့် မဖြစ်ပေါ်သောသံယောဇဉ်သည်ဖြစ်ပေါ်လာ၏။ ထိုသံယောဇဉ်ဖြစ်ကြောင်းကိုင်း။ အကြင်သင့်တင့်သော နှလုံးသွင်းခြင်းဖြင့်ဖြစ်ပေါ်လာသော သံယောဇဉ်ကို တဒင်္ဂဝိက္ခမ္ဘနပဟာန်အားဖြင်ပယ်ရှား၏။ ထိုသံယောဇဉ်ကိုပယ်ကြောင်းကိုင်း။ အကြင် တဒင်္ဂဝိက္ခမ္ဘနတို့ဖြင့် ပယ်အပ်ပြီးသော သံယောဇဉ်ဖြင့်နောင်အခါ မဂ်ဖြင့်ပယ်သဖြင့် တဖန်မဖြစ်ပေါ်လာနိုင်ခြင်း ဖြစ်လတ္တံ့။ ထိုသို့နောင်တဖန် မဖြစ်ကြောင်းကိုင်း။ အဖန်တလဲလဲ ရှုဆင်ခြင်၍ထင်သောသတိရှိစေရာ၏။သောတပသာဒဟု ဆိုအပ်သော သောတာယတနကိုင်း။ သဒ္ဒါရုံဟု ဆိုအပ်သော သဒ္ဒါယတနကိုင်း။ ထိုသောတပသာဒနှင့် သဒ္ဒါရုံကိုအစွဲပြု၍ အကြင်ကာမရာဂစသော သံယောဇဉ်ဆယ်ပါးသည်ဖြစ်ပေါ်၏။ ထိုသံယောဇဉ်ဆယ်ပါးကိုင်း။ အကြင်မသင့်သော နှလုံးသွင်းခြင်းကြောင့် မဖြစ်ပေါ်သော သံယောဇဉ်သည်ဖြစ်ပေါ်လာ၏။ ထိုသံယောဇဉ်ဖြစ်ကြောင်းကိုင်း။အကြင်သင့်တင့်သောနှလုံးသွင်းခြင်းဖြင့် ဖြစ်ပေါ်လာသောသံယောဇဉ်ကို တဒင်္ဂဝိက္ခမ္ဘနတို့ဖြင့် ပယ်ရှား၏။ ထိုသံယောဇဉ်ကို ပယ်ကြောင်းကိုင်း။ အကြင် တဒင်္ဂဝိက္ခမ္ဘနတို့ဖြင့် ပယ်အပ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဂ်ဖြင့်ပယ်သဖြင့် မဖြစ်ပေါ်လာနိုင်ခြင်းဖြစ်လတ္တံ့။ ထိုသို့နောင်တဖန် မဖြစ်ကြောင်းကိုင်း။ အဖန်တလဲလဲ ရှုဆင်ခြင်၍ထင်သောသတိရှိစေရာ၏။ဃာနပသာဒဟုဆိုအပ်သော ဃာနာယတန။ ဂန္ဓာရုံဟုဆိုအပ်သော ဂန္ဓာယတနကိုင်း။ ဇိဝှါပသာဒဟုဆိုအပ်သော ဇိဝှါယတန။ ရသာရုံဟုဆိုအပ်သော ရသာယတနကိုင်း။ ကာယပသာဒဟု ဆိုအပ်သော ကာယာယတန၊ ဖောဋ္ဌဗ္ဗာရုံဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာယတနကိုင်း။ (ဤသုံးစုံကို

အထက်ပါနည်းအတိုင်း အကျယ်သိလေ)။ လောကီစိတ် ရှစ်ဆဲ့ တခုဟုဆိုအပ်သောမနာယတနကိုင်း။ ရုပ်ရုံစသော ငါးပါးမှ တပါးသော နာမ်ရုပ်ပညတ်ဟုဆိုအပ်သော ဓမ္မာယတနကိုင်း။ ထိုမနာယတနနှင့် ဓမ္မာရုံကိုအစွဲပြု၍ အကြင်ကာမရာဂ စသော သံယောဇဉ်ဆယ်ပါးသည် ဖြစ်ပေ၏။ ထိုသံယောဇဉ်ဆယ်ပါး ကိုင်း။ အကြင်မသင့်သော နှလုံးသွင်းခြင်းကြောင့် မဖြစ်ပေါ် သော သံယောဇဉ်သည်ဖြစ်ပေါ်လာ၏။ ထိုသံယောဇဉ်၏ ဖြစ် ကြောင်းကိုင်း။အကြင်သင့်တင့်သော နှလုံးသွင်းခြင်း ဖြစ်ပေါ် လာသောသံယောဇဉ်ကို တဒင်္ဂဝိက္ခမ္ဘနတို့ဖြင့် ပယ်ရှား၏။ ထို သံယောဇဉ်ကိုပယ်ကြောင်းကိုင်း။ အကြင်တဒင်္ဂဝိက္ခမ္ဘနတို့ဖြင့် ပယ်အပ်ပြီးသောသံယောဇဉ်၏ နောင်အခါ မဂ်ဖြင့်ပယ်သဖြင့် မဖြစ်ပေါ်လာနိုင်ခြင်းဖြစ်လတ္တံ့။ထိုသို့နောင်တဖန် မဖြစ်ကြောင်း ကိုင်း အဖန်တလဲလဲရှုဆင်ခြင်၍ထင်သောသတိရှိစေရာ၏။

ဤသို့လျှင် အဇ္ဈတ္တသန္တာန် သက်သက်၌ငှင်း။ ဗဟိဒ္ဓသန္တာန် သက်သက်၌ငှင်း။ ရံခါအဇ္ဈတ္တ ရံခါဗဟိဒ္ဓ၌ငှင်း။ စက္ခာယတန စသည်၏အကြောင်းဖြစ်သောအဝိဇ္ဇာစသည်၌ငှင်း။ စက္ခာယတ နစသည်၏ချုပ်ကြောင်းဖြစ်သောအဝိဇ္ဇာစသည်၏ချုပ်ခြင်း၊ပျက် ခြင်း၌ငှင်း။ ရံခါဖြစ်ကြောင်းချုပ်ကြောင်း၌ငှင်း။ အဖန်တလဲလဲ ရှုဆင်ခြင်၍မပြတ်ထင်မြင်သောသတိရှိစေရာ၏။ ထိုသို့အာယတ နတရားတို့၌မပြတ်ထင်မြင်သော သတိရှိသောပုဂ္ဂိုလ်သည် တစုံ တခုသောတရားကို တဏှာဒိဋ္ဌိအားဖြင့် မစွဲလမ်းတော့ပြီဟူလို။

အာယတနအားဖြင့်ဆင်ခြင်ပုံပြီး၏။

## (၄) ဗောဇ္ဈင်ခုနစ်ပါးဖြင့်ဆင်ခြင်ခြင်း။

ဗောဇ္ဈင်အားဖြင့် ဆင်ခြင်ပုံကား။ ယောဂီပုဂ္ဂိုလ်သည် မိမိ သန္တာန်၌ ရသည် ဖြစ်၍ ထင်ရှား ရှိသော ကုသိုလ် တရားကို အောက်မေ့တတ်သော သတိ သမ္ဗောဇ္ဈင်ကို။ ငါ၏ သန္တာန်၌ သတိသမ္ဗောဇ္ဈင်သည် ထင်ရှားရှိ၏ ဟူ၍ငှင်း။ မိမိသန္တာန်၌မရ သည်ဖြစ်၍ ထင်ရှားမရှိသောသတိသမ္ဗောဇ္ဈင်ကို။ငါ၏သန္တာန် ၌ သတိသမ္ဗောဇ္ဈင်သည် ထင်ရှားမရှိဟူ၍ငှင်း။ အကြင်သင့်တင့်

သောနှလုံးသွင်းခြင်းကြောင့် မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်သည်ဖြစ်ပေါ်လာ၏။ ထိုသတိသမ္ဗောဇ္ဈင်၏ဖြစ်ကြောင်းကိုရင်း။ အကြင် အရဟတ္တမဂ်ကြောင့်လည်း ဖြစ်ပေါ်လာသော သတိသမ္ဗောဇ္ဈင်၏ပွါးများခြင်း ဖြင့် ပြည့်စုံခြင်းသည်ဖြစ်ရာ၏။ ထိုအရဟတ္တမဂ်ကိုရင်း အဖန်တလဲလဲရှုဆင်ခြင်၍ မပြတ်ထင်မြင်သော သတိရှိရာ၏။ ထိုနည်းအတူ မိမိသန္တာန်၌ရသည်ဖြစ်၍ ထင်ရှားရှိသော သဘောတရားတို့ကို အနိစ္စစသည်ဖြင့် စူးစမ်း ဆင်ခြင်တတ်သောပညာတည်းဟူသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို။ ကုသိုလ်တရားတို့ကို အားထုတ်ခြင်း ဝီရိယဟု ဆိုအပ်သော ဝီရိယသမ္ဗောဇ္ဈင်ကို။ ရတနာသုံးပါး ဂုဏ်စသည်တို့ကို နှစ်သက်ခြင်း ပီတိဟုဆိုအပ်သောပီတိသမ္ဗောဇ္ဈင်ကို။ ကိုယ်စိတ်၏ ငြိမ်းခြင်း ပဿဒ္ဓိဟု ဆိုအပ်သော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို။ တည်ကြည်ခြင်း မပြန့်လွင့်ခြင်းဧကဂ္ဂတာဟုဆိုအပ်သော သမာဓိ သမ္ဗောဇ္ဈင်ကို။ (အကျဉ်းချုံး၍ ရေးထားသည်။ သတိ သမ္ဗောဇ္ဈင်မှာ ကဲ့သို့သိလေ)။မိမိသန္တာန်၌ရသည်ဖြစ်၍ထင်ရှားရှိသော လျစ်လျူရှုခြင်းဟု ဆိုအပ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို။ ငါ၏ သန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင်သည် ထင်ရှားရှိ၏ဟူ၍ရင်း။ မိမိသန္တာန်၌ မရသည်ဖြစ်၍ ထင်ရှားမရှိသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို၊ ငါ၏ သန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင်သည် ထင်ရှားမရှိဟူ၍ရင်း။ အကြင် သင့်တင့်သော နှလုံးသွင်းခြင်းကြောင့် မဖြစ်သေးသော ဥပေက္ခာ သမ္ဗောဇ္ဈင်သည် ဖြစ်ပေါ် လာ၏။ ထိုဥပေက္ခာသမ္ဗောဇ္ဈင်၏ဖြစ်ကြောင်းကိုရင်း။ အကြင် အရဟတ္တမဂ်ကြောင့်လည်း ဖြစ်ပေါ်လာသောဥပေက္ခာသမ္ဗောဇ္ဈင်၏ပွါးများခြင်းဖြင့် ပြည့်စုံခြင်းသည်ဖြစ်ရာ၏။ ထိုအရဟတ္တမဂ်ကိုရင်း။ အဖန်တလဲလဲ ရှုဆင်ခြင်၍ မပြတ်ထင်မြင်သောသတိရှိရာ၏။ဤသို့လျှင် အဇ္ဈတ္တသန္တာန်သက်သက်၌ရင်း။ ဗဟိဒ္ဓသန္တာန်သက်သက်၌ရင်း။ ရံခါအဇ္ဈတ္တ၊ရံခါဗဟိဒ္ဓ၌ရင်း။ သတိသမ္ဗောဇ္ဈင်စသည်ဖြစ်ကြောင်း၌ရင်း။ ချုပ်ကြောင်းပျက်စီးကြောင်း၌ရင်း။ ရံခါဖြစ်ကြောင်း ရံခါပျက်ကြောင်း၌ရင်း။ အဖန်တလဲလဲ ရှုဆင်ခြင်၍ မပြတ်ထင်မြင်သော သတိရှိစေရာ၏။ ထိုသို့ဗောဇ္ဈင်တရားတို့၌ မပြတ်ထင်မြင်

သော သတိရှိသောပုဂ္ဂိုလ်အား။တစုံတခုသောတရား၌ တဏှာ ဒိဋ္ဌိအားဖြင့် မစွဲလမ်းဘော့ပြီ ဟူလိုသည်။ ။မောဇ္ဈင်အားဖြင့် ရှုဆင်ခြင်ပုံပြီး၏။

## (၅) သစ္စာအားဖြင့်ရှုဆင်ခြင်ခြင်း။

သစ္စာအားဖြင့် ရှုဆင်ခြင်ပုံကား။ယောဂီပုဂ္ဂိုလ်သည် တဏှာ ကြဉ်သော တေဘုမ္မကတရားစုသည်ဒုက္ခသစ္စာမည်၏။ လောဘ စေတသိက်တည်းဟူသောတဏှာသည် ဒုက္ခကိုဖြစ်စေတတ်သော ကြောင့် သမုဒယသစ္စာမည်၏။ ဒုက္ခ၏ ချုပ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။ထိုဒုက္ခ၏ချုပ်ငြိမ်းရာနိဗ္ဗာန် သို့ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ မည်၏ဟူ၍ ဟုတ်တိုင်းမှန်စွာသိရာ၏။မပြတ်ထင်မြင်သောသတိ ရှိစေရာ၏။

## (၁) ဒုက္ခသစ္စာ။

ထိုလေးပါးတို့တွင်ဒုက္ခသစ္စာဟူသည်အဘယ်နည်းဟူမူကား။ ပဋိသန္ဓေနေရခြင်း။ အိုရခြင်း။ သေရခြင်း။ စိုးရိမ်ခြင်း။ ငိုကြွေး မြည်တမ်းခြင်း။ကိုယ်၏ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း။စိတ်၏ လွန်စွာပင်ပန်းခြင်း။အကြင်မချစ်မနှစ်သက်မလိုအပ်သောပုဂ္ဂိုလ် အာရုံတို့နှင့်ပေါင်းသင်းရခြင်း။ချစ်နှစ်လိုအပ်သော ပုဂ္ဂိုလ်အာရုံ တို့နှင့်ကွဲကွာရခြင်း။ အကျဉ်းနည်းအားဖြင့် ငါးပါးသောဥပါဒါ နက္ခန္ဓာတို့သည်၎င်း။ဤသဘောတရားတို့သည်ဒုက္ခမည်ကုန်၏။

ထိုတွင် ပဋိသန္ဓေနေရခြင်းဟူသော ဇာတိဟူသည် အဘယ် နည်းဟူမူကား။ ထိုထိုသတ္တဝါတို့၏ ထိုထိုသော သတ္တဝါဖြစ်ရာ အပေါင်း၌၊ အကြင်ရှေးဦးစွာ ခန္ဓာတို့၏ဖြစ်ခြင်းသည်၎င်း။ အ ကြင် ပြည့်စုံစွာဖြစ်ခြင်းသည်၎င်း၊အကြင်အဇ္ဈတ္တတို့၏ဥဒ္ဓံတွင်း၌။ ဇလာဗုဇတို့၏ အမိဝမ်းတွင်းသို့သက်သော အခြင်းအရာအား ဖြင့် ဖြစ်ခြင်းသည်၎င်း။ အကြင်သံသေဒဇဥပပတ် ပုဂ္ဂိုလ်တို့၏ ဘဝသစ်၌၊ ကိုယ်ထည်ဒြပ်ဖြစ်ခြင်းသည်၎င်း။ တပါး, လေးပါး, ငါးပါး,ကုန်သောခန္ဓာတို့၏ အကြင်ထင်ရှားဖြစ်ခြင်းသည်၎င်း။

စက္ခုစသော အာယတနတို့ကို အကြင်ရခြင်းသည်ငှင်း ဇာတိမည်၏။ ။

အိုရခြင်းဇယာဟူသည်ကား။ ထိုထိုသတ္တဝါတို့အား အကြင်အိုရခြင်းသည်ငှင်း။အိုသောအခြင်းအရာသည်ငှင်း။အကြင် သွားကျိုးခြင်း။ ဆံပင်ဖြူခြင်း။ အရေ၏ တွန့်လိမ်ခြင်း၊ ရုပ်ဇီဝိတိန္ဒြေ နာမ်ဇီဝိတိန္ဒြေတို့၏ ဆုတ်ယုတ်ခြင်း၊ စက္ခုစသော ဣန္ဒြေတို့၏ ရင့်ယော်ခြင်းသည်ငှင်း ဇရာမည်၏။

သေရခြင်းမရဏဟူသည်ကား။ ထိုထိုသတ္တဝါတို့အား ထိုထိုသတ္တဝါတို့၏ နေရာဖြစ်ရာဘဝမှ။ အကြင် ရွေ့လျောခြင်းသည်ငှင်း။ အကြင်ရွေ့လျောသောအခြင်းအရာသည်ငှင်း။ အကြင်ခန္ဓာ၏ ပျက်စီးခြင်းခန္ဓာ၏ ကွယ်ခြင်းသည်ငှင်း။အသက်ကိုစွန့်ရခြင်း။ ခန္ဓာကိုယ်ကို ပစ်ချရခြင်း။ ဇီဝိတိန္ဒြေ၏ ချုပ်ပြတ်ခြင်းသည်ငှင်း မရဏမည်၏။

စိုးရိမ်ခြင်း သောကဟူသည်ကား။ အမှတ်မဲ့ တပါးပါးသော ဆွေမျိုးတို့၏ ပျက်စီးခြင်းစသည်တို့ဖြင့် နှိပ်စက်အပ်၍ငှင်း။တစုံတခုသော ဆင်းရဲခြင်း သဘောနှင့်*အကြင် အလိုရှိအပ်သော အရာကို မရခြင်းတို့ဖြင့်။ တွေ့ကြုံရ၍ငှင်း။ တစုံတယောက်သော သူအား အကြင်စိုးရိမ်ခြင်းသည်ငှင်း။ စိုးရိမ်သော အခြင်းအရာ စသည်တို့သည်ငှင်း သောကမည်၏။

ငိုကြွေးခြင်းပရိဒေဝဟူသည်ကား။ အမှတ်မဲ့ တပါးပါးသော ဆွေမျိုးတို့၏ ပျက်စီးခြင်းစသည်တို့ဖြင့်နှိပ်စက်အပ်၍ငှင်း။တစုံတခုသော ဆင်းရဲခြင်းသဘောနှင့် တွေ့ကြုံရ၍ငှင်း။ တစုံတယောက်သောသူအား။အကြင်သားသမီးစသည်ကိုရည်ညွှန်း၍ငိုကြွေးခြင်းစသည်တို့သည် ပရိဒေဝမည်၏။

ကိုယ်၏ ဆင်းရဲခြင်းဒုက္ခ ဟူသည်ကား။ ကာယပသာဒ၌မှီသော အကြင်ဆင်းရဲခြင်း မသာယာခြင်းသည်ငှင်း။ မသာယာအပ်သောအကြင်ဝေဒနာသည်ငှင်း ဒုက္ခမည်၏။

စိတ်နှလုံးမသာယာခြင်း ဒေါမနဿ ဟူသည်ကား။ စိတ်၌မှီသော အကြင်ဆင်းရဲခြင်း မသာယာခြင်းသည်ငှင်း။ မသာယာအပ်သော အကြင်ဝေဒနာသည်ငှင်း ဒေါမနဿမည်၏။

စိတ်လွန်စွာ ပင်ပန်းခြင်းဥပါယာသဟူသည်ကား။ အမှတ်မဲ့ တပါးပါးသော ဆွေမျိုးတို့၏ ပျက်စီးခြင်းစသည်တို့ဖြင့် နှိပ်စက် အပ်သည်ဖြစ်၍၎င်း၊ တစုံတခုသောဆင်းရဲခြင်းသဘောနှင့် တွေ့ ကြုံရ၍၎င်း။ တစုံတယောက်သောသူအား အကြင်စိတ်၏ပင်ပန်း ခြင်းစသည်၏အဖြစ်သည် ဥပါယာသမည်၏။

မချစ်မနှစ်လိုအပ်သော ပုဂ္ဂိုလ်အာရုံတို့နှင့်ပေါင်းသင်းရခြင်း။ အပ္ပိယ သမ္ပယောဂဒုက္ခဟူသည်ကား။ အလိုမရှိအပ် မနှစ်သက် အပ် နှလုံးကို မပွါးစေတတ်ကုန်သော ရူပါရုံ။ သဒ္ဒါရုံ။ ဂန္ဓာရုံ။ ရသာရုံ။ ဖေါဋ္ဌဗ္ဗာရုံ။ ဓမ္မာရုံတို့နှင့်၎င်း။ အကျိုးမဲ့ကိုသာအလိုရှိ ကုန်သော။ အစီးအပွါးမဲ့ကိုသာအလိုရှိကုန်သော။မချမ်းသာခြင်း ဘေးမကင်းခြင်းကိုသာ အလိုရှိကုန်သော မချစ်အပ်သောပုဂ္ဂိုလ် တို့နှင့်၎င်း။ အကြင်ပေါင်းဘော် ဆက်ဆံရောနှောနေရခြင်းသည် အပ္ပိယသမ္ပယောဂဒုက္ခမည်၏။

ချစ်နှစ်လိုအပ်သော ပုဂ္ဂိုလ်အာရုံတို့နှင့်ကွဲကွာရခြင်း ပိယဝိပ္ပ ယောဂဒုက္ခဟူသည်ကာ။ အလိုရှိအပ်နှစ်သက်အပ် နှလုံးကိုပွါး စေတတ်ကုန်သောရူပါရုံ စသည်တို့နှင့်၎င်း။ အကျိုးစီးပွါး ချမ်း သာခြင်းဘေးရန်၏ ကင်းခြင်းကိုသာ အလိုရှိကုန်သော အမိ အဘ ညီအစ်ကို မောင်နှမ အဆွေခင်ပွန်း။မိကြီး၊မိထွေး၊ဘကြီး၊ ဘထွေး စသောသူတို့နှင့်၎င်း။ အကြင်မပေါင်းဘော် မဆက်ဆံ မရောနှောဘဲ ကွေကွင်းရခြင်းသည် ပိယဝိပ္ပယောဂဒုက္ခမည်၏။

အကြင်အလိုရှိအပ်သော အရာကိုမရခြင်း။ ယံပိစ္ဆံနလဘတိ တမ္ပိဒုက္ခံဟူသည်ကား။ ပဋိသန္ဓေနေခြင်း။ ဇာတိသဘောရှိကုန် သော သတ္တဝါတို့အား။ ငါတို့သည် ပဋိသန္ဓေမနေရပါမူကား ကောင်းလေစွ။ ပဋိသန္ဓေနေခြင်း သဘောတရားသည် မလာပါ မူကား ကောင်းလေစွဟု လိုချင်တောင်းတ၏။ ထိုသို့တောင်းတ တိုင်း မရခြင်းသည်၎င်း။အိုခြင်းဇရာသဘောရှိကုန်သောသတ္တဝါ တို့အား ငါတို့သည် မအိုရပါမူကား ကောင်းလေစွ။ အိုခြင်း သဘောတရားသည် မလာပါမူကား ကောင်းလေစွဟု လိုချင် တောင်းတ၏။ ထိုသို့တောင်းတတိုင်းမရခြင်းသည်၎င်း။ ဗျာနာ ခြင်း ဗျာဓိသဘော ရှိကုန်သော သတ္တဝါတို့အား။ ငါတို့သည်

မဖျားနာရမှုကား ကောင်းလေစွ။ ဖြားနာခြင်း သဘောတရား သည်။မလာပါမူကားကောင်းလေစွဟုလိုချင်တောင်းတ၏။ထိုသို့ တောင်းတတိုင်းမရခြင်းသည်ငှင်း။ သေခြင်းမရဏာသဘောရှိကုန် သော သတ္တဝါတို့အား။ ငါတို့သည် မသေပါမူကား ကောင်း လေစွ။သေခြင်းသဘောတရားတို့သည် မလာပါမူကား ကောင်း လေစွဟု လိုချင်တောင်းတ၏။ ထိုသို့တောင်းတတိုင်း မရခြင်း သည်ငှင်း။စိုးရိမ်ခြင်း၊ ငိုကြွေးမြည်တမ်းခြင်း၊ကိုယ်၏ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း။ စိတ်၏ လွန်စွာပူပန်ခြင်း သဘောရှိကုန် သော သတ္တဝါတို့အား။ငါတို့သည် မစိုးရိမ်ရ၊ မငိုကြွေးရ၊မမြည် တမ်းရ၊ကိုယ်၌မဆင်းရဲရ။နှလုံးမသာယာခြင်းမဖြစ်ရ။စိတ်၏ပူပန် ခြင်းမဖြစ်ရပါမူကား ကောင်းလေစွ။ငှင်းတရားတို့မလာပါမူကား ကောင်းလေစွဟု လိုချင်တောင်းတ၏။ ထိုသို့တောင်းတတိုင်းမရ ခြင်းသည်ငှင်း။ယံပိစ္ဆံနလဘတိတမ္ပိဒုက္ခမည်၏။

အကျဉ်းအားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာဟူသော ဒုက္ခ ဟူသည်ကား၊ ဥပါဒါန်၏အာရုံဖြစ်သော ရုပ်ဟူသော ရူပုပါဒါ နက္ခန္ဓာ။ဥပါဒါန်၏အာရုံဖြစ်သော ဝေဒနာဟူသောဝေဒနူပါဒါ နက္ခန္ဓာ။ ဥပါဒါန်၏အာရုံဖြစ်သော သညာဟူသော သညုပါဒါ နက္ခန္ဓာ။ဥပါဒါန်၏အာရုံဖြစ်သော သင်္ခါရဟူသော သင်္ခါရုပါဒါ နက္ခန္ဓာ။ဥပါဒါန်၏အာရုံဖြစ်သော ဝိညာဏ်ဟူသောဝိညာဏုပါ ဒါနက္ခန္ဓာ။ဤဥပါဒါနက္ခန္ဓာငါးပါးတို့သည် ဒုက္ခသာတည်း။ ။ ဒုက္ခသစ္စာပြီး၏။

## (၂) သမုဒယသစ္စာ။

သမုဒယသစ္စာဟူသည် အဘယ်နည်းဟူမူကား။ တဖန် ဘဝ သစ်၌ ဖြစ်စေတတ်သောသဘော။ ပြင်းစွာ တပ်စွန်းတတ်သော သဘော။ ထိုထိုအတ္တဘောအာရုံ၌ နှစ်သက်တတ်သောသဘော ရှိသော လောဘစေတသိက်ဟု ဆိုအပ်သော တဏှာသည် ဒုက္ခ သစ္စာ၏ အကြောင်းဖြစ်သောကြောင့် သမုဒယသစ္စာ မည်၏။ ထိုတဏှာသည်၊ကာမဘုံဘဝနှင့်ရူပါရုံစသောကာမအာရုံငါးပါး ကို တပ်နှစ်သက်တတ်သော ကာမတဏှာ။ သတ္တဝါသည် မြဲ၏ ဟူသော သဿတဒိဋ္ဌိနှင့်ယှဉ်သော ရူပဘဝအရူပဘဝကို တပ်

နှစ်သက်သော လောဘ။ ရှာန်ကို တပ်နှစ်သက်သော တဏှာသည် ဘဝတဏှာမည်၏၊သတ္တဝါတို့သေလျှင်ပြတ်၏ဟုယူသော ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်သော တဏှာသည် ဝိဘဝတဏှာမည်။ ၊ထိုတဏှာသည် အဘယ်အာရုံ၌ အဘန်တလဲလဲဖြစ်သောအားဖြင့်တည်သနည်းဟူမူကား။ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော လောက၌အကြင် ချစ်အပ်သော သဘောရှိသော ပိယရုပ်။ သာယာအပ်သော သဘောရှိသော သာတရုပ်သည်ရှိ၏။ ထိုချစ်အပ်သော သာယာအပ်သော သဘောရှိသောပိယရုပ် သာတရုပ်၌ ထိုတဏှာသည်ဖြစ်၏။ အဘန်တလဲလဲဖြစ်သောအားဖြင့်တည်၏။ ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော လောက၌၊ ချစ်အပ်သောသဘောရှိသော ပိယရုပ်။ သာယာအပ်သောသဘောရှိသော သာတရုပ်ဟူသည် အဘယ်နည်း ဟူမူကား၊ စက္ခုပသာဒသည် ချစ်အပ်သောသဘောရှိသော ပိယရုပ်ပိယအာရုံ။သာယာအပ်သော သဘောရှိသော သာတရုပ် သာတအာရုံမည်၏။ထိုပိယရုပ် သာတရုပ်ဟုဆိုအပ်သော စက္ခုပသာဒ၌ တဏှာသည်ဖြစ်၏။ အဘန်တလဲလဲဖြစ်သောအားဖြင့်တည်၏။ထိုမှတပါး သောတပသာဒသည်၎င်း။ ဃာနပသာဒ။ ဇိဝှါပသာဒ။ကာယပသာဒတို့သည်၎င်း။ မနောစိတ်သည်၎င်း။ရူပါရုံ။သဒ္ဒါရုံ။ဂန္ဓာရုံ။ရသာရုံ။ ဖောဋ္ဌဗ္ဗာရုံ၊ဓမ္မာရုံတို့သည်၎င်း၊ စက္ခုဝိညာဏ်။သောတဝိညာဏ်။ ဃာနဝိညာဏ်။ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်။ မနောဝိညာဏ် တို့သည်၎င်း။ စက္ခုပသာဒ၌မှီသော ဖဿဟုဆိုအပ်သောစက္ခုသမ္ဖဿ။ သောတပသာဒ၌မှီသောဖဿဟုဆိုအပ်သော သောတသမ္ဖဿ။ဃာနပသာဒ၌မှီသော ဖဿဟုဆိုအပ်သောဃာနသမ္ဖဿ။ဇိဝှါပသာဒ၌မှီသော ဖဿဟုဆိုအပ်သော ဇိဝှါသမ္ဖဿ။ကာယပသာဒ၌မှီသောဖဿဟု ဆိုအပ်သော၊ကာယသမ္ဖဿ။ မနောဝိညာဏ်နှင့်တကွဖြစ်သောဖဿဟုဆိုအပ်သော မနောသမ္ဖဿတို့သည်၎င်း။ စက္ခုပသာဒ၌မှီသော ဖဿကြောင့်ဖြစ်သော ဝေဒနာဟုဆိုအပ်သော စက္ခုသမ္ဖဿဇာဝေဒနာ၊ သောတပသာဒ၌မှီသောဖဿကြောင့်ဖြစ်သော ဝေဒနာဟုဆိုအပ်သော သောတသမ္ဖဿဇာဝေဒနာ။ဃာနပသာဒ၌မှီသော ဖဿကြောင့် ဖြစ်သောဝေဒနာ

ဟုဆိုအပ်သော ဃာနသမ္ဖဿဇာဝေဒနာ။ဇိဝှါပသာဒ၌မှီသော ဖဿကြောင့်ဖြစ်သောဝေဒနာဟုဆိုအပ်သော ဇိဝှါသမ္ဖဿဇာ ဝေဒနာ။ ကာယပသာဒ၌ မှီသော ဖဿကြောင့် ဖြစ်သော ဝေဒနာဟု ဆိုအပ်သော ကာယသမ္ဖဿဇာ ဝေဒနာ။ မနောဝိညာဏ်နှင့်တကွ ဖြစ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာဟု ဆိုအပ်သော မနောသမ္ဖဿဇာဝေဒနာတို့သည်၎င်း။ရူပါရုံလျှင် အာရုံရှိသော သညာဟုဆိုအပ်သော ရူပသညာ။ သဒ္ဒါရုံလျှင် အာရုံရှိသော သညာဟုဆိုအပ်သော သဒ္ဒသညာ။ ဂန္ဓာရုံလျှင် အာရုံရှိသော သညာဟုဆိုအပ်သော ဂန္ဓသညာ။ ရသာရုံလျှင် အာရုံရှိသောသညာဟုဆိုအပ်သော ရသသညာ။ဖောဋ္ဌဗ္ဗာရုံလျှင် အာရုံရှိသောသညာဟုဆိုအပ်သော ဖောဋ္ဌဗ္ဗသညာ။ ဓမ္မာရုံသာ လျှင်အာရုံရှိသောသညာဟုဆိုအပ်သော ဓမ္မသညာတို့သည်၎င်း။ ရူပါရုံလျှင် အာရုံရှိသော စေတနာဟုဆိုအပ်သော ရူပသဉ္စေတနာ။ သဒ္ဒါရုံလျှင်အာရုံရှိသော စေတနာဟုဆိုအပ်သော သဒ္ဒသဉ္စေတနာ။ ဂန္ဓာရုံလျှင် အာရုံရှိသော စေတနာဟု ဆိုအပ်သော ဂန္ဓသဉ္စေတနာ။ ရသာရုံလျှင် အာရုံရှိသော စေတနာဟု ဆိုအပ်သော ရသသဉ္စေတနာ။ ဖောဋ္ဌဗ္ဗာရုံလျှင် အာရုံရှိသော စေတနာဟုဆိုအပ်သောဖောဋ္ဌဗ္ဗ သဉ္စေတနာ။ ဓမ္မာရုံလျှင်အာရုံရှိသော စေတနာဟုဆိုအပ်သော ဓမ္မသဉ္စေတနာ တို့သည်၎င်း။ ရူပါရုံ၌တပ်သော လောဘဟု ဆိုအပ်သော ရူပတဏှာ။သဒ္ဒါရုံ၌တပ်သော လောဘဟုဆိုအပ်သော သဒ္ဒတဏှာ။ ဂန္ဓာရုံ၌တပ်သော လောဘဟုဆိုအပ်သော ဂန္ဓတဏှာ။ ရသာရုံ၌တပ်သော လောဘဟု ဆိုအပ်သော ရသတဏှာ။ ဖောဋ္ဌဗ္ဗာရုံ၌တပ်သော လောဘဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗတဏှာ။ ဓမ္မာရုံ၌တပ်သော လောဘဟုဆိုအပ်သော ဓမ္မတဏှာတို့သည်၎င်း။ ရူပါရုံကိုကြံခြင်းဝိတက်ဟုဆိုအပ်သော ရူပဝိတက်။ သဒ္ဒါရုံကို ကြံခြင်းဝိတက်ဟုဆိုအပ်သော သဒ္ဒဝိတက်။ဂန္ဓာရုံကို ကြံခြင်းဝိတက်ဟု ဆိုအပ်သော ဂန္ဓဝိတက်။ ရသာရုံကိုကြံခြင်းဝိတက်ဟုဆိုအပ်သောရသဝိတက်။ ဖောဋ္ဌဗ္ဗာရုံကိုကြံခြင်းဝိတက်ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗဝိတက်။ ဓမ္မာရုံကိုကြံခြင်းဝိတက်ဟု ဆိုအပ်သော ဓမ္မဝိတက်တို့

သည်ငှင်း။ရူပါရုံကို သုံးသပ်ခြင်းဝိစာရဟုဆိုအပ်သောရူပဝိစာရ။ သဒ္ဒါရုံကို သုံးသပ်ခြင်းဝိစာရဟုဆိုအပ်သော သဒ္ဒဝိစာရ။ဂန္ဓာရုံကိုသုံးသပ်ခြင်း ဝိစာရဟုဆိုအပ်သောဂန္ဓဝိစာရ။ရသာရုံကို သုံးသပ်ခြင်းဝိစာရဟုဆိုအပ်သော ရသဝိစာရ။ ဖေါဋ္ဌဗ္ဗာရုံကို သုံးသပ်ခြင်းဝိစာရဟု ဆိုအပ်သော ဖေါဋ္ဌဗ္ဗဝိစာရ။ ဓမ္မာရုံကို သုံးသပ်ခြင်းဝိစာရဟုဆိုအပ်သောဓမ္မဝိစာရသည်ငှင်း။ချစ်အပ်သော သဘောရှိသော ပိယရူပ်ပိယအာရုံ။သာယာအပ်သော သဘောရှိသော သာတရူပ် သာတအာရုံတို့မည်ကုန်၏။ ထိုပိယရူပ်သာတရူပ် ဟုဆိုအပ်ကုန်သော တရားတို့၌ တဏှာသည်ဖြစ်၏။ အဘန်တလဲလဲဖြစ်သော အားဖြင့်ဘည်၏။ ထိုတဏှာဟု ဆိုအပ်သော လောဘ စေတသိက်သည် သမုဒယသစ္စာမည်၏။ ။သမုဒယသစ္စာပြီး၏။

## (၃) နိရောဓသစ္စာ။

နိရောဓသစ္စာ ဟူသည်ကား။ ထိုဆိုအပ်ခဲ့ပြီးသော တဏှာ၏ အကြွင်းမဲ့ တပ်ခြင်းကင်းသော အားဖြင့်ချုပ်ရာ။ စွန့်ရာ။ လွတ်မြောက်ရာ။ မကပ်ငြိရာဖြစ်သော နိဗ္ဗာန်ကို နိရောဓသစ္စာဟု ဆိုအပ်၏။ ထိုတဏှာသည် အဘယ်အာရုံ၌ ပယ်အပ်သည် ဖြစ်၍ ကင်းပျောက်လေသနည်း။ အဘယ်အာရုံ၌ ချုပ်လေသနည်းဟူမူကား။ ဥပါဒါနက္ခန္ဓာဟုဆိုအပ်သောလောက၌။အကြင်ချစ်အပ်သော ပိယရူပ်၊ သာယာအပ်သော သာတရူပ်သည်ရှိ၏။ ထိုချစ်အပ် သာယာအပ်သောပိယရူပ်၊ သာတရူပ်တို့၌၊ထိုတဏှာသည် ပယ်အပ်သည်ဖြစ်၍ ကင်းပျောက်၏။ ပိယရူပ် သာတရူပ်တို့၌ တဏှာသည် ချုပ်သည် ဖြစ်၍ ချုပ်၏။ ချစ်အပ် သာယာအပ်သော ပိယရူပ်သာတရူပ်ဟူသည် အဘယ်နည်းဟူမူကား။ စက္ခုပသာဒသည် ပိယရူပ် သာတရူပ်မည်၏။ ထိုစက္ခုပသာဒတည်းဟူသောပိယရူပ် သာတရူပ်၌။ တဏှာသည် ပယ်အပ်သည်ဖြစ်၍ ကင်းပျောက်၏။ တဏှာသည် ချုပ်သည်ဖြစ်၍ ချုပ်၏။ ထိုအတူ သောတပသာဒ။ ဃာနပသာဒ။ ဇိဝှါပသာဒ။ ကာယပသာဒတို့သည်ငှင်း။ရူပါရုံ။ သဒ္ဒါရုံ။ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံ။ ဓမ္မာရုံတို့သည်ငှင်း။စက္ခုဝိညာဏ်။သောတဝိညာဏ်၊ဃာနဝိညာဏ် ဇိဝှါ

ဝိညာဏ်။ ကာယဝိညာဏ်။ မနောဝိညာဏ်တို့သည်ငါး။ စက္ခုသမ္ဖဿ။သောတသမ္ဖဿ။ ဃာနသမ္ဖဿ။ ဇိဝှါသမ္ဖဿ။ ကာယသမ္ဖဿ။ မနောသမ္ဖဿတို့သည်ငါး။ စက္ခုသမ္ဖဿဇာဝေဒနာ။ သောတသမ္ဖဿဇာဝေဒနာ။ ဃာနသမ္ဖဿဇာဝေဒနာ။ ဇိဝှါသမ္ဖဿဇာဝေဒနာ၊ ကာယသမ္ဖဿဇာဝေဒနာ။ မနောသမ္ဖဿဇာ ဝေဒနာတို့သည်ငါး။ ရူပသညာ။ သဒ္ဒသညာ။ ဂန္ဓသညာ။ ရသသညာ။ ဖေါဋ္ဌဗ္ဗသညာ။ ဓမ္မသညာတို့သည်ငါး။ ရူပသဉ္စေတနာ။ သဒ္ဒသဉ္စေတနာ။ ဂန္ဓသဉ္စေတနာ။ ရသာသဉ္စေတနာ။ ဖေါဋ္ဌဗ္ဗသဉ္စေတနာ။ဓမ္မသဉ္စေတနာတို့သည်ငါး။ရူပတဏှာ။သဒ္ဒတဏှာ။ ဂန္ဓတဏှာ။ ရသတဏှာ။ ဖေါဋ္ဌဗ္ဗတဏှာ။ ဓမ္မတဏှာတို့သည်ငါး။ ရူပဝိတက်။ သဒ္ဒဝိတက်။ ဂန္ဓဝိတက်။ ရသာဝိတက်၊ ဖေါဋ္ဌဗ္ဗဝိတက်။ ဓမ္မဝိတက်တို့သည်ငါး။ ရူပဝိစာရ။ သဒ္ဒဝိစာရ။ ဂန္ဓဝိစာရ။ ရသဝိစာရ။ ဖေါဋ္ဌဗ္ဗဝိစာရ၊ ဓမ္မဝိစာရ တို့သည်ငါး။ ချစ်အပ်သော သဘောရှိသောပိယရုပ် ပိယအာရုံ။ သာယာအပ်သော သဘောရှိသော သာတရုပ် သာတအာရုံတို့ မည်ကုန်၏။ ထိုပိယရုပ် သာတရုပ်ဟု ဆိုအပ်သောတရာ တို့၌ တဏှာဟု ဆိုအပ်သော လောဘ စေတသိက်သည် ပယ်အပ်သည်ဖြစ်၍ ကင်းပျောက်၏။၎င်းတို့၌တဏှာသည် ချုပ်သည်ဖြစ်၍ ချုပ်၏။ ထိုသို့ တဏှာ၏အကြွင်းမဲ့တပ်ခြင်းကင်းသောအားဖြင့် ချုပ်ရာ၊စွန့်ရာ။ လွတ်မြောက်ရာ၊ မကပ်ငြိရာဖြစ်သောနိဗ္ဗာန်ကို နိရောဓသစ္စာဟု ဆိုအပ်၏။ ။နိရောဓသစ္စာပြီး၏။

## (၄) မဂ္ဂသစ္စာ။

မဂ္ဂသစ္စာဟူသည်ကား။ဒုက္ခ၏ချုပ်ငြိမ်းရာဖြစ်သောနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂင်ရှစ်ပါးသည်။ မဂ္ဂသစ္စာ မည်၏။မဂ္ဂင်ရှစ်ပါးဟူသည်ကား။ သစ္စာလေးပါးကိုကောင်းစွာ မြင်ခြင်းဟုဆိုအပ်သောသမ္မာဒိဋ္ဌိ။ ကောင်းစွာကြံခြင်းဟုဆိုအပ်သော သမ္မာသင်္ကပ္ပ။ ကောင်းစွာဆိုခြင်းဟုဆိုအပ်သော သမ္မာဝါစာ၊ ကောင်းစွာပြုခြင်းဟုဆိုအပ်သောသမ္မာကမ္မန္တ။ ကောင်းစွာအသက်မွေးခြင်းဟုဆိုအပ်သောသမ္မာအာဇီဝ။ ကောင်းစွာ အားထုတ်ခြင်းဟု ဆိုအပ်သော သမ္မာဝါယာမ။ ကောင်းစွာ

အောက်မေ့ခြင်းဟု ဆိုအပ်သောသမ္မာသတိ။ ကောင်းစွာ တည်ကြည် ခြင်းဟု အပ်သော သမ္မာသမာဓိ။ ဤရှစ်ပါး တို့ပင် တည်း။ ။ထိုရှစ်ပါးတို့တွင် ဒုက္ခသစ္စာကို သိတတ်သောဉာဏ်သည်၎င်း။ ဒုက္ခ၏အကြောင်း ဖြစ်သော သမုဒယသစ္စာကို သိတတ်သော ဉာဏ်သည်၎င်း။ ဒုက္ခ၏ချုပ်ရာဖြစ်သော နိရောဓသစ္စာကိုသိတတ်သောဉာဏ်သည်၎င်း။ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ကိုသိတ်သောဉာဏ်သည်၎င်း၊ သမ္မာဒိဋ္ဌိမည်၏။ ၊ကာမမှ ထွက်မြောက်သော ဝိတက်ဟုဆိုအပ်သော နေက္ခမသက်ပ္ပသည်၎င်း။ ဒေါသ ကင်းသော ဝိတက်ဟုဆိုအပ်သော အဗျာပါဒသက်ပ္ပသည်၎င်း။ညှဉ်းဆဲခြင်း၏ဆန့်ကျင်ဘက်ဖြစ်သော ဝိတက်ဟုဆိုအပ်သော အဝိဟိံသသက်ပ္ပ သည်၎င်း။ သမ္မာသက်ပ္ပမည်၏။ ။မဟုတ်မမှန်သော စကားမှ ကြဉ်ခြင်းသည်၎င်း။ချောပစ်ကုန်းတိုက်သောစကားမှကြဉ်ခြင်းသည်၎င်း။ ကြမ်းကြုတ်သောစကားမှကြဉ်ခြင်းသည်၎င်း။ ချမ်းသာစီးပွါးကို ဖျက်ဆီးတတ်သော ပြိန်ဖျင်းသောစကားမှ ကြဉ်ခြင်းသည်၎င်း။ သမ္မာဝါစာမည်၏။ ။သူ၏အသက်ကို သတ်ခြင်းမှ ကြဉ်ခြင်းသည်၎င်း။ အရှင်မပေးသော သူတပါးဥစ္စာကို ခိုးယူခြင်းမှကြဉ်ခြင်းသည်၎င်း။ကာမတို့၌မှားယွင်းသောအကျင့်မှကြဉ်ခြင်းသည်၎င်း၊ သမ္မာကမ္မန္တမည်၏။ ။မှားသော အသက် မွေးခြင်းကို ပယ်ရှား၍ တရားနှင့်ညီစွာ ကောင်းသော အသက်မွေးခြင်းကို ပြုခြင်းသည် သမ္မာအာဇီဝမည်၏။ ။မဖြစ်ကုန်သေးသော အကုသိုလ် အယုတ်တရားတို့ကို မဖြစ်စေခြင်းငှါ ဆန္ဒကိုဖြစ်စေ၏။ လုံ့လကိုပြု၏။စိတ်ကိုချီးမြှောက်၏။ အရေ အကြော အရိုးတို့သာကြွင်းစေ။အသားအသွေးခန်းခြောက်စေဟု လေးပါးသောအင်္ဂါနှင့်ပြည့်စုံသော ဝိရိယကိုဆောက်တည်၏။ ဖြစ်ကုန်ပြီးသော အကုသိုလ် အယုတ်တရားတို့ကို ပယ်စေခြင်းငှါ ဆန္ဒကိုဖြစ်စေ၏။ လုံ့လကိုပြု၏။ စိတ်ကို ချီးမြှောက်၏။ လေးပါးသော အင်္ဂါနှင့်ပြည့်စုံသော ဝိရိယကို ဆောက်တည်၏။ မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ ဆန္ဒကိုဖြစ်စေ၏။ လုံ့လကိုပြု၏။ စိတ်ကိုချီးမြှောက်၏။ ဝိရိယကိုဆောက်တည်၏။ ဖြစ်လေ

ကုန်ပြီးသော ကုသိုလ်တရားတို့ကို အစဉ်မပြတ်တည်စေခြင်းငှါ။ မပျောက်စေခြင်းငှါ။ အဆင့်ဆင့် ပွါးများစေခြင်းငှါ။ ပြန့်ပြောစေခြင်းငှါဆန္ဒကိုဖြစ်စေ၏။ လုံ့လကိုပြု၏။ စိတ်ကိုချီးမြှောက်၏။ လေးပါးသော အင်္ဂါနှင့်ပြည့်စုံသော ဝီရိယကိုဆောက်တည်၏။ ဤသို့ဆန္ဒကိုဖြစ်စေခြင်း။လုံ့လကိုပြုခြင်း။ စိတ်ကိုချီးမြှောက် အားပေးခြင်း။ဝီရိယအင်္ဂါကိုဆောက်တည်ခြင်းသည် သမ္မာဝါယာမမည်၏။ ။ကိလေသာကို လွန်စွာပူပန်စေတတ်သော လုံ့လရှိသည်ဖြစ်၍ သတိသမ္ပဇဉ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ဥပါဒါနက္ခန္ဓာတည်းဟူသော လောက၌ လောဘ ဒေါသ တို့ကို ပယ်ဖျောက်၍။ ဤရူပကာယခန္ဓာကိုယ်၌ ထွက်သက်ရှူ၏စသည်ဖြင့် အဖန်တလဲလဲ ရှုဆင်ခြင်ခြင်းသည်၎င်း။ ဝေဒနာတို့၌ အဖန်တလဲလဲရှုဆင်ခြင်ခြင်းသည်၎င်း။စိတ်၌အဘန်တလဲလဲရှုဆင်ခြင်ခြင်းသည်၎င်း။ နီဝရဏစသောတရားတို့၌ အဘန်တလဲလဲ ရှုဆင်ခြင်ခြင်းသည်၎င်း။ သမ္မာသတိမည်၏။ ။အကြင် ယောဂီပုဂ္ဂိုလ်သည် ဝတ္ထုကာမ ကိလေသာ ကာမတို့မှ၎င်း။ အကုသိုလ် ဖြစ်ကုန်သော တရားတို့မှ၎င်း။ဆိတ်၍ကင်း၍သာလျှင် ဝိတက် ဝိစာရနှင့်တကွဖြစ်သော။ နီဝရဏတို့မှ ဆိတ်ခြင်းကြောင့် ဖြစ်သော ပီတိသုခရှိသော ပထမဈာန်ကိုပြည့်စုံစေ၍နေ၏။ ဝိတက် ဝိစာရတို့ငြိမ်းသဖြင့် မိမိစိတ်ကိုကြည်စေတတ်သော။စိတ်၏မြတ်သော သမာဓိကို ပွါးစေတတ်သော။ ဝိတက်ဝိစာရတို့လည်း မရှိသော။ ပထဈာန်သမာဓိကြောင့်ဖြစ်သော ပီတိသုခရှိသောဒုတိယဈာန်ကို ပြည့်စုံစေ၍နေ၏။ ပီတိကို တပ်ခြင်း ကင်းသဖြင့် လျစ်လျူရှုခြင်းရှိသည်ဖြစ်၍၎င်း။ သတိပညာအဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍၎င်း။ သုခဝေဒနာကို စံစား၍၎င်း နေသော ပုဂ္ဂိုလ်ကို။ ဘုရားအစရှိသော သူတော်ကောင်း တို့သည် လျစ်လျူ ရှုတတ်သောသူ။ သတိရှိသောသူ။ ချမ်းသာစွာနေလေ့ရှိသောသူဟူ၍ ချီးမွမ်းကုန်၏။ ထိုသို့သဘောရှိသော တတိယဈာန်ကို ပြည့်စုံစေ၍နေ၏။သုခနှင့်ဒုက္ခကိုပယ်ခြင်းကြောင့်၎င်း။သောမနဿနှင့် ဒေါမနဿတို့၏ ရှေးဥပစာရခဏ၌ပင်လျှင် ချုပ်ကင်းလေခြင်းကြောင့်၎င်း။ဥပေက္ခာသည် ဖြစ်စေအပ်သော သတိ၏စင်ကြယ်

ခြင်းရှိသောစတုတ္ထဈာန်ကို၎င်း။ ပြည့်စုံစေ၍နေ၏။ ဤသို့ဈာန်နှင့် ယှဉ်သော တည်ကြည်ခြင် သည် သမ္မာသမာဓိမည်၏၊ ။ ဤမဂ္ဂင်ရှစ်ပါ သည် မဂ္ဂသစ္စာမည်၏။ဤသို့လျှင်အဇ္ဈတ္တတည်းဟူသော မိမိသန္တာန်၌ဖြစ်သောသစ္စာလေးပါးသက်သက်ကို၎င် ။ ဗဟိဒ္ဓတည်းဟူသောသူတပါးသန္တာန်၌ဖြစ်သောသစ္စာလေးပါးသက်သက်ကို၎င်း။ ရံခါ အဇ္ဈတ္တသန္တာန်။ ရံခါဗဟိဒ္ဓသန္တာန်၌မူလည်း သစ္စာတရားကို အဖန်တလဲလဲ ရှု၍နေ၏။သစ္စာတရားတို့၌ဖြစ်ကြောင်းသက်သက်ကို၎င်း။ ပျက်စီးကြောင်းသက်သက်ကို၎င်း။ ရံခါ ဖြစ်ကြောင်း ရံခါ ပျက်စီးကြောင်း တို့ကို၎င်း။ အဖန်တလဲလဲရှုဆင်ခြင်၍ နောက် သစ္စာလေးပါးတရားတို့သည်ရှိကုန်၏ဟူ၍ ထိုပုဂ္ဂိုလ်အားသတိသည် ရှေးရှုထင်ရှားဖြစ်ပေါ်လာ၏။ထိုပေါ်လာသောသတိသည် အဆင့်ဆင့် သစ္စာနုပဿနာဉာဏ်အမြင်၏ ရင့်သန်ခြင်းအကျိုးငှါသာဖြစ်၏။ ထိုပုဂ္ဂိုလ်သည် တဏှာဒိဋ္ဌိတို့ကိုမမှီမူ၍၎င်း အလုံးစုံသောဥပါဒါနက္ခန္ဓာတည်းဟူသော လောက၌ တစုံတခုသော တရားကို ငါ့အစိုးရသော ကိုယ်ဟူ၍ ဒိဋ္ဌိအားဖြင့်၎င် ။ ငါ၏ ကိုယ်ပိုင် ဥစ္စာဟူ၍ တဏှာအားဖြင့်၎င်း။မစွဲလမ်းမူ၍ လေးပါးသော အရိယသစ္စာတို့ကိုသာလျှင်။ အဘန်တလဲလဲ ရှုမြင်သော သတိရှိတော့သည်ဟူလို။ ။မဂ္ဂသစ္စာပြီး၏။

## (၅) မဟာသတိပဋ္ဌာန်တရားကိုပွါးများခြင်း၏အကျိုး။

ဤလေးပါးသော မဟာသတိပဋ္ဌာန်တရားတော်တို့ကိုပွါးများရခြင်း၏ အကျိုးကား။ အကြင်အမှတ်မရှိ တစုံတယောက်သော ရဟန်းယောက်ျား။ ရဟန်းမိန်းမ။ ဥပါသကာယောက်ျား။ ဥပါသိကာမိန်းမသည်။ ဤသတိပဋ္ဌာန်လေးပါးတို့ကို မြတ်စွာဘုရားသခင်ဟောတော်မူတိုင်း အကယ်၍ ခုနစ်နှစ်မျှပွါးများအားထုတ်ငြားအံ့။ထိုပုဂ္ဂိုလ်သည် မျက်မှောက်ဖြစ်သော ယခုဘဝ၌ပင်လျှင် အရဟတ္တဖိုလ်သို့ရောက်ရာ၏။ အကယ်၍ ဥပါဒါန်တရားအကြွင်းရှိသည်ဖြစ်၍ အရဟတ္တဖိုလ်သို့မရောက်ငြားအံ့။ အနာဂါမိဖိုလ်သို့ရောက်ရာ၏။ဤနှစ်ပါးသောဖိုလ်တရားတို့မှ မလွဲနိုင်တော့ပြီ။ခုနစ်နှစ်ပတ်လုံး ပွါးများရန်သည် ကာလရှည်လျားသည်ဖြစ်၍ ထား

လိုက်ပါဦး။ခြောက်နှစ်မျှပွါးများလျှင်ပင် ဆိုအပ်ခဲ့ပြီးသော ဖိုလ်နှစ်ပါးတို့တွင် တပါးပါးကိုမျက်မှောက်ပြုနိုင်ရာ၏။ခြောက်နှစ်ကိုလည်းထားလိုက်ပါဦး။ ငါးနှစ်။ လေးနှစ်။ သုံးနှစ်။ နှစ်နှစ်။ တနှစ်တိုပတ်လုံး ပွါးများသော်လည်းရနိုင်၏၊ တနှစ်ကိုလည်း ထားဦးတော့။ခုနစ်လ၊ ခြောက်လ။ငါးလ။လေးလ။ သုံးလ၊ နှစ်လ။ တလ။ လခွဲမျှပွါးများ၍သော်လည်းရနိုင်၏၊ လခွဲကိုထားဦး။ ဉာဏ်ပညာထက်သန်သောပုဂ္ဂိုလ်သည် ခုနစ်ရက်မျှ ဤသတိပဋ္ဌာန် လေးပါးတို့ကို မြတ်စွာဘုရားဟောတော်မူတိုင်းပွါးများငြားအံ့။ ယခုမျက်မှောက်ဘဝ၌ပင်လျှင် ကိလေသာကုန်ခန်း၍ ရဟန္တာ အဖြစ်သို့ရောက်ရာ၏။ အကယ်၍ရဟန္တာမဖြစ်နိုင်ငြားအံ့။ အနာဂါမိဖိုလ်သို့သော်လည်း ဆိုက်ရောက်ရာ၏။ ဤသို့ထိုနှစ်ပါးသောဖိုလ်တို့တွင်တပါးပါးကိုမျက်မှောက်ပြုနိုင်ရာ၏။ ဤသို့လျှင်မြတ်စွာဘုရားသခင်သည်သတ္တဝါတို့အား ကိလေသာတရားတို့မှကင်းစင်ခြင်း။ စိုးရိမ်ခြင်း။ငိုကြွေးမြည်တမ်းခြင်းတို့မှ လွန်မြောက်နိုင်ခြင်း။ ကိုယ်၏ဆင်းရဲခြင်းစိတ် နှလုံးမသာယာခြင်းဟူသော ဒုက္ခဒေါမနဿတို့၏ ချုပ်ကွယ်ပျောက်ပျက်ခြင်း။ အရိယာ မဂ်ဉာဏ်ကိုရခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းအကျိုးငှါတကြောင်းတည်းသော ခရီး လမ်းမကြီးသဘွယ်ဖြစ်သော ဤလေးပါးသော မဟာသတိပဋ္ဌာန်တရားတော်ကိုငါဟောတော်မူအပ်ပြီဟူ၍မိန့်တော်မူသည်ရှိသော်။တရားနာကြကုန်သော ရဟန်း သံဃာတော်အပေါင်းတို့သည် အလွန်ဝမ်းမြောက်ကုန်သည်ဖြစ်၍။ သာဓု-သာဓု· သာဓုဟုအနုမောဒနာပြုကြကုန်၏။ ဒေသနာတော်၏ အဆုံး၌လည်း သုံးသောင်းမျှလောက်သောရဟန်းအပေါင်းတို့သည် တစုံတခုသောတရားကိုတဏှာအားဖြင့်ငါ၏ဉစ္စာ။မာနအားဖြင့်ငါတကား။ ဒိဋ္ဌိအားဖြင့် ငါ၏ကိုယ်ဟူ၍မစွဲလမ်းတော့မူ၍။ ကာမာသဝ။ ဘဝါသဝ။ဒိဋ္ဌာသဝ။ အဝိဇ္ဇာသဝတည်းဟူသော အာသဝေါ တရားလေးပါးတို့မှထွက်မြောက်ကင်းလွတ်၍။ ရဟန္တာအဖြစ်သို့ရောက်ကြပြီးလျှင်။အရဟတ္တဖိုလ်တည်းဟူသော မြတ်လှစွာသော ထီးဖြူကို ဆောင်းကြ ရလေ ကုန်သတည်း။ ။မဟာသတိပဋ္ဌာနသုတ်မြန်မာစကားပြင်ပြီး၏။

## (၆) ဓမ္မပဒပါဠိတော်။

## ပဏ္ဍိတဝဂ်ပါဠိ-အနက်။

## နှုတ်တက်အရကျက်ရန်။

၁။ ။နိဓိနံဝ ပဝတ္တာရံ၊ယံပဿေ ဝဇ္ဇဒဿိနံ။
နိဂ္ဂယှဝါဒိံမေဓါဝိံ၊တာဒိသံ ပဏ္ဍိတံဘဇေ။ ။
တာဒိ သံဘဇမာနဿ၊ သေယျောဟောတိ နပါပိ
ယော။ ။

### ရာဓတ္ထေရဝတ္ထု။

ဝဇ္ဇဒဿိနံ။အပြစ်ကိုဖေါ်ပြပေတတ်ထသော။ နိဂ္ဂယှဝါဒိံ။နှိပ်စက်၍ ဆိုလေ့ရှိထသော။မေဓါဝိံ။ ပညာရှိကို။ နိဓိနံ။ မြေ၌မြှုပ်ထားအပ်သောရွှေအိုးကို။ပဝတ္တာရံဣဝ။ ပြောကြားလာပေသောသူကိုကဲ့သို့။ ယံပဿေ။အကြင်ရှုထိုက်၏။တေန၊ထိုသို့ရှုထိုက်ခြင်းကြောင့်။ တာဒိသံ၊ ထိုသို့အပြစ်ကိုပြလျက်။ နှိပ်စက်ဆိုမြည်တတ်သောသဘောရှိသော။ပဏ္ဍိတံ၊ ပညာရှိကို။ ဘဇေ။ ဆည်းကပ်မှီဝဲရာ၏။တာဒိသံ။ထိုသို့သဘောရှိသောပညာရှိကို။ ဘဇမာနဿ။ ဆည်းကပ်မှီဝဲသောသူအား။ သေယျော။ မြတ်သည်။ ဟောတိ။ ဖြစ်၏။ ပါပိယော။ယုတ်မာသည်။နဟောတိ။မဖြစ်။

၂။ ဩဝါဒေယျာ နုသာသေယျ၊အသဗ္ဘာစ နိဝါရယေ။
သတဉှိသောပိယော။ ဟောတိ၊ အသတံ ဟောတိအပ္ပိ
ယော။ ။

### အဿဇိပုနဗ္ဗသုကဝတ္ထု။

ဩဝါဒေယျ။ အမှုရောက်သောအခါ၌ ဆုံးမရာ၏။ အနုသာသေယျ။ အမှုမဖြစ်မီကြိုတင်၍ တားမြစ်ဆုံးမရာ၏၊ အသဗ္ဘာစ။ မသင့်တင့် မလျောက်ပတ်သော အမှုအရာမှလည်း။ နိဝါရယေ။ တားမြစ်ရာ၏။ ဟိ။ ထိုစကားသည်မှန်၏၊သော ထိုတားမြစ်ဆုံးမတတ်သောသူကို။သတံ။ သူတော်ကောင်းတို့သည်၊ ပိယော။ချစ်ခင်မြတ်နိုးအပ်သည်။ဟောတိ၊ဖြစ်၏။ အသတံ။ သူတော်မဟုတ်ယုတ်မာသော သူတို့သည်။ အပ္ပိယော။ မချစ်မနှစ်လိုအပ် မုန်းထားအပ်သည်။ဟောတိ၊ဖြစ်၏။

၃။ ။နဘဇေ ပါပကေမိတ္တေ။နဘဇေ ပုရိသာဓမေ။
ဘဇေထ မိတ္တေကလျာဏေ၊ဘဇေထပုရိသုတ္တမေ။ ။

ဆန္နတ္ထေရဝတ္ထု။

ပါပကေ။ ယုတ်မာကုန်သော။မိတ္တေ၊ အဆွေ ခင်ပွန်း တို့ကို။ နဘဇေ။ မမှီဝဲမပေါင်းသင်းရာ။ ပုရိသာဓမေ၊ ကဲ့ရဲ့ထိုက်စွာယုတ်မာသောယောကျ်ားတို့ကို။ နဘဇေ။ မမှီဝဲမပေါင်းသင်းရာ။ ကလျာဏေ။ကောင်းသောအကျင့်သီလရှိကုန်သော။ မိတ္တေ၊အဆွေခင်ပွန်း တို့ကို။ ဘဇေထ၊ မှီဝဲပေါင်းသင်းရာ၏။ ပုရိသုတ္တမေ။ ချီးမွမ်းထိုက်သောဂုဏ်ရှိသော ယောကျ်ားမြတ်တို့ကို။ ဘဇေထ၊ မှီဝဲပေါင်းသင်းရာ၏။

၄။ ။ဓမ္မပီတိ သုခံသေတိ၊ဝိပ္ပသန္နေန စေတသာ။
အရိယပ္ပဝေဒိတေ ဓမ္မေ။ သဒါရမတိ ပဏ္ဍိတော။ ။

မဟာကပ္ပိနတ္ထေရဝတ္ထု။

ဓမ္မပီတိ။မဂ်ဖိုလ်တည်းဟူသောတရားအမြိုက်ဆေးကိုသောက်ရသောသူသည်။ သုခံ။ ချမ်းသာစွာ။ သေတိ အိပ်ရ၏။ ပဏ္ဍိတော၊ပညာရှိသော ပုဂ္ဂိုလ်သည်။ အရိယပ္ပဝေဒိတေ။ အရိယာပုဂ္ဂိုလ်တို့သည် သိအပ်သော။ဓမ္မေ၊ သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယတရား၌။ဝိပ္ပသန္နေန၊ အထူးသဖြင့်ကြည်လင်သော။စေတသာ၊ စိတ်ဖြင့်။သဒါ။အခါခပ်သိမ်း၊ရမတိ။မွေ့လျော်၏။ ။

၅။ ။ဥဒကဉှိနယန္တိနေတ္တိကာ၊ ဥသုကာရာဒမယန္တိတေဇနံ။
ဒါရုံဒမယန္တိတစ္ဆကာ၊ အတ္တာနံဒမယန္တိပဏ္ဍိတာ။ ။

ပဏ္ဍိတသာမဏေရဝတ္ထု။

နေတ္တိကာ။လယ်လုပ်ယောကျ်ားတို့သည်။ ဥဒကံ။ အင်း အိုင် မြစ် ချောင်း၌ရှိသောရေကို။နယန္တိ။ခန်ဝှူမောင်း၊ ရေစက်မြောင်းဖြင့်၊ ရေပြောင်း ယူဆောင်ကြကုန်၏။ ဥသုကာရာ။ မြားလုပ်သမား တို့သည်။တေဇနံ။ ကောက်ကွေး၍ နေသောမြားကို။ ဒမယန္တိ။ မီးဖြင့်ဖြောင့်ကြကုန်၏။ 'ဒါရုံ။ ဂနိုင်စုံချောက်၊ ထွန်းဖြစ်ပေါက်သောသစ်သားကို။ ဒမယန္တိ။ တစည်းပုဆိန်စသည်တို့ဖြင့် ရွေခုတ်ကြကုန်၏။ ပဏ္ဍိတာ။ ကျိုးကြောင်းမြင်သိ။ ပညာရှိတို့

သည်။အတ္တာနံ။မိမိကိုယ်ကို။ဒမယန္တိ။ ရာဂစသောကိလေသာတို့မဝင်ရလေအောင် ဝိပဿနာဖြင့် နှိမ်နင်းဆုံးမကြကုန်၏။ ။

၆။ ။သေလောယထာ ဧကဃနော၊ ဝါတေန နသမီရတိ။
ဧဝံနိန္ဒာ ပသံသာသု၊ နသမိဉ္ဇန္တိပဏ္ဍိတာ။ ။

လကုဏ္ဍကဘဒ္ဒိယတ္ထေရဝတ္ထု။

ဧကဃနော။ တခဲနက် ကျောက်အတိပြီးသော။ သေလော။ ကျောက်တောင်ကြီးသည်။ ဝါတေန။ အရပ်လေးမျက်နှာမှတိုက်ခတ်သောလေကြောင့်။နသမီရတိယထာ။ မရွေ့ရှားမတုန်လှုပ်ဘိသကဲ့သို့။ဧဝံတထာ။ထိုနည်းအတူ။ပဏ္ဍိတာ။ ပညာရှိသောပုဂ္ဂိုလ်တို့သည်။နိန္ဒာပသံသာသု။ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းတို့ကြောင့်။ နသမိဉ္ဇန္တိ။မတုန်လှုပ်ကြကုန်။ ။

၇။ ။ယထာပိရဟဒေါ ဂမ္ဘီရော၊ ဝိပ္ပသန္နော အနာဝိလော။
ဧဝံဓမ္မာနိ သုတွာန၊ ဝိပ္ပသီဒန္တိ ပဏ္ဍိတာ၊ ။

ကာဏမာတာဝတ္ထု။

ဂမ္ဘီရော။နက်ဗှိမ်းသော။ ရဟဒေါ။ ရေအိုင်သည်။ ဝိပ္ပသန္နောယထာပိ။ ကြည်လင်သကဲ့သို့ရင်။ အနာဝိလောယထာပိ။ မနောက်ကျုသကဲ့သို့ရင်း။ ဧဝံတထာ။ ထိုအတူ။ဓမ္မာနိ။ ဘုရားသခင်၏တရားတော်ကို။ သုတွာန။ ကြားနာရ၍၊ ပဏ္ဍိတာ၊ပညာရှိသောပုဂ္ဂိုလ်တို့သည်။ဝိပ္ပသီဒန္တိ။စိတ်ကြည်လင်ကြကုန်၏။ ။

၈။ ။သဗ္ဗတ္ထ ဝေသပ္ပုရိသာစဇန္တိ။ နကာမကာမာ လပယန္တိသန္တော။
သုခေနဖုဋ္ဌာအထဝါဒုခေန။နဉစ္စာဝစံပဏ္ဍိတာဒဿယန္တိ။ ။

ပဉ္စသတဘိက္ခုဝတ္ထု။

သဗ္ဗတ္ထ။ခန္ဓာစသောခပ်သိမ်းသောအရာဌာနတို့၌။ဂေမ်။တပ်မက်ခြင်းတဏှာကို။ ဝေ။စင်စစ်။သပ္ပုရိသာ။သူတော်ကောင်းတို့သည်။စဇန္တိ။ စွန့်လွှတ်ကြကုန်၏။ သန္တော။ သူတော်ကောင်းတို့သည်။ကာမကာမာ။ဝတ္ထုကာမ ကိလေသာကာမတို့ကို။လိုလားတောင့်တကုန်သည်ဖြစ်၍။ နလပယန္တိ။ မမြွက်မဆိုကြကုန်။ပဏ္ဍိ

တာ။ ပညာရှိကုန်သောသူတို့သည်။ သုခေန။ ချမ်းသာခြင်းနှင့်။ ဖုဋ္ဌာဝါ။တွေ့ကြုံရသော်၎င်း။အထ။ထိုမှတပါး။ဒုခေန။ဆင်းရဲခြင်းနှင့်။ဖုဋ္ဌာဝါ။တွေ့ကြုံရသော်၎င်း။ဥစ္စာဝစံ။ ကြီးကြီးငယ်ငယ် ကဲ့ရဲ့ ဘွယ်ကို၊ နဒဿယန္တိ။မပြကြလေကုန်။

၉။ ။နအတ္တဟေတု နပရဿဟေတု၊ နပုတ္တမိစ္ဆေနဓနံနရဋ္ဌံ။
နိစ္ဆေအဓမ္မေန သမိဒ္ဓိမတ္တနော။သသီလဝါပညာဝါဓမ္မိ
ကောသိယာ။

ဓမ္မိကတ္ထေရဝတ္ထု။

ပဏ္ဍိတော။ပညာရှိသောသူသည်။ အတ္တဟေတု။ မိမိတည်းဟူသောအကြောင်းကြောင့်။ပါပံ။မကောင်းမှုကို။ နကရောတိ။ မပြု။ ပရဿ။ သူတပါး၏။ဟေတု။အကြောင်းကြောင့်။ပါပံ။မကောင်းမှုကို။နကရောတိ။မပြု။ပုတ္တံ ။ သားသမီးကို။ နဣစ္ဆေ။အလိုမရှိရာ။ ဓနံ။ဥစ္စာကို။နဣစ္ဆေ။အလိုမရှိရာ။ရဋ္ဌံ။တိုင်းကားနိုင်ငံကို။နဣစ္ဆေ။ အလိုမရှိရာ။ အဓမ္မေန။ မတရားသောနည်းလမ်းအားဖြင့်၊ အတ္တနော။မိမိ၏။ သမိဒ္ဓိံ။ ပြည့်စုံခြင်းကို။ နဣစ္ဆေ။ အလိုမရှိရာ။ သ-သောပဏ္ဍိတော။ထိုပညာရှိသောသူသည်။သီလဝါ။ အကျင့်သီလနှင့်ပြည့်စုံသည်၎င်း။ပညဝ-ပညဝါ။ ပညာနှင့်ပြည့်စုံသည်၎င်း။ဓမ္မိကော၊အလုံးစုံသော အရာ၌ တရားနှင့် ယှဉ်သည်၎င်း။ သိယာ။ ဖြစ်ရာ၏။

၁၀။ ။အပ္ပကာတေ မနုဿေသု၊ယေဇနာ ပါရဂါမိနော။
အထာယံ ဣတရာပဇာ။တီရမေဝါ နုဓါဝတိ။ ။
ယေစခေါသမ္မဒက္ခာတေ၊ဓမ္မေဓမ္မာနုဝတ္တိနော။
တေဇနာ ပါရမေဿန္တိ၊မစ္စုဓေယျံ သုဒုတ္တရံ။ ။

ဓမ္မသဝနဝတ္ထု။

လောကေ။လောက၌။မနုဿေသု။လူအပေါင်းတို့တွင်။ယေဇနာ။အကြင်လူတို့သည်။ ပါရဂါမိနော။ နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်းသို့ကူးသန်းပေါက်ရောက်နိုင်ကုန်၏။ တေဇနာ။ထိုနိဗ္ဗာန်ကျွန်းသို့။ ကူးသန်းပေါက်ရောက်နိုင်သောသူတို့သည်။ အပ္ပကာ။အနည်းငယ်မျှသာဖြစ်ကုန်၏။ ဣတရာ။ဤမှတပါးသော။အ

ဃံပဇာ။ ဤသတ္တဝါများအပေါင်းသည်။ တီရမေ၀။ သက္ကာယဒိဋ္ဌိတည်းဟူသော ဤမှာဘက်ကမ်းသို့သာလျှင်။ အနုဓါဝတိ။ အစဉ်သဖြင့်ပြေးဝင်၏။

ယေစခေါ။ အကြင်သူတို့သည်ကား။ သမ္မဒက္ခာတေ။ ကောင်းစွာဟောကြားတော်မူအပ်သော။ ဓမ္မေတရားတော်၌။ ဓမ္မာနုဝတ္တိနော။ တရားသိမ်းပိုက်။ မတိမ်းငိုက်ဘဲ။ စိုက်စိုက်လိုက်ကာ။ ကျင့်နိုင်ကြပါကုန်သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ တေဇနာ။ ထိုသူအပေါင်းတို့သည်။ သုဒုတ္တရံ။ အလွန်အကဲကူးမြောက်နိုင်ခဲလှစွာသော။ မစ္စုဓေယျံ။ သေမင်းနိုင်ငံ။ ဘုံသုံးတန်ကို။ တရန္တာ။ ကူးသန်းကျော်လွှားကုန်လျက်။ ပါရံ။ ထိုမှာဘက်စွန်း။ နိဗ္ဗာန် ကျွန်းကြီးသို့။ သေန္တိ။ ကေန်ထုတ်ချောက်။ အမှန်ရောက်၍။ မျက်မှောက်ပြုရလေကုန်လတ္တံ့။ ။

၁၁။ ။ကဏှံဓမ္မံဝိပ္ပဟာယ၊ သုက္ကံဘာဝေထ ပဏ္ဍိတော။
ဩကာအနောက မာဂမ္မ၊ ဝိဝေကေ ယတ္ထဒူရမံ။ ။
တတြာဘိရတိမိစ္ဆေယျ၊ ဟိတွာကာမေအကိဉ္စနော။
ပရိယောဒပေယျ အတ္တာနံ။ စိတ္တက္လေသေဟိ ပဏ္ဍိ
တော။ ။

ယေသံ သမ္ဗောဓိယင်္ဂေသု၊ သမ္မာစိတ္တံ သုဘာဝိတံ။
အာဒါန ပဋိနိဿဂ္ဂေ၊ အနုပါဒါယ ယေရတာ။
ခီဏာသဝါဇုတိမန္တော။ တေလောကေပရိနိဗ္ဗုတာ။ ။

ပဉ္စသတအာဂန္တုကဘိက္ခုဝတ္ထု။

ပဏ္ဍိတော။ ပညာရှိသောသူသည်။ ကဏှံ။ မည်းညစ်လှစွာသော။ ဓမ္မံ။ အကုသိုလ်ဒုစရိုက်တရားကို။ ဝိပ္ပဟာယ။ ပယ်စွန့်၍။ ဩကာ။ တဏှာတည်းဟူသောတည်ရာမှ။ နိက္ခမိတွာ။ ထွက်၍။ အနောကံ။ တဏှာကင်းရာဖြစ်သောနိဗ္ဗာန်ကို၊ အာဂမ္မ။ စွဲ၍။ သုက္ကံ။ ဖြူစင်သောသုစရိုက်တရားကို။ ဘာဝေထ။ ပွါးများရာ၏။ ယတ္ထဝိဝေကေ။ အကြင်အပေါင်းအဖေါ်မှကင်း၍ တယောက်ထည်းနေခြင်းဟုဆိုအပ်သောကာယဝိဝေက။ ကိလေသာပူလောင်ခြင်းမှ ကင်း၍ သမာပတ်ဝင်စားခြင်းတည်းဟူသောစိတ္တဝိဝေက။ ခန္ဓာမှကင်း

ရာနိဗ္ဗာန်ဟူသော ဥပမိဝိဝေကဉ္စ။ ဣမေဟိ။ ဤသတ္တဝါတို့သည်။
ဒုရမံ။မွေ့လျော်နိုင်ခဲ၏။

ကာမေ။ကာမဂုဏ်တရားတို့ကို။ ဟိတွာ။ ပယ်စွန့်၍။ အကိဉ္စ
နော။ ကြောင့်ကြခြင်းမရှိဘဲ။ တတြ။ ထိုဝိဝေကတရားသုံးပါး၌။
အဘိရတိံ။အလွန်မွေ့လျော်ခြင်းကို။ဣစ္ဆေယျ။အလိုရှိရာ၏။ ပဏ္ဍိ
တော။ ပညာရှိသောယောက်ျားသည်။ စိတ္တက္လေသေဟိ။ စိတ်၏
ညစ်ညူးကြောင်းဖြစ်သော နီဝရဏစသည်တို့မှ။အတ္တာနံ။မိမိကိုယ်
ကို။ပရိယောဒပေယျ။ဖြူစင်စေရာ၏။

ယေသံ။အကြင်ပုဂ္ဂိုလ်တို့အား။ သမ္ဗောဓိယင်္ဂေသု။အဟတ္တမဂ်၏။
အင်္ဂေသု။ အကြောင်း ဖြစ်ကုန်သော ဗောဇ္ဈင်တရားတို့၌။ သမ္မာ။
အသင့်အားဖြင့်။ သုဘာဝိတံ။ ကောင်းစွာ ပွါးအပ်သော။စိတ္တံ။
စိတ်သည်။အတ္ထိ။ရှိ၏။ယေပုဂ္ဂလာ။ အကြင်ပုဂ္ဂိုလ်တို့သည်။ အနု
ပါဒါယ။မစွဲလမ်းမူ၍။ အာဒါနပဋိနိဿဂ္ဂေ။ ဥပါဒါန်တရားတို့ကို
စွန့်လွှတ်ရာ ဖြစ်သော နိဗ္ဗာန်၌။ ရတာ။ မွေ့လျော် ကုန်သည်။
ဟောန္တိ။ဖြစ်ကုန်၏။လောကေ။လောက၌။ ခီဏာသဝါ။ကုန်ပြီး
သောအာသဝေါရှိကုန်သော။ဇုတိမန္တော။ ကြီးသောအာနုဘော်
ရှိကုန်သော။ဝါ။ အရဟတ္တမဂ်ဉာဏ်ရောင်ရှိကုန်သော။ တေပုဂ္ဂ
လာ၊ ထိုပုဂ္ဂိုလ်တို့သည်။ပရိနိဗ္ဗုတာ။ သဉပါဒိသေသ နိဗ္ဗာနဓါတ်
အနုပါဒိသေသနိဗ္ဗာနဓါတ်တို့ဖြင့် ငြိမ်းကုန်သည်၊ ဟောန္တိ ဖြစ်
ကုန်၏။

ဓမ္မပဒပါဠိတော်ပဏ္ဍိတဝဂ်ပါဠိအနက်ပြီး၏၊

* နဝမတန်းဗုဒ္ဓဘာသာသင်ခန်းစာပြီး၏။

ဒသမတန်းဗုဒ္ဓဘာသာသင်ခန်းစာ။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

## ကျောင်းသားများနှုတ်တက်အရကျက်ရန်။

## ၁။ ။ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ။

ဟေတုပစ္စယော။ အာရမ္မဏပစ္စယော။ အဓိပတိပစ္စယော။အ
အနန္တရပစ္စယော။ သမနန္တရပစ္စယော။ သဟဇာတပစ္စယော။အည
မညပစ္စယော။ နိဿယပစ္စယော။ ဥပနိဿယပစ္စယော။ပုရေဇာ
တပစ္စယော။ပစ္ဆာဇာတပစ္စယော။အာသေဝနပစ္စယော။ ကမ္မပစ္စ
ယော။ ဝိပါကပစ္စယော။ အာဟာရပစ္စယော။ ဣန္ဒြိယပစ္စယော။
ဈာနပစ္စယော။ မဂ္ဂပစ္စယော။ သမ္ပယုတ္တပစ္စယော။ ဝိပ္ပယုတ္တပစ္စ
ယော။အတ္ထိပစ္စယော။နတ္ထိပစ္စယော။ဝိဂတပစ္စယော။အဝိဂတပစ္စ
ယောတိ။ ။ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်။ ။

ဟေတုပစ္စယော။ဟိတ်ဖြစ်၍ကျေးဇူးပြုတတ်သော တရားဒင်း။
အာရမ္မဏပစ္စယော။ အာရုံဖြစ်၍ ကျေးဇူးပြုတတ်သော တရား
ဒင်း။အဓိပတိပစ္စယော။ အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သော
တရားဒင်း။ အနန္တရပစ္စယော။ အခြားမဲ့ဖြစ်၍ ကျေးဇူး ပြုတတ်
သောတရားဒင်း။ သမနန္တရပစ္စယော။ကောင်းစွာအခြားမဲ့ဖြစ်၍
ကျေးဇူးပြုတတ်သောတရားဒင်း။သဟဇာတပစ္စယောအတူတကွ
ဖြစ်၍ကျေးဇူးပြုတတ်သောတရားဒင်း။အညမညပစ္စယော။အချင်း
ချင်းဖြစ်၍ ကျေးဇူး ပြုတတ်သောတရားဒင်း။ နိဿယပစ္စယော။
မှီရာဖြစ်၍ကျေးဇူးပြုတတ်သော တရားဒင်း။ဥပနိဿယပစ္စယော။
အားကြီးသောမှီရာအကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား
ဒင်း။ပုရေဇာတပစ္စယော။ရှေ့ဦးဖြစ်၍ ကျေးဇူးပြုတတ်သောတရား
ဒင်း။ ပစ္ဆာဇာတပစ္စယော။နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော
တရားဒင်း။အာသေဝနပစ္စယော။ အဘန်တလဲလဲမှီဝဲထုံအပ်သည်
ဖြစ်၍ကျေးဇူးပြုတတ်သောတရားဒင်း။ကမ္မပစ္စယော။မျိုးစေ့ဖြစ်၍
ကျေးဇူးပြုတတ်သောတရားဒင်း။ ဝိပါကပစ္စယော။အကျိုး ဖြစ်၍
ကျေးဇူးပြုတတ်သောတရားဒင်း။အာဟာရပစ္စယော။ ယောက်ပံ့

ခိုင်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားရင်း။ ဣန္ဒြိယ ပစ္စယော။ အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ ဈာနပစ္စယော။ကပ်၍ရှုတတ်ဖြစ်၍ ကျေးဇူးပြုတတ်သောတရာရင်း။ မဂ္ဂပစ္စယော။အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ သမ္ပယုတ္တပစ္စယော။ ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား ရင်း။ဝိပ္ပယုတ္တပစ္စယော။မယှဉ်သည်ဖြစ်၍ ကျေးဇူး ပြုတတ်သော တရားရင်း။ အတ္ထိပစ္စယော။ ရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ နတ္ထိပစ္စယော။ မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားရင်း။ ဝိဂတပစ္စယော။ ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ် သောတရားရင်း။အဝိဂတပစ္စယော။ မကင်းသည်ဖြစ်၍ ကျေးဇူး ပြုတတ်သောတရားရင်း။ ဤတိ။ ဤသို့။ စတုဝီသတိပစ္စယာ။ နှစ် ဆယ့်လေးပါးသော ပစ္စည်း တရားတို့သည်။ မဟာပကရဏော။ ပဋ္ဌာန်းကျမ်းကြီး၌။ဋ္ဌိတာ။တည်ကုန်သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ အနက်ပြီး၏။ ။

## ၂။ ။ခန္ဓာငါးပါးအဓိပ္ပါယ်-ကျောင်းသားများဘတ်ရန်။

ခန္ဓာငါးပါးဟူသည်ကား။ရူပက္ခန္ဓာ။ဝေဒနာက္ခန္ဓာ။သညာက္ခ ခန္ဓာ။သင်္ခါရက္ခန္ဓာ။ဝိညာဏက္ခန္ဓာ။ဤငါးပါးတို့ပေတည်း။ ထိုငါး ပါးတို့တွင်။ ပထဝီဓါတ်။ အာပေါဓါတ်။တေဇောဓါတ်။ဝါယော ဓါတ်ဟုဆိုအပ်သော မဟာဘုတ်လေးပါးသည်ရင်း။ စက္ခုပသာ ဒ။သောတပသာဒ။ဃာနပသာဒ။ဇိဝှါပသာဒ။ကာယပသာဒဟု ဆိုအပ်သော ပသာဒရုပ်ငါးခုသည်ရင်း။ ရူပါရုံ။သဒ္ဒါရုံ။ဂန္ဓာရုံ။ရ သာရုံ။ ဖေါဋ္ဌဗ္ဗရုံဟုဆိုအပ်သောဂေါစရရုပ်ငါးခုသည်ရင်း။ ဣတ္ထိ ဘာဝရုပ်။ပုမ္ဘာဝရုပ်ဟုဆိုအပ်သောဘာဝရုပ်နှစ်ခုသည်ရင်း။ဟဒ ယဝတ္ထုဟုဆိုအပ်သော ဟဒယရုပ်။ဇီဝိတိန္ဒြေဟုဆိုအပ်သောဇီဝိ တရုပ်။ အလုပ်အလွေ့ပြု၍ စားမျိုအပ်သောအာဟာရဟု ဆိုအပ် သောအာဟာရရုပ်။ အာကာသဓါတ်ဟု ဆိုအပ်သော ပရိစ္ဆေဒ ရုပ်။ကာယဝိညတ်။ ဝစီဝိညတ်ဟု ဆိုအပ်သော ဝိညတ်ရုပ်နှစ်ခု။

* ရုပ်နှင့်ဆယ့်ရှစ်ပါးရေတွက်ရာ၌ ဖေါဋ္ဌဗ္ဗရုံသည် အာပေါမှတပါးသော မဟာဘုတ်သုံးပါးပင်ဖြစ်၍ သရုပ်မရချေ။

ရူပဿလဟုတာ။ရူပဿမုဒုတာ။ရူပဿကမ္မညတာ။ ရူပဿဥပစယ။ရူပဿသန္တတိ။ရူပဿဇရတာ။ ရူပဿအနိစ္စတာ တည်းဟူသော လက္ခဏာ ရုပ်လေးခု။ စုစုပေါင်း ရုပ် နှစ်ဆဲ့ရှစ်ခုသည် ရူပက္ခန္ဓာမည်၏။

စေတသိက် ငါးဆဲ့နှစ်ပါးတို့တွင် ဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။

သညာစေတသိက်သည်သညာက္ခန္ဓာမည်၏။

ဝေဒနာသညာမှ ကြွင်းသောစေတသိက်ငါးဆယ်သည် သင်္ခါရက္ခန္ဓာမည်၏။

စိတ်တခုယုတ်ကိုးဆယ်သည်ဝိညာဏက္ခန္ဓာမည်၏။

ရူပက္ခန္ဓာဟူသော စကားသည် ရူပဟူသောပုဒ်နှင့် ခန္ဓာဟူသောပုဒ်ကို ပေါင်းစပ်ထားသောစကားတည်း။ ရူပ၏အဓိပ္ပါယ်ကားရုပ်ဖြစ်သည်။ ခန္ဓာ၏အဓိပ္ပါယ်ကားအပေါင်းဖြစ်သည်။ ထိုကြောင့် ရူပက္ခန္ဓာဟူသော စကားသည် ရုပ်တို့၏ အပေါင်းဟု အဓိပ္ပါယ်ရှိ၏။ အဘယ်ကဲ့သို့ရုပ်တို့ကို ပေါင်းသနည်းဟူမူကား။ အဘိဓမ္မာ ခန္ဓဝိဘင်းပါဠိတော်=သုတ္တန္တ ဘာဇနီယအားဖြင့် အတိတ်ဖြစ်သောရုပ်။ အနာဂတ် ဖြစ်သောရုပ်။ ပစ္စုပ္ပန်ဖြစ်သောရုပ်။ ကိုယ်တွင်း၌ဖြစ်သောရုပ်။ကိုယ်ပ၌ဖြစ်သောရုပ်။ရုံ့ရင်းကြမ်းတမ်းသောရုပ်။နူးညံ့သိမ်မွေ့သောရုပ်။ယုတ်နိမ့်သောရုပ်။မြင့်မြတ်သောရုပ်။ အဝေးဖြစ်သောရုပ်။ အနီး ဖြစ်သောရုပ် တည်းဟူသော တဆဲ့တပါးသောအခြင်းအရာတို့ကို တပေါင်းတည်းပေါင်းစည်း၏။နှစ်ဆဲ့ရှစ်ပါးသောရုပ်တို့ကို ပေါင်းသည်ကိုသာလျှင် မဆိုလို။ ပထဝီဓါတ်တခုတည်းပင်လည်း ယခင်ဆိုခဲ့သော အတိတ်။အနာဂတ်။ပစ္စုပ္ပန်-အတွင်း။အပ။အကြမ်း။ အနု။ အယုတ်။ အမြတ်။ အဝေး။ အနီး ဟူသော တဆဲ့တပါးသော အခြင်းအရာ တို့ကိုရကောင်းရကား ရူပက္ခန္ဓာပင်မည်၏။ ကြွင်းသော အာပေါဓါတ်စသည်တို့၌လည်း ဤနည်းတူသိကြလေ။ ဝေဒနာစေတသိက်တခုတည်းပင်လည်း အတိတ်စသောအခြင်းအရာတဆဲ့တပါးရသောကြောင့် ဝေဒနာက္ခန္ဓာ မည်၏။ သညာ စေတသိက် သည် သညာက္ခန္ဓာမည်ရာ၌လည်း ၎င်းနည်းတူပင်မှတ်လေ။

ဖဿစသော ဝေဒနာသညာမှ ကြွင်းသော စေတသိက်ငါးဆယ်သည်။ သင်္ခါရက္ခန္ဓာမည်၏ဆိုရာ၌လည်း ငါးဆယ်စလုံးကို ပေါင်းမှသာလျှင် သင်္ခါရက္ခန္ဓာမည်သည်ဟုမမှတ်လင့်။ ဖဿစေတသိက်တခုတည်းပင်လည်း ၎င်းတဆဲ့တပါးသော အခြင်းအရာရသောကြောင့် သင်္ခါရက္ခန္ဓမည်၏။ ကြွင်းသော စေတသိက်တို့၌လည်း ဤနည်းတူသိလေ။ စိတ်တခု ယုတ်ကိုးဆယ်သည် ဝိညာဏက္ခန္ဓမည်၏ဆိုရာ၌လည်း။ ယခင်နည်းအတိုင်း တခုတခုသော စိတ်သည်။ဝိညာဏက္ခန္ဓာမည်ကြောင်းကိုသိကြလေ။နိဗ္ဗာန်တရားသည်ကား ၎င်းတဆဲ့တပါးသော အခြင်းအရာတို့ မရကောင်းသောကြောင့် ပေါင်းစည်း၍ မရသဖြင့်။ ခန္ဓာဟုမခေါ်အပ်ချေ။ ဤကား၊ သုတ္တန္တဘာဇနီယနည်းအားဖြင့် သိအပ်သောအဓိပ္ပါယ်တည်း။ ။အဘိဓမ္မဘာဇနီယ နည်းအားဖြင့်ကား။ အချမ်းအပူစသည်တို့ကြောင့် ဖေါက်ပြန်ခြင်းလက္ခဏာရှိသော ရုပ်အားလုံးကို။တစုတည်းဉာဏ်ဖြင့်ပြု၍ရူပက္ခန္ဓာဟူ၍သိအပ်၏။ အရသာကို ခံစားခြင်းလက္ခဏာရှိသောဝေဒနာအားလုံးကို တစုတည်းဉာဏ်ဖြင့်ပြု၍ဝေဒနက္ခန္ဓာဟူ၍သိအပ်၏။ အညို၊အဝါစသည်ဖြင့်အမှတ်ပြု၍သိခြင်းလက္ခဏာရှိသောသညာအားလုံးကို တစုတည်းဉာဏ်ဖြင့်ပြု၍ သညာက္ခန္ဓာဟူ၍သိအပ်၏။ ပြုပြင်ခြင်း။အားထုတ်ခြင်း၊ ကြောင့်ကြ ဗျာပါရသို့ ရောက်ခြင်းလက္ခဏာရှိသော စေတနာစသောအလုံးစုံသောစေတသိက်ငါးဆယ်တို့ကို။ တစုတည်းဉာဏ်ဖြင့်ပြု၍ သင်္ခါရက္ခန္ဓာဟူ၍ သိအပ်၏။အာရုံကိုသိခြင်းလက္ခဏာရှိသော အလုံးစုံသော စိတ်တို့ကို တစုတည်း ဉာဏ်ဖြင့် ပြု၍ ဝိညာဏက္ခန္ဓာဟူ၍ သိအပ်၏။ ။ဤအဘိဓမ္မ ဘာဇနီ၌ကား။ ခန္ဓာငါးပါးတို့ကို တပါးတပါးစီ၌၊ တပါးအပြား။နှစ်ပါးအပြား။ သုံး ပါးအပြားစသည်တို့ဖြင့်မြတ်စွာဘုရားသည်ကျယ်ဝန်းစွာဝေဘန်၍ဟောတော်မူသည်၊ ။အကျယ်ကိုသိလိုလျှင်။ဝိဘင်းပါဠိတော်ကိုကြည့်ကြလေ။

ခန္ဓာငါးပါးအဓိပ္ပါယ်ပြီး၏။

## ကျောင်းသားများဘတ်ရန်။

## ၃။ ။ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-အနိစ္စဝဂ်-စတုတ္ထသုတ်၏။

## မြန်မာစကားပြေအဓိပ္ပါယ်။

ဤခန္ဓာငါးပါးတို့တွင်ရူပက္ခန္ဓာကိုရုပ်ခန္ဓာ။ ကြွင်းသောခန္ဓာလေးပါးကိုနာမ်ခန္ဓာ၊ သို့မဟုတ် နာမက္ခန္ဓာလေးပါးဟုခေါ်ကြ၏။အသညသတ်ဘုံ၌ရူပက္ခန္ဓာတပါ သာဖြစ်သောကြောင်း။ ၎င်းဘုံကိုဧကဝေါကာရဘုံဟုခေါ်၏။အရူပလေးဘုံ၌ နာမက္ခန္ဓလေးပါးသာဖြစ်သောကြောင့် ခန္ဓာကိုအစွဲပြု၍။ ၎င်းအရူပလေးဘုံကိုစတုဝေါကာရ ဘုံဟုခေါ်၏။ သုံးဆဲ့တဘုံအနက် အသညသတ်ဘုံနှင့်အရူပလေးဘုံမှ ကြွင်းသော နှစ်ဆဲ့ခြောက်ဘုံကိုခန္ဓာ ငါးပါးစလုံး ဖြစ်နိုင်သောကြောင့် ပဉ္စဝေါကာရဘုံဟုခေါ်၏။ ဤအရာတွင်ခန္ဓာနှင့် ဝေါကာရဆိုသောစကားတို့သည်၊ အဓိပ္ပါယ်ချင်းတူကြ၏။ လူ့ဘုံသည်ပဉ္စဝေါကာရနှစ်ဆဲ့ခြောက်ဘုံတွင်ပါဝင်ရကား။ ခန္ဓာငါးပါးစလုံးရနိုင်သောကြောင့်တပါးသောခန္ဓာကိုအနိစ္စ။ဒုက္ခ။ အနတ္တဟုဝေဘန်ရှုဆင်ခြင်အပ်၏။ ခန္ဓာငါးပါးတို့ကိုအကျဉ်းချုံးလိုက်သော် ရုပ်နှင့်နာမ်သာတည်း။ နာမ်ရုပ်တရားတို့၏ဖြစ်ဆဲခဏသည် ဥပါဒ်မည်၏။ နာမ်၏ဇာတိ။ ရုပ်၏ဇာတိဟူ၍လည်းခေါ်နိုင်၏။ ၎င်းနာမ်ရုပ်တရားတို့၏ ဖြစ်သည့်၏ အခြားမဲ့၌။တည်သောဘင်သို့ရှေးရှုသောခဏသည်၊ ဌီခဏမည်၏။ နာမ်တရားတို့၏ဇရာအခိုက်အတန့်။ရုပ်တရားတို့၏ဇရာအခိုက်အတန့်ဟူ၍လည်းခေါ်နိုင်၏။ ၎င်းတရားတို့၏ ပျက်ခြင်း ချုပ်ခြင်းသည်၊ဘင်ခဏမည်၏။နာမ်၏မရဏ။ရုပ်၏မရဏဟူ၍လည်းခေါ်နိုင်၏။ အချို့သောသူတို့ကား ဌီခဏဟူသည်ဖြစ်ခြင်းပျက်စီးခြင်းဟူသောဥပါဒ်နှင့်ဘင်တို့၏ အကြား၌ တည်ရှိရကား။ ဖြစ်ခြင်းလည်းမဟုတ်။ ပျက်စီးခြင်းလည်းမဟုတ်ဖြစ်၍။တည်တန့်နေသောသဘောရှိရကား။ သဗ္ဗသင်္ခါရာအနိစ္စာစသည်ဖြင့် ဟောတော်မူသည်နှင့်ဆန့်ကျင်သောကြောင့် ဌီခဏကို အယူမရှိကြချေ။ ထိုအယူသည်မမှန်ချေ။အဘယ့်ကြောင့်ဆိုသော်။ အကယ်၍ ဌီခဏဟူ၍မရှိပါက။ ဖြစ်သော တရားလည်းတပါး။ ပျက်စီးသော တရား

လည်းတပါးဟု တကွဲတခြားစီ ဖြစ်ခဲ့ရာ၏။ ဖြစ်သောတရားသည်
မချုပ်မပျက်။ ချုပ်ပျက်သော တရားသည်လည်း ဖြစ်ခြင်းမရှိဘဲ။
ချုပ်ပျက်၏ဟူသောအဓိပ္ပါယ်မျိုးသို့ရောက်လေတော့မည်။ ယင်း
သို့ကားမဟုတ်။ဖြစ်ပေါ်ဥပါဒ်လာသောတရားသည်ပင်လျှင်ချုပ်
ပျက်စီးခြင်း ဖြစ်လေရကား။ ချုပ်ပျက်ခြင်းသို့ ရှေးရှု နေသော
ဋ္ဌီခဏကိုအလိုရှိအပ်၏။ ဥပမာအားဖြင့် ကျောက်ခဲတလုံးကိုယူ
၍ ကောင်းကင်သို့မြှောက်လိုက်သည်ရှိသော်။ အရှိန်ကုန်သဖြင့်
မြေကြီးသို့ပြန်၍ကျရာ၏။ ဤကျောက်ခဲတို့သဘောသည်၊ ကောင်း
ကင်၌ရပ်တည်နေခြင်း မရှိငြားသော်လည်း။ မြှောက်လိုက်သော
အရှိန်ကုန်၍ မြေကြီးသို့ ပြန်ကျရန်ခေတ္တမျှ ရပ်တည်နေရ၏။ အ
ကယ်၍ ကျရန်ရှေးရှု၍ ခေတ္တမျှရပ်တည်ခြင်း မရှိပါက။ မြှောက်
လိုက်သောကျောက်ခဲသည်မကျရာ။ကျလာသောကျောက်ခဲသည်
လည်းမြှောက်လိုက်သော ကျောက်ခဲမဟုတ်တော့ပြီ။ တက်သော
ကျောက်ခဲလည်း တခြား။ ကျလာသော ကျောက်ခဲလည်း တ
ခြားဟု ကျောက်ခဲနှစ်လုံးဖြစ်ခဲ့ရာ၏။ ယင်းသို့လည်း မဖြစ်နိုင်။
မြှောက်လိုက်သောကျောက်ခဲပင်ကျလာရကား။အတက်အကျနှစ်
ပါးတို့၏အလယ်၌ ခေတ္တမျှကောင်းကင်၌တည်၍နေသော ကျ
ခြင်းသို့ ရှေးရှုနေသောကျောက်ခဲကဲ့သို့။ ဥပါဒ်နှင့် ဘင်နှစ်ပါးတို့
၏အကြား၌ တည်သောဘင်သို့ ရှေးရှုနေသော ခဏကို ဋ္ဌီခဏ
ဟုမှတ်အပ်၏။ ၎င်းဥပါဒ်ဋ္ဌီဘင် သုံးပါးစလုံးကို နာမ်ဖြစ်ခဲ့လျှင်
စိတ္တက္ခဏတချက်ဟူ၍၎င်း။ စိတ်သက်တချက်ဟူ၍၎င်း ခေါ်၏။
ရုပ်တရားဖြစ်ခဲ့လျှင် ရုပ်သက်တချက်ဟုခေါ်၏။ ၎င်းပြင် ဥပါဒ်
ဋ္ဌီဘင်ဟူ၍ စိတ်သက်ပေါင်း တဆယ့်ခုနစ်ချက်ဖြစ်၍။ ဥပါဒ်ခဏ
ပေါင်းတဆယ့်ခုနစ်ချက်။ ဋ္ဌီခဏပေါင်းတဆယ့်ခုနစ်ချက်။ ဘင်ခဏ
ပေါင်းတဆယ့်ခုနစ်ချက်အားဖြင့် ခဏငယ်ပေါင်း ငါးဆယ့်တချက်
ဖြစ်ပါမှ ရုပ်သက်တချက်လိုက်၍ဖြစ်၏။ ရုပ်၏ဥပါဒ်သည် ပဌမ
ဆုံးစိတ်သက်၏ဥပါဒ်ခဏ၌ပြိုင်၍ဖြစ်ပြီးလျှင် ၎င်းပဌမစိတ်သက်
၏ဋ္ဌီခဏမှစ၍။တဆယ့်ခုနစ်ကြိမ်မြောက်ဖြစ်သောစိတ်သက်၏ ဋ္ဌီ
ခဏအထိ။ ခဏငယ်ပေါင်း လေးဆယ့်ကိုးချက်တိုင်အောင် ရုပ်၏
ဋ္ဌီခဏသည် ရပ်တည်နေပြီးလျှင်။ ၎င်းတဆယ့်ခုနစ်ကြိမ်မြောက်ဖြစ်

သောစိတ်သက်၏ ဘင်ခဏနှင့်အတူဖြိုင်၍၊ ရုပ်၏ဘင်သည်ချုပ်ပျက်၏။ကာယဝိညတ်။ဝစီဝိညတ်ဟုဆိုအပ်သောဝိညတ်ရုပ်နှစ်ခုသည်ကား။ စိတ်နှင့်အတူတူလိုက်၍ ဖြစ်ကြပျက်ကြကုန်၏။ ဤသို့လျှင် ရုပ်တရား နာမ်တရားတို့သည် ရပ်နားခြင်းမရှိဘဲ။ ရထားလှည်းဘီးစက်လည်သကဲ့သို့၊ ဥပါဒ်ဋ္ဌီဘင်၊ ဥပါဒ်ဋ္ဌီဘင်ဟူ၍အစဉ်သဖြင့်ဖြစ်ပျက်ခြင်းရှိရကား။ ရူပက္ခန္ဓာဟုဆိုအပ်သော ရုပ်တရားတို့သည်။ အမြဲမရှိသော အနိစ္စ တရားတို့သာတည်း။ မမြဲသော အနိစ္စ တရားသာ ဖြစ်သော ထိုရူပက္ခန္ဓာသည် အဘယ်မှာချမ်းသာခြင်းဟူသော သုခရှိပါတော့အံ့နည်း။ ဆင်းရဲခြင်း တည်းဟူသော ဒုက္ခတရားသာ ဖြစ်လေတော့သည်။ ယင်းသို့ မမြဲခြင်း ဆင်းရဲခြင်းနှင့်ပြည့်စုံသော ရူပက္ခန္ဓာတည်းဟူသော ထိုရုပ်တရားတို့သည် အဘယ်မှာလျှင် မိမိ၏အလိုသို့လိုက်ခြင်း။ အစိုးရခြင်း။ အနှစ်သာရနှင့်ပြည့်စုံခြင်းတို့ ရှိပါတော့အံ့နည်း။ အလိုသို့မလိုက်ခြင်း။အစိုးမရခြင်း။အနှစ်သာရကင်းမဲ့ခြင်းတည်းဟူသော အနတ္တတရားတို့သာလျှင် ဧကန်စင်စစ်ဖြစ်ကုန်၏။ ယင်းသို့အနတ္တတရားသက်သက်မျှသာဖြစ်လေသောကြောင့်၊ ဤရူပက္ခန္ဓာဟု ဆိုအပ်သော ရုပ်တရားအစုကို။ဤရုပ်တရားအစုတို့သည်။ ငါ၏ကိုယ်ပိုင်ဥစ္စာ မဟုတ်ပါတကား။ ဤရူပက္ခန္ဓာကြီးသည်၊ ငါ မဟုတ်ပါတကား၊ ဤရူပက္ခန္ဓာကြီးသည်၊ ငါ၏အတ္တမဟုတ်ပါတကား ဟူ၍သာလျှင် ဝိပဿနာပညာဉာဏ်ဖြင့် ဟုတ်တိုင်း မှန်စွာ ကြည့်ရှုဆင်ခြင်အပ်၏။

ခံစားခြင်း ဝေဒနာ အစုဟု ဆိုအပ်သော ဝေဒနာက္ခန္ဓာကြီးသည်လည်း။ ယခင်ဆိုအပ်ခဲ့သောဥပါဒ် ဋ္ဌီဘင်တို့ဖြင့်အစဉ်မပြတ်ဖြစ်ပျက်ရကား။ အမြဲမရှိသောအနိစ္စတရားသာတည်း။ မမြဲသော အနိစ္စတရားသာဖြစ်သော ဤဝေဒနာက္ခန္ဓာသည်လည်း။အဘယ်မှာချမ်းသာခြင်း တည်းဟူသော သုခ ရှိပါတော့အံ့နည်း။ဆင်းရဲခြင်းတည်းဟူသောဒုက္ခတရားမျှသာဖြစ်လေတော့သည်။ ယင်းသို့မမြဲခြင်းဆင်းရဲခြင်းနှင့်ပြည့်စုံသော ဝေဒနာက္ခန္ဓာတည်း ဟူသော ခံစားခြင်းဝေဒနာသည်အဘယ်မှာလျှင်မိမိ၏အလိုသို့လိုက်ခြင်း။ အစိုးရခြင်း။အနှစ်သာရနှင့်ပြည့်စုံခြင်းတို့ရှိပါတော့အံ့နည်း။အလို

သို့မလိုက်။အစိုးမရ။အနှစ်သာရကင်းမဲ့ခြင်းတည်းဟူသောအနတ္တ တရားသာလျှင် ကေန်ဖြစ်လေတော့သည်။ ယင်းသို့အနတ္တတရား သက်သက်မျှသာဖြစ်လေသောကြောင့်၊ ဤဝေဒန က္ခန္ဓာသည် ငါ ၏ကိုယ်ပိုင်ဥစ္စာနှစ်မဟုတ်ပါတကား။ ဤဝေဒနာက္ခန္ဓာကြီးသည် ငါဟုဆိုအပ်သောအထည်ဒြပ်မဟုတ်ပါတကား။ ဤဝေဒနက္ခန္ဓာ သည်၊ငါ၊သူတပါး၊မိန်းမ၊ယောကျ်ား၊ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဟုဆို အပ်သော အတ္တမဟုတ်ပါတကားဟူ၍သာလျှင် ဝိပဿနာပညာ ဉာဏ်ဖြင့် အဘန်ဘန်ကြည့်ရှုဆင်ခြင်အပ်၏။

အာရုံကို မှတ်ခြင်းလက္ခဏာရှိသော သညာစေတသိက်ဟုဆို အပ်သောဤသညာက္ခန္ဓာသည်လည်းဥပါဒ်ဋ္ဌီဘင်နှင့် အစဉ်မပြတ် ဖြစ်ခြင်းပျက်ခြင်းရှိရကား။ အမြဲမရှိသောအနိစ္စတရားသာတည်း။ မမြဲခဲ့ပါလျှင် အဘယ်မှာ ချမ်းသာခြင်းသုခရှိပါအံ့နည်း။ ဆင်းရဲ အစုဒုက္ခမျှသာတည်း။ ယင်းသို့မမြဲ၍ဆင်းရဲခြင်းဒုက္ခအစုသာဖြစ် သော ဤသညာက္ခန္ဓာကြီးသည်အဘယ်မှာမိမိ၏အလိုသို့လိုက်အံ့ နည်း။ဖြစ်သောသညာစေတသိက်ကိုမပျက်နှင့်ဟုအာဏာထား၍ တားဆီးလွှမ်းမိုးအစိုးရခြင်း အဘယ်မှာရှိအံ့နည်း။ တည်တန့်မြဲမြံ ခိုင်ခံ့ခြင်းအနှစ်သာရအဘယ်မှာရတော့အံ့နည်း။အလိုသို့မလိုက်၊ အစိုးမရ။ အနှစ်သာရ ကင်းမဲ့သောအနတ္တ တရားမျှသာတည်း။ ယင်းသို့အနတ္တတရားမျှသာဖြစ်လေသောကြောင့်ဤသညာက္ခန္ဓာ ကြီးသည်၊ ငါ၏ ကိုယ်ပိုင် ဥစ္စာနှစ် မဟုတ် ပါတကား။ ဤ သညာက္ခန္ဓာကြီးသည်၊ ငါဟုဆိုအပ်သော၊အထည် မဟုတ်ပါ တကား။ဤသညာက္ခန္ဓာကြီးသည် ငါသူတပါး မိန်းမယောကျ်ား ပုဂ္ဂိုလ်သတ္တဝါဟု ဆိုအပ်သော အတ္တမဟုတ်ပါတကားဟူ၍သာ လျှင်။ ဝိပဿနာပညာဉာဏ်ဖြင့်အစဉ်မပြတ်ဆင်ခြင်သုံးသပ်အပ် ၏။

ဝေဒနာစေတသိက်။ သညာစေတသိက်မှတပါးသော စေတ သိက်ငါးဆယ်ဟုဆိုအပ်သော သင်္ခါရက္ခန္ဓာတရားစုသည်လည်း။ ဥပါဒ်ဋ္ဌီဘင်တို့ဖြင့် အစဉ်မပြတ်နှိပ်စက်ညှဉ်းပန်း၍ ဖြစ်ခြင်း ပျက် ခြင်း ရှိရကား။ မမြဲသော အနိစ္စတရား။ဆင်းရဲခြင်း အစုတည်းဟူ သောဒုက္ခတရား။အလိုသို့မလိုက်။ အစိုးမရ။ အနှစ်သာရကင်းမဲ့

ခြင်းဟူသော အနတ္တ တရားမျှသာတည်း။ ထိုကြောင့် ဤသင်္ခါရက္ခန္ဓာကြီးသည်လည်း ငါ၏ကိုယ်ပိုင် ဥစ္စာ မဟုတ်ပါတကား။ ဤသင်္ခါရက္ခန္ဓာကြီးသည်၊ ငါဟုဆိုအပ်သော အထည်ဒြပ်မဟုတ်ပါတကား။ ဤသင်္ခါရက္ခန္ဓာကြီးသည်၊ ငါ, သူတပါး, မိန်းမ, ယောကျ်ား, ပုဂ္ဂိုလ်, သတ္တဝါ, ဟုဆိုအပ်သော အတ္တမဟုတ်ပါ တကားဟူ၍ဝိပဿနာပညာဉာဏ်ဖြင့်ဟုတ်တိုင်းမှန်စွာ ကြည့်ရှုဆင်ခြင်သုံးသပ်အပ်၏။ ။*သိမှု အစုတည်းဟူသော လောကီစိတ်ရှစ်ဆယ့်တခုဟု ဆိုအပ်သော ဝိညာဏက္ခန္ဓာသည်လည်း ဥပါဒ်ဋ္ဌီဘင်အားဖြင့် အမြဲမပြတ်မရပ်မနား။ ဖြစ်ခြင်းပျက်ခြင်းရှိရကား။ အမြဲမရှိသောအနိစ္စတရား။ဆင်းရဲအစုတည်းဟူသော ဒုက္ခတရား။ မိမိ၏အလိုသို့မလိုက်။ အစိုးရခြင်းမရှိ။ အနှစ်သာရကင်းမဲ့သော အနတ္တတရားစုမျှသာဖြစ်လေသောကြောင့်။ ဤဝိညာဏက္ခန္ဓာကြီးသည်ငါ၏ ကိုယ်ပိုင်ဥစ္စာမဟုတ်ပါတကား။ ဤဝိညာဏက္ခန္ဓကြီးသည်ငါဟုဆိုအပ်သော အထည်ဒြပ် မဟုတ်ပါတကား။ ဤဝိညာဏက္ခန္ဓာကြီးသည်၊ ငါ, သူတပါး, မိန်းမ, ယောကျ်ား, ပုဂ္ဂိုလ်, သတ္တဝါ, မဟုတ်ပါတကားဟူ၍သာလျှင် ဝိပဿနာတင်၍ အစဉ်မပြတ်ဟုတ်တိုင်းမှန်စွာသိအောင် ကြည့်ရှုဆင်ခြင်သုံးသပ်အပ်၏။ ဤကဲ့သို့ ပြဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့်။ ရူပက္ခန္ဓာ။ ဝေဒနာက္ခန္ဓာ။ သညာက္ခန္ဓာ။ သင်္ခါရက္ခန္ဓာ။ ဝိညာဏက္ခန္ဓာတည်းဟူသော ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို အနိစ္စ။ ဒုက္ခ။ အနတ္တဟူသောလက္ခဏာရေး သုံးပါးတို့ဖြင့် အဘန်တလဲလဲ ရှုဘန်များလတ်သော်။ အကြားအမြင်နှင့်ပြည့်စုံသော ပညာရှိအမျိုးကောင်းသားသမီးတို့သည်၊ ရူပက္ခန္ဓာဟုဆိုအပ်သောရုပ်တရားအစုဌ်မြဲခြင်းသဘောကို မမြင်မတွေ့ရ။ ချမ်းသာခြင်းသုခ သဘောကို မမြင်မတွေ့ရဘဲ မမြဲသောသဘော။ဆင်းရဲသောသဘော။ အနှစ်သာရကင်းမဲ့သော သဘော။ အလိုသို့မလိုက်တတ်သောသဘော။အစိုးမရခြင်းဟူသောသဘောတို့ကိုသာ အဘန်တလဲလဲမြင်ရတွေ့ရ

* မှတ်ရန်။ ။စိတ် ၈၉ ခုအလုံးစုံသည်- အနိစ္စ ဒုက္ခ အနတ္တချည်းဖြစ်သော်လည်း။ ဝိပဿနာတရားကို အားထုတ်သောသူတို့သည်။ မရအပ်သေးသော လောကုတ္တရာစိတ်ရှစ်ပါးကို ဝိပဿနာမရှုနိုင်ကြကုန်။ ထိုလောကုတ္တရာစိတ်တို့သည်။ ငြီးငွေ့ခြင်းနိဗ္ဗိန္ဒဉာဏ်ဖြစ်ကြောင်းလည်း မဟုတ်ကြကုန်။ ထိုကြောင့်လောကီစိတ်တို့ကိုသာ ဝိပဿနာရှုအပ်၏။

ရလေသောကြောင့် ရူပက္ခန္ဓာဟု ဆိုအပ်သော ရုပ်တရားတို့၌ ငြိးငွေ့ခြင်း။စက်ဆုပ်ရွံရှာခြင်းသဘောတို့သည်။ဘွားခနဲဘွားမနဲ ဖြစ်ပေါ်လာကုန်၏။ ဝေဒနာက္ခာ။ သညာက္ခန္ဓာ။သင်္ခါရက္ခန္ဓာ။ ဝိညာဏက္ခန္ဓာတို့၌လည်း။ ဤနည်းတူရှုဘန်များသဖြင့်ငြီးငွေ့ခြင်း စက်ဆုပ်ရွံရှာခြင်း သဘော တရား တို့သည် အသီးအသီးပေါ် ပေါက်လာကြလေ၏။ ရူပက္ခန္ဓာတရား၌ ငြီးငွေ့ခြင်းဖြစ်ပေါ်လာ ၍စက်ဆုပ်ရွံရှာခဲ့လျှင် ထိုရူပက္ခန္ဓာကြီးကို တပ်နှစ်သက်ခြင်း။မြတ်နိုးခြင်း။ ခင်မင်တွယ်တာခြင်းကို ပယ်သတ်၍ မတပ်မနှစ်သက် မမြတ်နိုးမခင်မင်တတ်သော အရိယာ မဂ်စိတ်သည် ဖြစ်ပေါ်လာ လေတော့သတည်း။ဤနည်းဖြင့် ရူပက္ခန္ဓာကြီးကိုအဟုတ်တကယ် မတပ်မက်မနှစ်သက် မမြတ်နိုးမခင်မင်ခဲ့ပါလျှင်။ ရူပက္ခန္ဓာကြီးမှ လွတ်မြောက်ခြင်းဖြစ်၏။ လွတ်မြောက်သည့်ရှိသော် ငါသည်ရူပက္ခန္ဓာကြီးမှ လွတ်မြောက်ပြီ။ ထွက်မြောက်ပြီ။ ရူပက္ခန္ဓာကြီးဟူသောနယ်မှ ငါသည်ကင်းလွတ်ပြီဟု အသိဉာဏ်သည် ဖြစ်ပေါ်လာလေတော့သည်။ ။

ဝေဒနာက္ခန္ဓာ။သညာက္ခန္ဓာ။သင်္ခါရက္ခန္ဓာ။ ဝိညာဏက္ခန္ဓာတို့၌လည်း။ဤနည်းတူသာလျှင် ဝေဒနာက္ခန္ဓာကို ငြီးငွေ့စက်ဆုပ်က တပ်မက်ခြင်းကင်းခြင်း။တပ်မက်ခြင်းကင်းက ဝေဒနာက္ခန္ဓာကြီးမှ ကင်းလွတ်၍ ငါသည်ဤဝေဒနာက္ခန္ဓာမှ ကင်းလွတ်ထွက်မြောက်ပြီဟုသိရခြင်း။ သညာက္ခန္ဓာ။ သင်္ခါရက္ခန္ဓာ။ ဝိညာဏက္ခန္ဓာတို့၌လည်း အသီးအသီးငြီးငွေ့စက်ဆုပ်ကအသီးအသီးသောခန္ဓာတို့ကိုတပ်မက်ခင်တွယ်ခြင်း ကင်းလေတော့သည်။ တပ်မက်ခင်တွယ်ခြင်းကင်းကြက ၎င်းခန္ဓာတို့မှလည်း လွတ်ကင်း ထွက်မြောက်ကြ၍။ ငါသည်ဤခန္ဓာနယ်တို့မှ ထွက်မြောက်ပြီ။ ကင်းလွတ်ပြီဟုသိသောဉာဏ်သည်အသီးအသီးဖြစ်ပေါ်လာကြကုန်၏။ ဤသို့ခန္ဓာငါးပါးရုပ်နာမ်တရားတို့မှ ထွက်မြောက်၍ ပိုင်ပိုင်ကြီးသိခဲ့သော်။ နောင်ဘဝ၌ ပဋိသန္ဓေနေခွင့်မရှိတော့ပြီ။ အဘယ့်ကြောင့်နည်းဟူမူကား၊ ပဋိသန္ဓေနေခြင်းဟူသည်။ ရုပ်တရား နာမ်တရားတည်းဟူသောခန္ဓာငါးပါးတို့၏ဖြစ်ပေါ်လာခြင်းပင်တည်း။ ငါးပါးသော ခန္ဓာမှ ထွက်မြောက်ပြီးသော ပုဂ္ဂိုလ်သည်။အသို့လျှင် ပဋိသန္ဓေ

နောင်ကိုနေရတော့အံ့နည်း။ခန္ဓာငါးပါးမှ ထွက်မြောက်လျှင်ပင် မြတ်သောအကျင့်တရားတို့ကိုကျင့်သုံး ပြီးသည်လည်း မည်လေတော့သည်။ မဂ်ဖိုလ်ရအောင် ကျင့်ရာသောကျင့်ဝတ်တရားအား လုံးတို့ကိုလည်း ကျင့်သုံးပြီးသည် မည်လေတော့သည်။ ကျင့်စရာ ကုန်၍မဂ်ကိစ္စအလို့ငှါ နောက်ထပ်ကျင့်စရာ မရှိတော့ပြီဟူ၍ ပစ္စဝေက္ခဏာဉာဏ်ဖြင့်သိလေ၏။

ကုလပုတ္တဖြစ်ကုန်သော အမျိုးကောင်းသား၊ အမျိုးကောင်း သမီးတို့သည်။ ဤဆိုအပ်ခဲ့ပြီးသောခန္ဓာငါးပါး၏ သရုပ်အဓိပ္ပါယ်နှင့်ဝိပဿနာရှုနည်းတို့ကိုမမေ့မလျော့နေ့ညမှန်စွာလေ့လာအား ထုတ်၍။ဝဋ်ဘဝတိုတို့နှင့်မဂ်ဖိုလ်နိဗ္ဗာန်ကိုရကြပါစေသတည်း။

## ၄။ ။ပရမတ်နှင့်ပညတ်ကိုခွဲခြားပုံ။

ပရမတ်တရားနှင့် ပညတ်တရားနှစ်ပါးတို့တွင် ပရမတ်တရား ဟူသည်ကား။ပရမော ဥတ္တမော အဝိပရိတော အတ္ထော။ ပရမဿ ဝါ ဥတ္တမဿ ဉာဏဿ အတ္ထောဂေါစရောတိ ပရမတ္ထော ဟူ သော ဋီကာကျော်နှင့်အညီ။မဘောက်မပြန် မြတ်သောသဘော ဟုဆိုအပ်သောအနက်။ မြတ်သောသဗ္ဗညုတ ရွှေဉာဏ်တော်၏ ကျက်စားရာ သက်ဝင်ရာ အာရုံဟူသော အနက် တို့ကြောင့် ပရ မတ်မည်၏။ ။အနက်ကား။ ။ပရမော ဥတ္တမော အဝိပရိတော မဘောက်မပြန် မြတ်သောသဘောဟု ဆိုအပ်သော။ အတ္ထော။ အနက်တည်း။ ဝါ။ တနည်းကား၊ပရမဿ ဥတ္တမဿ။မြတ်သော။ ဉာဏဿ။ သဗ္ဗညုတ ရွှေဉာဏ်တော်၏။ အတ္ထောဂေါစရော။ ကျက်စားရာ သက်ဝင်ရာ ဖြစ်သော အာရုံတည်း။ ဣတိတသ္မာ။ ထိုနှစ်ပါးသော သတ္တိဂုဏ်ထူးတို့ကြောင့်။ ပရမတ္ထော။ ပရမတ္ထ တရားမည်၏။ ။ထိုပမတ္ထသဘောတရားတို့သည်။ စိတ်၊ စေတ သိက်၊ရုပ်၊နိဗ္ဗာန်၊ဟူ၍ လေးပါး အပြားရှိကုန်၏။ ထိုလေးပါးတို့ တွင် စိတ်သည် အာရုံကိုသိခြင်းဟူသော အာရမ္မဏ ဝိဇာနန လက္ခဏာအားဖြင့် တပါးသာဖြစ်ငြားသော်လည်း။ သရုပ် အ ရေအတွက်အားဖြင့် အကျဉ်းနည်း ရှစ်ဆဲ့ကိုးပါး။ အကျယ်နည်း တရာ့နှစ်ဆဲ့တပါး အပြားရှိ၏။ စေတသိက် တရားသည်လည်း

စိတ်နှင့်ယှဉ်စပ်၍ စိတ်ကိုအမှီပြု၍သာ ဖြစ်ခြင်းဟူသော လက္ခဏာအားဖြင့် တပါးသာ။ အကျယ်အားဖြင့် သော်ကား။ ဖဿစေတသိက်,ဝေဒနာစေတသိက်,စသော မိမိတို့၏သဘော အားဖြင့် ငါးဆဲ့နှစ်ပါးအပြားရှိ၏။ရုပ်သည်လည်း အချမ်းအပူစသော အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်ခြင်းဟူသော လက္ခဏာအားဖြင့် ပေါင်းသော်။ အကျယ်အားဖြင့် သော်ကား ရုပ်နှစ်ဆဲ့ရှစ်ပါးရှိ၏။နိဗ္ဗာန်သည်ကား ရာဂစသည်မှ ငြိမ်းချမ်းရာဟူသော သန္တိလက္ခဏာအားဖြင့် တပါးသာ ဖြစ်ငြားသော်လည်း။ အကြောင်း၏ပရိယာယ်အားဖြင့် ခန္ဓာငါးပါးအကြွင်းရှိသေးသော သဥပါဒိသေသနိဗ္ဗာန်။ ခန္ဓာငါးပါးအကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာန်ဟူ၍ နှစ်ပါး။ အခြင်းအရာတို့၏ အပြား အားဖြင့် (၁) အလုံးစုံသော သင်္ခတတရားတို့မှ ဆိတ်သော သုညတနိဗ္ဗာန်။ (၂) အလုံးစုံသော သင်္ခတ တရားဟု ဆိုအပ်သော နိမိတ်အာရုံမရှိသော အနိမိတ္တနိဗ္ဗာန်။ (၃) တဏှာဟု ဆိုအပ်သော တောင့်တသောတရားမရှိသော အပ္ပဏိဟိတနိဗ္ဗာန်ဟူ၍ သုံးပါးအပြားရှိ၏။

ပညတ်တရားသည်လည်း အပြားအားဖြင့် သိစေအပ်သော အတ္ထပညတ်။ အပြားအားဖြင့် သိစေတတ်သော သဒ္ဒပညတ် အားဖြင့်နှစ်ပါရှိ၏။ထိုနှစ်ပါးတို့တွင် အတ္ထပညတ်သည် ရုပ်နာမ်တရားတို့၏ ပေါင်းဆုံကာမျှဖြစ်ခြင်း။အစီအစဉ်ဖြစ်ကာမျှဖြစ်ခြင်း စသောအခိုက်အတန့်တို့ကို အမှီပြု၍ဖြစ်၏။ ဖြစ်ဟန်ကား ပထဝီစသော မဟာဘုတ်ရုပ်တရားတို့၏အစီအစဉ်မပြတ်ဖြစ်ကာမျှသာ ဖြစ်သောမြေကြီး။ တော။ တောင်။ သမုဒ္ဒရာစသော သဏ္ဌာနပညတ်၊အဆောက်အဦ ကိရိယာတန်ဆာ တို့၏ ပေါင်းဆုံဖွဲ့စည်းကာမျှဖြစ်သော အိမ်။ လှေ။ လှည်း။ မြို့။ ရွာ။အဝတ်စသော အပေါင်းသမူဟပညတ်။ နေလနက္ခတ်တို့၏လှည့်လည်ခြင်းကို အစွဲပြု၍မှည့်ခေါ်အပ်သော အရှေ့။အနောက်။တောင်။မြောက်တည်းဟူသောအရပ်မျက်နှာ ဒိသာပညာတ်။နံနက်ညနေစသောကာလပညတ်။ တန်ခူးကဆုန်စသော မာသပညတ်။ မထိပါးအပ်သော အခြင်းအရာမျှကို အစွဲပြု၍ မှည့်ခေါ်အပ်သော တွင်း၊ ဂူ၊ လိုဏ်

စသော ကောင်းကင်အာကာသပညတ်။ ခန္ဓာငါးပါးမျှကိုအစွဲ
ပြု၍ မိန်းမ။ ယောကျ်ား။ လူကလေး။မိန်းကလေး။ကျွဲ။နွား။ဆင်။
မြင်းစသော ဇာတိပညတ်စသော များ စွာသောပညတ်တို့သည်
ကား ပရမတ္ထ အားဖြင့် ထင်ရှား မရှိကြချေ။ သို့သော်လည်း
ပရမတ္ထတရား၏ အရိပ်အရောင်အတု အခြင်းအရာမျှကို အစွဲပြု
၍ လူတို့သည် ခေါ်ဝေါ်သမုတ်အပ်၏။ ထိုသို့ခေါ်ဝေါ်သမုတ်
ပညတ်အပ်သည့်အတိုင်း။ လူတို့ကို အနက်အားဖြင့် သိစေအပ်
သောကြောင့် အတ္ထပညတ် မည်ကုန်၏။ ၎င်းအတ္ထပညတ်သည်
လောက ဝေါဟာရကိုလိုက်၍ အရေအတွက် အပိုင်းအခြားမရှိ
များလှစွာ၏။ ။အနက်ကို အပြားအားဖြင့် သိစေတတ်သော
ပညတ်သည် သဒ္ဒပညတ်မည်၏၊ ၎င်းသဒ္ဒပညတ်သည်အနက်ကို
သိစေတတ်၏ ဆိုငြားသော်လည်း တစုံတယောက်သောသူက
ပြောဆိုသော စကားကို နာခံသောသူက မကြားခဲ့သော်၎င်း။
ရှေးအထက်က တင်ကြို၍ ဤသဒ္ဒါသည် ဤအနက်နှင့် စပ်၏ဟု
ပိုင်းခြားမှတ်သားခြင်း မရှိသော်၎င်း အနက်ကို မသိစေတတ်။
ဥပမာသော်ကား။ ရန်ကုန်မြို့မှနေ၍ တစုံတယောက်သောသူက
“ယောကျ်ား”ဟု မြွက်ကြားပြောဆိုသော အသံကို သဒ္ဒပညတ်
သည် မန္တလေးမြို့၌ နေသောသူ မကြား သော ကြောင့်။
‘‘ယောကျ်ား၏ခန္ဓာပဉ္စကဖြစ်’’ဟူသော အနက်ကိုမသိနိုင်လေ။
ထိုနည်းအတူ၎င် “ယောကျ်ား”ဟူသောသဒ္ဒပညတ်ကို ဤသဒ္ဒါ
သည် ဤအနက်၌စပ်၏။ ဤအနက်ကိုဆိုလို၏ဟူ၍ တင်ကြို၍သိ
နှင့်ခြင်းမရှိသော နိုင်ငံခြားသား မြန်မာစကားနားမလည်သော
တရုပ်။ ကုလား။အင်္ဂလိပ် စသည်တို့အား “ယောကျ်ား၏ ခန္ဓာ
ကိုယ်ဖြစ်”ဟူသောအနက်ကိုမသိစေတတ်လေ။ထိုကြောင့်ရကား
အင်္ဂါနှစ်ပါးရှိမှသာလျှင် သဒ္ဒပညတ်တည်းဟူသော အသံသည်
အတ္ထ ပညတ်တည်းဟူသော အနက်ကို သိစေနိုင်၏ဟု မှတ်ရာ
၏။ ။ထိုသဒ္ဒပညတ်သည်ပရမတ္ထအားဖြင့်ထင်ရှားရှိ၍ အနက်
ကိုသိစေတတ်သော ဝိဇ္ဇမာနပညတ်။ပရမတ္ထအားဖြင့် ထင်ရှား
မရှိ၍အနက်ကိုသိစေတတ်သော အဝိဇ္ဇမာနပညတ်။ပရမတ္ထအား
ဖြင့်ထင်ရှားရှိ၍ ပရမတ္ထအားဖြင့်ထင်ရှားမရှိသည်ကိုသိစေတတ်

သော ဝိဇ္ဇမနေန အဝိဇ္ဇမာနပညတ်။ ပရမတ္ထအားဖြင့် ထင်ရှား မရှိမူ၍ ပရမတ္ထအားဖြင့်ထင်ရှားရှိသည်ကို သိစေတတ်သော အဝိဇ္ဇမာနေနဝိဇ္ဇမာနပညတ်။ပရမတ္ထအားဖြင့်ထင်ရှားရှိ၍။ ပရမတ္ထအားဖြင့်ထင်ရှားရှိသည်ကို သိစေတတ်သော ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် ပရမတ္ထအားဖြင့် ထင်ရှားမရှိမူ၍ ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ကိုပင် သိစေတတ်သောအဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။ အားဖြင့် ခြောက်ပါးအပြားရှိ၏။ ထိုခြောက်ပါးတို့တွင် ရုပ်။ဝေဒနာ၊ ဖဿ။သညာစသည်တို့သည် ပရမတ္ထအားဖြင့် ထင်ရှားရှိကြ၍ အနက်ကိုသိစေတတ်သော ဝိဇ္ဇမာနပညတ်မည်၏။မြေကြီး။တော။တောင်။လူ။ဆင်။မြင်း စသည်တို့သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိမူ၍ အနက်ကို သိစေတတ် သောကြောင့် အဝိဇ္ဇမာနပညတ်မည်၏။ လောဘကြီးသောလူ။ ဈာန်ရသောသူ စသောပညတ်တို့သည် လောဘ။ ဈာန်တို့ ပရမတ္ထအားဖြင့် ထင်ရှားရှိ၍ ပရမတ္ထအားဖြင့်ထင်ရှားမရှိသောလူ။သူဟူသောအနက်ကို သိစေတတ်သောကြောင့် ဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်မည်၏။မိန်းမ၏အသံ။ကျား၏အနံ့ဟူသည်တို့ကား။ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မိန်းမ။ကျားသတ္တဝါတို့ဖြင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသောအသံဟူသောသဒ္ဒါရုံ။ အနံ့ဟူသောဂန္ဓာရုံ။ ရုပ်တရား တို့ကို သိစေသောကြောင့် အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်မျိုးမည်၏။စက္ခုဝိညာဏ်။ သောတဝိညာဏ်။ စသည်တို့သည် ပရမတ္ထအားဖြင့်ထင်ရှားရှိသော စက္ခုပသာဒ။သောတပသာဒတို့ဖြင့်ပရမတ္ထအားဖြင့်ထင်ရှားရှိသော ဝိညာဏ်တရားကို သိစေ သောကြောင့် ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်မျိုး မည်၏။ ရန်ကုန်မြို့သား။ ကျောင်းဆရာ စသည်တို့သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ရန်ကုန်မြို့။ ကျောင်းတို့ဖြင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော သား။ ဆရာဟူသောအနက်တို့ကို သိစေတတ်သောကြောင့် အဝိဇ္ဇမာနေန.အဝိဇ္ဇမာနပညတ်မျိုးမည်၏။တပါးသော ပြယုဂ်သက်သေ တို့ကိုလည်း မိမိဉာဏ်စွမ်း အလျောက်ဘုတ်ဆောင်ကြလေ။ဤကား ပညတ်၏သဘောတည်း။

ပရမတ်တရားသည် မြတ်စွာဘုရားသခင်၏ ရွှေဉာဏ်တော် ကျက်စားရာ သက်ဝင်ရာအာရုံဖြစ်သည်ဟူရာ၌ ပရမတ္ထတရားတို့၏ မည်မျှလောက်နက်နဲ့သိမ်မွေ့သည်ကို ရွှေဉာဏ်တော်ဖြင့်သာ ပိုင်းခြားနိုင်၏။ပုထုဇန်တို့သိမြင်ကြခြင်းကား အနည်းငယ် သုတမယမျှသာတည်း။ အာနန္ဒာစသောငါးကြီးတို့သည် ချောင်းငယ်။ မြစ်ငယ်တို့၌ ကျက်စားခွင့်မသာဘဲ။ မဟာသမုဒ္ဒရာ၌သာ ကွန့်မြူး ပျော်ပါးခွင့်ရနိုင်ဘိသကဲ့သို့။ မြတ်စွာဘုရားသခင်တို့သည်လည်း အနန္တနယဖြစ်သော ပဋ္ဌာန်းကျမ်းကြီးတို့၌သာ ပရမတ္ထသဘော တရားတို့ကိုဆင်ခြင်၍ ရွှေဉာဏ်တော် ကွန့်မြူးခွင့် ရကြကုန်၏။ ပညတ်တရားတို့၌ ရွှေဉာဏ်တော် ကျက်စား ကြွားသော်လည်း ပရမတ်၌လောက်မထင်ရှားလှချေ။ဆိုလိုရင်းကား။ပရမတ်တရားသည် ဉာဏ်တော်၏အရာသာဖြစ်၍။ပညတ်တရားမူကား ဉာဏ်တော်ကျက်စားသည်လည်း ရှိ၏။ မကျက်စားသည်လည်း ရှိ၏။ မြတ်စွာဘုရားသခင်တို့မည်သည် အလုံးစုံသော ကာယကံမှု၊ဝစီကံမှု၊မနောကံမှုတို့၌ ဉာဏ်တော် အဆင်အခြင် ကင်းသဖြင့် ပြုလုပ်လေ့ ရှိတော်မမူချေ။ လူတို့မူကား ပညတ်တရားကို ဉာဏ်ယှဉ်၍ ရှုသည်လည်းရှိ၏။ဉာဏ်မယှဉ်မူ၍ပြုလုပ်သည်လည်းရှိ၏။ ကေသာ,လောမာ, စသောဒွတ္တိံသာကာရပညတ်တရားစုကို အနိစ္စ။ဒုက္ခ။အနတ္တဟုဝိပဿနာရှုသောပုဂ္ဂိုလ်တို့သည်ဆံပင်စသည်ကို ဉာဏ်နှင့်ယှဉ်၍ရှုသည်မည်၏။ တိရစ္ဆာန်သတ္တဝါ ခွေး၊ဝက်၊ ကြက်၊ငှက်တို့သည် မိမိတို့၏အစာအာဟာရစသော ပညတ်စုကို ကြည့်ရှုရာ၌ ဉာဏ်ယှဉ်သည် ဟူ၍မရှိချေ။ လောလုပ္ပတဏှာ၏ အစွမ်းဖြင့်သာကြည့်ရှုကြ၏။ ယင်းသို့ဖြစ်ရကား ရခဲလှစွာသော မနုဿဒုလ္လဘကိုရကြကုန်သော အမျိုးကောင်းသားသမီးတို့သည် ပရမတ်တရားနှင့်ပညတ်တရားတို့၌ ဉာဏ်သက်ဝင်၍ ဝိပဿနာဉာဏ်အမြင်သန်ကြပြီးလျှင် မဟာ အသင်္ခတဓါတ် မြတ်လှ စွာသော နိဗ္ဗာန်ကို ရရာရကြောင်း တရားကောင်း တို့ကို။ မမှား မစောင်းစေဘဲ ကောင်းစွာအားထုတ်ကြရာသတည်း။

ဒသမတန်းဗုဒ္ဓဘာသာသင်ခန်းစာပြီး၏။

G.B.C.P.O.—No. 221, D P I., 1-5-1940—15,000—A